www.burmeseclassic.com

# အရိုး
# Cupid 13

လုံးချင်းဝတ္ထုသစ်

BURMESE CLASSIC .com



design Antt Bwere ZIn

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| မျက်နှာဖုံးဒီဇိုင်း | ♦ အံ့ဘွယ်ဇင် |
| ထုတ်ဝေသည့်လ | ♦ ၂၀၁၂ ခုနှစ်၊ ဇွန်လ |
| ထုတ်ဝေခြင်း | ♦ ပထမအကြိမ် |
| အုပ်ရေ | ♦ ၅၀၀ |
| ထုတ်ဝေသူ | ♦ ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)<br>၃၆၀ ဗိုလ်အောင်ကျော်လမ်း။ ရန်ကုန် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | ♦ Color King |
| တန်ဖိုး | ♦ ၂၀၀၀ ကျပ် |
| ဖြန့်ချိရေး | ♦ ရသစာအုပ်တိုက်<br>ဖုန်း ၀၉ ၅၄၀၉၃၂၂<br>၀၉ ၄၉၂၂၀၉၃၉ |

''ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း'' (CIP)

၈၉၅.၈၃

အရိုး

Cupid 13 / အရိုး။

- ရန်ကုန် ၊ ပန်းဝေဝေစာပေ၊ ၂၀၁၂။

(၁၈၆) စာ၊ ၁၃.၅ × ၂၀.၅ စင်တီ။


BURMESE CLASSIC .com

# အရိုး

# Cupid 13

www.burmeseclassic.com

www.burmeseclassic.com

ကောင်လေး တစ်ယောက် ရှိတယ်
ထူးထူးဆန်းဆန်း
အတောင်ပံလေးတွေ တန်းလန်းပါသတဲ့
သူ့ လက်ထဲမှာ လေးနဲ့မြား
အားအားယားယား လျှောက်ပစ်တတ်တယ် ဆိုပဲ။
အားလုံးသိပါတယ်
သူ့နာမည် Cupid
ချစ်မြားရှင်စစ်စစ်တဲ့ ...
မသိကြတာ တစ်ခု ရှိတယ်
သူ့မှာ မြားဆယ့်သုံးချောင်းပဲ ရှိသတဲ့ ...
နောက်ဆုံးမြားဟာ ...
အရာရာ လွဲမှားနေတတ်တယ် ဆိုလား။
ဟုတ်တယ်
အဲဒီ မြားပဲပေါ့ ...။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မြားနံ့ပါတ် ၁
# (စတင်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၁)

ကျော်နေသည် လူသတ်ချင်နေလေ၏။

ကျော်နေ လူသတ်ချင်နေခြင်းမှာ အခြားသူကို သတ်ချင်နေခြင်း မဟုတ်။ သူ့ကိုယ်သူ သတ်ချင်နေခြင်း ဖြစ်၏။

BURMESE CLASSIC .com

ကိုယ့်ဗိုက်ကိုယ် အစိုးမရဟူသော ကိစ္စကို အသက်နှစ်ဆယ့်သုံးနှစ်ခွဲ ရှိသည်အထိ သေချာသိထားပါလျက်နှင့် အမွှေးမွှေးအလှော့လှော့ အမြဲထားကာ မနက်က ရခိုင်မုန့်တီသုပ် တစ်ပွဲနှင့် အရည်တစ်ပွဲ ကျကျနန ဟဲလိုက်မိ၏။ စားသောက်ပြီးတော့ ကောင်းသားဟဟုပင် မြည်တမ်းမိသေးသည်။ ဗိုက်ထဲသို့ ထည့်၍ထားမိသော ထိုကိစ္စများကား ယခု တစခန်းထကြလေပြီ။

ဗိုက်ဆံလာထုတ်သူတိုင်း ကျကျနန ခဏထိုင်စောင့်ရတတ်သည့် ပုဂ္ဂလိကဘဏ်တစ်ခုထဲတွင် ကျော်နေရောက်၍နေခြင်း ဖြစ်၏။ အားလုံးသည် အေးအေးချမ်းချမ်း တိတ်တိတ်ဆိတ်ဆိတ်။ သူ တစ်ယောက်သာ ဂနာမငြိမ်ဖြစ်၍ လာခြင်း ဖြစ်၏။

ပထမတော့ သူများနည်းတူ ခုံတန်းလျားတွင် ထိုင်လျက် သူ့နာမည် အခေါ်ကို စောင့်နေ၏။ အားနေသူများ ထုံးစံအတိုင်း ဟိုဟိုသည်သည် လျှောက်ကြည့်နေလေသည်။ ခေတ္တစောင့်ဆိုင်းနေရသော customer များအတွက် အပျင်းပြေစေရန် နံရံတွင် ချိတ်ဖြင့်ဆွဲဖောက်ထားသော TV တွင် BBC မှ ထိပ်ပြောင်ပြောင် ငနဲတစ်ယောက်က သတင်းများကြေညာ



www.burmeseclassic.com

www.burmeseclassic.com



နေလေ၏။ ကျော်နေ သိပ်စိတ်မဝင်စား။ TV မှ အကြည့်လွှဲကာ သူတို့အလုပ် သူတို့လုပ်နေကြသော ကောင်တာမှ ကောင်မလေးများကို ကြည့်၏။ ဘဏ်ပိုင်ရှင်သည် အတော်ပင် စိစိစစ်စစ် ရွေးချယ်ခန့်ထားပုံရ၏။ ကောင်မလေးများမှာ အားလုံး ချောချောလေးတွေ။ သူတို့ဆိုင်ရာအလုပ်ကို သူတို့ဟာသူတို့ စယ်ဆက်သလို လုပ်နေကြ၏။ ကျော်နေ သူတို့ထံမှ အကြည့်လွှဲကာ အဝင်အထွက် မှန်တံခါးကြီး အပြင်ဘက်မှ လှမ်းမြင်နေရသော ပလက်ဖောင်းနှင့် လမ်းမကို ငေးမိပြန်၏။

ကားများ ဥဒဟို သွားလာနေကြလေသည်။ ဘတ်စ်ကားကြီးများ၊ ကိုယ်ပိုင်ကားများ၊ တက္ကစီများ။

ကားအသစ်များပေါ်တွင် ကျော်နေ မမြင်ဖူးသော လူအသစ်များ မောင်းနှင်သွားကြ၏။ ကားအဟောင်းများပေါ်တွင် လူအဟောင်းအချို့ကို ကျော်နေ တွေ့၏။ အများသုံးကားများပေါ်တွင် အများသုံးလူများ လိုက်ပါသွားသည်ကို တွေ့ရပြီး အငှားကားများပေါ်တွင် အငှားလူအချို့ လိုက်ပါသွားသည်ကိုလည်း တွေ့ရ၏။ ဒီအတွေး မဆိုးပါလားဟ၊ အပျင်းပြေဝတ္ထုတိုလေးရေးရ ကောင်းသားဟု ရောက်တတ်ရာရာ လျှောက်တွေးနေစဉ် ကျော်နေအတွက် မရှေပလေသော ဇီလိန်ဝင်လေသည်။ အခြားမဟုတ်။ ချွေးသားအုပ်မဟု ယူဆ၍ ရလေသော လမ်းဘေးချွေးမလေး တစ်ကောင်တည်း။

ခွေးမလေးသည် ပလက်ဖောင်းအတိုင်း လျှောက်လာပုံရ၏။ ကျော်နေ၏ မြင်ကွင်းထဲသို့ ရောက်လာသောခဏ၌ ခွေးမလေးသည် နောက်ခြေနှစ်ဖက်ကို အတန်ငယ် ပြုပြင်ကာ အီအီးပါချလေတော့၏။ ကျော်နေသည် မရည်ရွယ်ဘဲ ထိုကိစ္စကို သွားကြည့်ပြီးနောက် သူ့ကိုယ်သူ သတ်ချင်သောကိစ္စ စတင်လာတော့၏။

ခွေးမလေးသည် သူ့အန္တရာယ် သူ ရှင်းပြီးနောက် ပေါ့ပါးစွာ ဆက်ထွက်သွား၏။ သို့သော် အန္တရာယ်မှာ ပေါ့ပါးမသွားဘဲ ကျော်နေထံသို့ ကူးလေ၏။

ခွေးအီအီးပါတာ သွားကြည့်မိသဖြင့် ကျော်နေ၏ ဗိုက်မှာ ငွီခနဲ မြည်ကာလာ၏။ ကျော်နေ ကိုယ်တိုင် လန့်ကာသွားသလို ဘေးနားကပ်





ထိုင်နေသော ခပ်ဖိုင့်ဖိုင့်လူကြီးမှာလည်း ဂျာနယ်ဖတ်နေရင်းက ကျော်နေကို မသင်္ကာသလို ကြည့်၏။ ထိုအခိုက် ကောင်တာမှ ခေါ်သံ ကြားရလေသည်။

'ကိုကျော်နေမင်းဆောင်'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

ကျော်နေ ကောင်တာသို့ ထသွားခိုက် ခပ်ဖိုင့်ဖိုင့်လူကြီးမှာ သူဖတ်နေသော ဂျာနယ်နှင့် သူ့နှာခေါင်းသူ ယပ်ခတ်ကာ ကျန်ခဲ့၏။ ကျော်နေ ပြုံးမိလေသည်။ ထိုလူကြီးမှာ သူ့ဟာသူ အီးပေါက်မိသည်ကို ကျော်နေ ပေါက်သည်ဟု အထင်ရောက်စေရန် အမူအရာများဖြင့် အခြားသောသူများ၏ အမြင်အထင်များအတွက် ကာကွယ်နေခြင်း ဖြစ်တော့သည်။ လူတွေက ဒီအတိုင်းပါပဲ။ ရှိစေတော့။

ကိုယ့်ဒုက္ခနှင့်ကိုယ်ဖြစ်၍ ဘဏ်မှ ထုတ်ပေးသော ငွေများကို အကြမ်းဖျင်းအားဖြင့်သာ စိစစ်လက်ခံပြီး ဘဏ်အပြင်သို့ ကျော်နေ ထွက်လာ၏။ စိတ်ထဲတွင် အခြားမရှိ။ အိမ်မြန်မြန်ပြန်၍ ကိုယ့်ကိစ္စ ကိုယ်ရှင်းရန်သာ တစ်ခုတည်း စဉ်းစားနေမိသည်ဖြစ်၍ ဘဏ်မှ ပေးလိုက်သော ကြွပ်ကြွပ်အိတ်ထုပ်လေး ပိုက်၍ တက္ကစီငှားလေ၏။ ဗိုက်ထဲမှ ကိစ္စကား ကျော်နေအား အတော် အရေးဆို၍ နေလေပြီ။ ဘဏ်ထဲ ပြန်ဝင်ရ ကောင်းမလားဟု တွေး၏။ နောက်မှ မထူးတော့ပါဘူး။ အိမ်ရောက်တဲ့အထိ အောင့်ထားလိုက်တာပဲ ကောင်းပါတယ်ဟု အတင်းယူဆကာ လက်တစ်ချောင်း တန်း၍ ကားယားကားယားနှင့် တက္ကစီ တားလေ၏။

စုတ်တီးစုတ်ဖတ် တက္ကစီတစ်စီး ကျော်နေရှေ့ လာရပ်၏။ မောင်းသူမှာ ခပ်ငယ်ငယ် ပိန်စောက်စောက်။ အရိုးများသလေး ချေးခါးသလေး မရွေးနိုင်သော အခြေအနေတွင် ဖြစ်ရကား ကျော်နေမှာ တောင်းသလောက် ပေး၍ နောက်ခန်းတွင် တက်ထိုင်လေ၏။ တက္ကစီသမားတောင်းသော ဈေးမှာ မတန်ဟု ထင်သော်ငြား ကျော်နေမှာ ကိုယ့်ဗိုက်ကိုကိုယ် ဓားနှင့်ထိုးချင်နေစိတ်များရကား အောင့်သက်သက်ဖြင့် လိုက်ရလေ၏။ ထိုအခိုက်တွင် ...

နောက်မှ ကားများ လာနေသေးသဖြင့် ထွက်ရန် စောင့်၍ နေရသော



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီပေါ်သို့ လူတစ်ယောက် ခုန်တက် ရောက်ရှိလာလေသည်။ တီတီဝဝ ဆိုရသော် ကောင်မလေးတစ်ယောက် ဖြစ်၏။

'မာ .. မာ .. မောင်း မောင်း ... မောင်း'

နဝိုတတည်းက ဟျာယီးဟျာယာ ဖြစ်၍နေသော ကျော်နေ ငှားသည်တို့ လက်ခံပြီးသည့် တက္ကစီဒရိုင်ဘာသည် နောက်တစ်ယောက်က ရေကြီးသုတ်ပျာ တက်လာပြီး အတင်းမောင်းခိုင်းသောအခါ၌ နောက်ကိစ္စ နောက်မှရှင်းဟု သဘောထားလေသည့်အလား ကားကလေးမှာ ရှူးခနဲထွက်၍ သွားတော့၏။ ကျော်နေသည် သူ့ကိုယ်သူထက် ဘယ်သူ့ကို သတ်ရမှန်းမသိသော အခြေအနေသို့ ရောက်ရှိသွားလေတော့၏။



ချာတိတ်ကလေးဟာ

သူ့တောင်ပံလေးတွေ အားကိုး
သူ့ လေးမြားလေးတွေ အားကိုးနဲ့
လူတွေကို ကျီစယ်တတ် ဆိုပဲ
ကဲ ...
ဘယ်မြားက ဘယ်နေရာ စိုက်မလဲ
အကဲဖမ်းရ
သိပ်တော့ မရဲလှပေဘူးဗျနော် ...။



www.burmeseclassic.com

www.burmeseclassic.com

စားနံပါတ် ၂
(ပတ်သက်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## (၂)

မောင်းလာရင်း လမ်းတစ်လျှောက် တက္ကစီသမားသည် အတော် စဉ်းစားလေ၏။

ယောက်ျားလေးလုပ်သူက မျက်နှာကြီးနီလျက် ချွေးသီးချွေးပေါက် များနှင့် အံကြိတ်ကာ တောင့်တောင့်ကြီးလိုက်၍ လာ၏။

မိန်းကလေးကလည်း ကားပေါ်ရောက်ကတည်းက ဘာတစ်ခွန်း မှ မပြောမဆို။ လက်နှစ်ဖက်နှင့် မျက်နှာကို အုပ်ကာ ငို၍သာ နေ၏။ တစ်ခါတစ်ရံ သူ့ဒူးပေါ် သူ့မျက်နှာ မှောက်ချကာ တအင့်အင့်နှင့် ရှိုက်၍ နေပြန်သေး၏။ ကားသမား အမြင်အရ ဤကိစ္စသည် သိပ်အဆင်မပြေ။ မတော် တစ်ခုခု အမှုပတ်နေမှဖြင့် ဒုက္ခ။ မေးစမ်းကြည့်မှ အနည်းငယ် စဉ်းစားဖွယ်ရာ ရပေမည်။ ထို့ကြောင့် …

မောင်းနေရင်းနဲ့မှ နောက်မှန်က တစ်ဆင့် ကြည့်ကာ စကားစ ကြည့်၏။

'ဟိုအစ်ကို'

ချွေးသီးချွေးပေါက် ကျ၍နေလေသော ကြွပ်ကြွပ်အိတ်တစ်ထုပ် ပိုက်ထားသည့်ငနဲမှ မထူးချင်ထူးချင် ပြန်ထူး၏။

'ဘာလဲဗျ'

ပြန်ထူးဖော်ရသည့်အတွက် တက္ကစီသမား အားတက်ကာ မောင်း နေရင်း မေး၏။

'ဟို … အစ်ကိုတို့ အဆင်ပြေကြရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



ငနဲ့ ဈာတ်မောင်ကုတ်၍သွားသည်ကို နောက်ကြည့်မှန်မှ တစ်ဆင့် မြင်ရ၏။ သို့သော် သိပ်စဉ်းစားပုံ မရ။ ချက်ချင်း ပြန်ဖြေ၏။

'သိပ်အဆင်မပြေဘူး၊ ကျွန်တော် ပြောထားတဲ့နေရာကိုသာ မြန်မြန်ရောက်အောင် မောင်းဗျာ၊ ကျွန်တော့်ကိစ္စ ကျွန်တော် ရှင်းမယ်'

အိုကေ။ တစ်ယောက်တော့ စိတ်ချသွားနိုင်ပြီ ဖြစ်သည်။ ကျန် တစ်ယောက်ကရော။ ကားထဲတွင် ခေတ္တတိတ်သွားပြီးနောက် မီးပွိုင့်တစ်ခု အရောက်တွင် ဒရိုင်ဘာစကားသံ ပေါ်လာပြန်၏။

'အစ်မ အဆင်ပြေရဲ့လား'

ပြန်ပြောသံ တစ်ခွန်းမှ မကြားရ။ ရှိစေတော့။ အလျင်စလို နိုးရာ လိုက်လာကြရသည်ဟု ဒရိုင်ဘာ ယူဆလိုက်၏။ ကားမောင်းနေရင်း သူ့ မိန်းမ သူ နိုးပြေးခဲ့သည်ကို သတိရ၏။ ဒရိုင်ဘာသည် သူ့ဟာသူ တစ်ချက် ပြုံးလေ၏။ ပြီးတော့ သူ့ဟာသူ ပြောသလိုလိုနှင့် ပြောလေသည်။

'ဒါမျိုးက ဒီလိုပါပဲ အစ်မလေးရာ၊ နောက်တော့လည်း အေးသွားတာပါပဲ'

ပြောပြီး နောက်ကြည့်မှန်က တစ်ဆင့် နှစ်ယောက်လုံးကို အကဲခတ်၏။ ငနဲမှာ မျက်နှာကြီး နီ၍ ချွေးများထွက်ကာ တောင့်တောင့်ကြီးပါလျက်။

ကောင်မလေးမှာ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ရင်း ခါးကိုင်း ၍ သူ့ဒူးလေး နှစ်လုံးပေါ် သူ့မျက်နှာနှင့် လက်နှစ်ဖက်တင်ကာ တသိမ့်သိမ့် ရှိုက်ငိုလျက်။



## (၃)

ကိုယ့်ဟာကိုယ် တစ်ယောက်တည်း အရေးကြီးနေပါသည်ဆိုမှ အပေါက်အလမ်း မတည့်သောကိစ္စ လာဖြစ်နေ၏။

အားကိုးရာ အိမ်သာကို မျက်စိထဲ မြင်ယောင်လျက် ခြောက်ထပ် တွင်ရှိသော ကိုယ့်ကန်ထရိုက်တိုက်နားကိုယ် ပြေးလာစဉ်တွင် လှေကား တံခါး သော့ခတ်၍ထားသည်ကို ကြုံနေလေ၏။ ခါတိုင်း အမြဲတမ်း ဟောင်းလောင်းဖွင့်ထားတတ်သော တံခါး ဒီနေ့ကျမှ ထူးထူးဆန်းဆန်း လာပိတ်ထားသည်မှာ အိမ်သာကို ပန်းတိုင်အဖြစ် အလောတကြီးထား၍ နေသော ကျော်နေကို ရွဲ့၍နေသလို ရှိလေသည်။

ဗိုက်ထဲမှ ကရုရုရု မြည်သံ ပေါ်လာ၏။

ကျော်နေသည် သော့တွဲကို ကပျာကယာထုတ်၍ လှေကားတံခါး သော့ကို ဖွင့်လေသည်။ နှစ်ချောင်းသုံးချောင်း အပေါက်အလမ်း မတည့် ဘဲ တစ်၍နေပြီးမှ လေးချောင်းမြောက် သော့တံနှင့် ဆုံးမသော် ချောက် ခနဲ ပွင့်လေ၏။ ကျော်နေမှာ ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်သောကြောင့် လှေကား ထစ်များကို တစ်ထစ်ခြား ကျော်ကာ တက်လေသည်။ ကျော်နေ၏ ဗိုက် သည်ကား ကျော်နေ၏ဆန္ဒကို တစ်ရာရာခိုင်နှုန်း ဆန့်ကျင်ပြီး ဖြစ်လေရာ များစွာ ဒုက္ခပေးနေလေပြီ။

ပထမထပ်ကို ဒရောသောပါး ကျော်၍ တက်လာပြီး ဒုတိယထပ် တံခါးနားရောက်လေသော် ခြေသံ မကြား မထွက်ရလေအောင် ကျော်နေ ကိုယ်ရှိန်သတ်ရလေ၏။ ဤနှစ်လွှာမှ အဘိုးကြီးသည် မလွယ်။ ယောက်ျား



www.burmeseclassic.com

www.burmeseclassic.com



ကြီးတန်မဲ့ လွန်စွာ စပ်စုတတ်၏။ အမေးအမြန်းလည်း အလွန် ထူ၏။ ကိုယ့်ဟာကိုယ် အလုပ်ပင်ပန်း၍ တစ်ခါတစ်ရံ ပိန်သွားသည်ကိုပင် 'မောင်ရင်လည်း ပိန် ပိန်လိုက်လာတယ်နော်၊ ဆေးလေးဘာလေး စစ်ဦး၊ ဆေးစာရလည်း မောင်ရင် မဖတ်တတ်တာ ငါပြ မေး' ဘာညာဟု လုပ်တတ်၏။ ပြီးတော့ တိုက်ခန်းတစ်ခန်းလုံးတွင် တစ်ယောက်တည်း လာလာ နေတတ်သော ကျော်နေအားလည်း မယုံသင်္ကာ ဖြစ်နေပုံ ရ၏။ ကျော်နေ၏ အသွားအလာ အနေအထိုင်ကို အမြဲတစေ ချောင်း ချောင်း နေတတ်၏။ ပက်ပင်းတွေ့လျှင်ကား စကားရှည်ကာ ဆရာလုပ်၍ မဆုံး။ အခုလို အရေးကြီးနေသော အချိန်တွင် ဤအဘိုးကြီးနှင့် မတွေ့မှ ဖြစ်မည်။ တွေ့နေလျှင် စကားပြောနေရမည်။ အသံမကြားအောင် တက်မှ ဖြစ်မည်။ ထိုစဉ်

'ချောက် ... ဂျလောက် ... ကျွီ ...'

'ဟ သောက်ပလုတ် ...'

'ဟာ အန်ကယ်'

ကြွပ်ကြွပ်အိတ် တစ်ထုပ်ဆွဲကာ ဘာလုပ်ဖို့မှန်း မသိ ထွက်လာသော အဘိုးကြီးနှင့် ကျော်နေ တည့်တည့် တိုးလေ၏။ ကျော်နေ အမြန်အဆန် အဘိုးကြီးလက်မှ လွတ်ရန် ကြံ၏။

'အန် အန်ကယ် ကျွန်တော် အရေးကြီးနေလို့ အပေါ်တက်လိုက်ဦးမယ်၊ ညမှ အန်ကယ်နဲ့ လာ ဆင်း စကားပြောတော့မယ်နော် နော် ... အန်ကယ်'

အဘိုးကြီးသည် ပထမ ကျော်နေကို ကြည့်၏။ ထို့နောက် မျက်မှောင်ကုတ်ကာ ကျော်နေ နောက်သို့ ကြည့်၏။ ထို့နောက် ကျော်နေကို သေသေချာချာ ပြန်ကြည့်၏။ ကျော်နေမှာ အချိန်ဆိုင်း မနေနိုင်။ ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်၍ အဘိုးကြီးကို နှုတ်ဆက်၏။

'ကျွန်တော် တက်လိုက်ဦးမယ် အန်ကယ်၊ ပြန်ဆင်းလာခဲ့မယ်'

ပြောပြောဆိုဆို ကျော်နေ လှေကားပေါ် ပြေးတက်ရန် ကြံ၏။ ထိုစဉ် အဘိုးကြီး၏ မာဆတ်ဆတ် အသံ ကြားရလေသည်။

'နေဦး ငါ့တူ'





ကျော်နေ အတော် စိတ်ပျက်သွား၏။ ကိုယ့်ကိစ္စနှင့်ကိုယ် ဒုက္ခများနေပါသည်ဆိုမှ အရစ်ခံရပြီ။ မတတ်နိုင်။ အဘိုးကြီးကို လှည့်ကြည့်ရ၏။

'ဟုတ်ကဲ့ အန်ကယ်'

အဘိုးကြီးမှာ သူ ကိုင်ထားသော ကြွပ်ကြွပ်အိတ်တစ်ခုနှင့် သူသာမြင်နေရပြီး ကျော်နေ မမြင်ရတော့သော လှေကားကွေ့ကို ထိုးပြကာ

'သူကရော မင်း ခေါ်လာတာလား'

ဘယ်သူ့ကို ပြောနေတာပါလိမ့် ဟူသော အတွေးနှင့် သုံးလေးငါးထစ် တက်ပြီးသော လှေကားထိပ်မှ ပြန်ဆင်းလာကာ အဘိုးကြီး ပြရာ ကြည့်၏။

'ဟိုက်'

သူ့တက္ကစီပေါ် အတင်း ခုန်တက် လိုက်လာ၍ တစ်လမ်းလုံး ငိုနေသော ကောင်မလေးပါလား။ ဘယ့်နှယ် ဒီရောက်နေသတုံး။ ဘယ်က ဘယ်သူတုံးဟ။

'ဗွီ'

သောက်ခွေး။

ဗိုက်က မရတော့ပါလား။ မတတ်နိုင်ဘူး။ နောက်မှ ရှင်းတော့ဟာ။ ဖြစ်ချင်ရာဖြစ်။

'သြော် ... ကျွန်တော့် ညီမလေးပါ အန်ကယ်၊ ဒီနေ့မှ ရောက်လို့ ကျွန်တော် သွားကြိုလာတာ'

'မင်း ညီမက ငိုထားသလားကွ'

အူတိအူကြောင်နှင့် ကျော်နေ ကြည့်မိတော့ မျက်လုံးညိုညိုလေးများမှာ နီရဲဖောင်းအစ်နေ၏။ လျှပ်တပြက်အတွင်း ခေါင်းထဲပေါ်ရာ ပြောချရလေသည်။

'ဘယ်ကလာ အန်ကယ်ကလည်း အဟဲ ... မျက်စိနာလာတာဗျ၊ ရာသီအကူးအပြောင်း ဆိုတော့၊ သွား ... သွားပြီ အန်ကယ်'

အဘိုးကြီး အူကြောင်ကြောင်နှင့် မသင်္ကာသလို ကျန်ခဲ့၏။ မတတ်နိုင်။ ကိုယ့်ဒုက္ခကိုယ် အရင်ရှင်းရန် အရေးကြီးသည်ဖြစ်ရာ ကျော်နေ အပေါ်



www.burmeseclassic.com

www.burmeseclassic.com


ကိုသာ ပြေးတက်လာခဲ့၏။ သော့ခတ်ထားသော တံခါးနှစ်ချပ်ကို ဖွင့်ပြီး နောက် ဘာကိုမှ မစဉ်းစားနိုင်။ ကိုင်လာသော ကြွပ်ကြွပ်အိတ်ထုပ်ကို ဆက်တီပေါ် ပစ်တင်ကာ အိမ်သာသို့ တန်းပြေးရလေ၏။ တစ်ခါတစ်ရံ ဒုက္ခသည် ကမ္ဘာ့ခြားထိုး နိုင်လေစွတကား။



## (၄)

လူသည် လက်ငင်းကြုံတွေ့နေရလေသော ဒုက္ခတစ်ခု အတန် အသင့် သက်သာသွားချိန်၌ အခြားသော ကိစ္စဝိစ္စပေါင်းစုံကို တွေးတော ပူပန်လာတတ်သည်မှာ ဓမ္မတာ ဖြစ်လေ၏။

ကျော်နေသည် အိမ်သာပေါ်ထိုင်ကာ သူ၏ကိုယ်မှ ကြီးမားသော ဒုက္ခ ထွက်ခွာသွားပြီးနောက် ဒုက္ခ၏မိသားစု အကြွင်းအကျန်လေးများပါ ထွက်ခွာသွားသည်အထိ ခွင့်ပြုနေပေးရင်းမှ စဉ်းစားမိလေ၏။

ပထမဆုံး သတိရသည်မှာ ဘဏ်မှ သူ အသုံးလို၍ သွားထုတ် လာသော ငွေ ခုနစ်သိန်း။

ကြွပ်ကြွပ်အိတ်နှင့် ထုပ်၍ထားသော ထိုငွေထုပ်ကို သူသည် အိမ်သာသွားချင်ဇောနှင့် အိမ်ရှေ့ဧည့်ခန်းက ဆက်တီခုံ တစ်ခုပေါ် ဖြစ် သလို ပစ်တင်ထားခဲ့မိ၏။ နောက် အိမ်ရှေ့တံခါး နှစ်ချပ်။

သံဘာဂျာတံခါးကို သူ ပြန်မဆွဲပိတ်ခဲ့သည်မှာ သေချာ၏။ ဤ သည်မှာ သူ့အကျင့် ဖြစ်၏။ သူ အိမ်ခန်းထဲ ရှိနေတိုင်း သံဘာဂျာတံခါး ကို ပိတ်ထားလေ့ မရှိ။ သို့သော် သစ်သားတံခါးမကြီး။ သူ ပြန်ပိတ်ခဲ့ လား မပိတ်ခဲ့လား မမှတ်မိ။ နောက် ဟိုကောင်မလေး ...။

ကျော်နေ ခေါင်းနားပန်းကြီးသွားလေ၏။

သူ ငှားစီးသော တက္ကစီပေါ် အရေးတကြီး တက်လာသော ကောင်မလေး။

သို့သော် ထိုကိစ္စသည် သိပ်မထူးဆန်းလှပါ ကျော်နေ့ ထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



မြို့ကြီးပြကြီး တစ်ခုတွင် လူတစ်ယောက်သည် အရေးအလွန်ကြီးသော မရှုနိုင်မကယ်နိုင် ကိစ္စတစ်ခုကြောင့် သူများငှားထားသော ကားပေါ် အတင်း တက်လိုက်စီးမိသော အဖြစ်မျိုးမှာ ဖြစ်နိုင်သော ဖြစ်တတ်သော ကိစ္စမျိုး ဟု ကျော်နေ ယူဆ၏။ ကားပေါ်စီးလာစဉ် တစ်လျှောက်၌လည်း ကျော်နေ မှာ ကိုယ့်ဒုက္ခနှင့်ကိုယ် ဖြစ်၍ အိမ်မြန်မြန် ပြန်ရောက်ရန်သာ စိတ်စော နေသည်က တစ်ကြောင်း၊ ကောင်မလေးမှာလည်း ဘာဖြစ်လာမှန်း မသိ သူ့ဟာသူ တစ်ယောက်တည်း တရှုံ့ရှုံ့ တစ်လမ်းလုံး ငိုလာသည်က တစ်ကြောင်းကြောင့် သူ ဘာမှ မမေးဖြစ်။ မနေနိုင် မထိုင်နိုင်လေသော တဏှာစိဒရိုင်ဘာ လျှာရှည်နေသေးသဖြင့် သူ ဘာတွေ ပြန်ပြောလိုက်မိမှန်း ပင် သေချာ မစဉ်းစားမိတော့။ သို့သော် အပြန်ပြန် အလှန်လှန် သေချာ တွေးကြည့်တော့မှ ထိုကောင်မလေးသည် ကျော်နေ ကားပေါ်က ဆင်းပြီး သည့်နောက်တွင် သူ သွားလိုရာသို့ သူ့ဟာသူ ဆက်ငှား၍ မသွားဘဲ သူ့နောက် လိုက်ဆင်းလာခြင်းသည် နည်းနည်း ကိစ္စရှိလေသည်။

ထို ကောင်မလေးသည် ဘာနည်း။ ဘယ်က ဘယ်သူဖြစ်လေ သနည်း။ ဘာ အကြောင်းကိစ္စတွေ ရှုပ်၍လာခဲ့လေသနည်း။ ရာဇဝတ်မှု များ ကျူးလွန်၍ လာခဲ့လေသလား။ မတွေးကောင်း တွေးကောင်း လူမိုက် လူဆိုး အထိန်း တစ်ယောက်ယောက်ထံမှ လစ်တုန်း ထွက်ပြေးလာသော ကောင်မလေးမျိုးပေပဲလား။ ကျော်နေမှာ အိမ်သာထဲ ထိုင်တွေးနေရင်း ရှုတ်လုံးပြူးကာ လာ၏။ ဤကောင်မလေးသည် ပြဿနာပါတကား။ ထိုထိုတစော့ ကိုယ့်ဒုက္ခနှင့်ကိုယ် အိမ်သာကိုသာ ဦးတည်ရာ ကယ်ပေါက် အဖြစ်ထား၍ အိမ်ပြန်ပြေးလာချိန်တွင် ပြဿနာသည် ဘယ်ကမှန်းမသိ ပေါ်လာပြီး မိမိနှင့် ကပ်ပါလာလေသည်တကား။ မြတ်စွာဘုရား။ သူ အဝင်အထွက် တံခါးမကြီး ပြန်မပိတ်ထားခဲ့မိလျှင် အခုလောက်ရှိ ထို ပြဿနာလေးသည် သူ ပစ်တင်ထားခဲ့သည့် ငွေခုနစ်သိန်းကိုသာမက အိမ်ထဲ ရှိသမျှပစ္စည်း အကုန် မကျာ ဆင်းသွားပေလောက်ပြီ။ အိမ်သာ ထဲတွင် ထိုင်နေရင်းမှ ကျော်နေ ယောင်ပြီး ရုတ်တရက် မတ်တတ်ထရပ်မိ ၏။ ပြီးမှ သူ့ကိုယ်သူ သန့်ရှင်းရေး မလုပ်ရသေးကြောင်း သတိရကာ ကမန်းကတန်း ပြန်ထိုင်ပြီး သန့်ရှင်းရေး လုပ်ရ၏။ ထို့နောက် ကသော





တမျော အိမ်သာထဲမှ ပြန်ထွက်လာကာ အိမ်ရှေ့ခန်းဘက်သို့ အူယားဖားယား ပြေးလာမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com

ပစ်တဲ့လူကို တကယ်ပစ်ပြီး
ထိတဲ့လူလည်း တကယ်ထိ ဆိုပဲ။
ဒါပေမဲ့
တစ်ခါတလေ ချာတိတ်လေးက
တကယ်ပစ်လိုက်တော့ မလိုလို့နဲ့
ဟိုချိန် သည်ချိန် လျှောက်ချိန်ရင်း
စတတ် နောက်တတ်သေး ဆိုပဲ။
ကဲချင်တဲ့ ကောင်လေးပါလားဗျာ …။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

## မြားနံ့ပါတ် ၃
## (ရှင်ဆိုင်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၅)

အလျားပေငါးဆယ်၊ အနံ နှစ်ဆယ့်ငါးပေ၊ အမြင့် ကိုးပေသာရှိ၍ လူအိပ်ရန် ဆယ့်တစ်ပေပတ်လည်သာ ကာရံထားသော အခန်းတစ်ခန်းသာ ပါဝင်သည့် ကန့်ထရိုက် တိုက်ခန်းတစ်ခုထဲတွင် စင်စစ်အားဖြင့် လူတစ်ယောက်လုံး ပုန်းအောင်းနေရန်မှာ လွန်စွာ မလွယ်ကူသောကိစ္စ ဖြစ်၏။ ထို့ပြင် ယောကျ်ားလေး တစ်ယောက်တည်းသာနေသော တိုက်ခန်းဖြစ်ရကား ကြမ်းပြင် အနှံ့အပြားတွင် ပုဆိုး၊ အင်္ကျီ၊ ဘောင်းဘီ၊ အဝတ်အစားများနှင့် စာအုပ်အချို့၊ ဒီဗီဒီခွေအချို့တို့ ပြန့်ကျဲနေသော်ငြား ပုန်းစရာကွယ်စရာ ဘာအသုံးအဆောင် ကြီးကြီးမားမား တစ်ခုမှ မရှိဘဲ ပြောင်တလင်းကြီး ဖြစ်နေသော တိုက်ခန်းတစ်ခန်း ဖြစ်၏။ ဧည့်ခန်းအဖြစ် သတ်မှတ်၍ထားသော အဝင်အထွက် တံခါးမကြီး အနီးမှ နေရာတစ်ခုတွင်သာ ဆိုဖာဆက်တီ နှစ်ယောက်ထိုင် တစ်လုံးသည် အထီးကျန်ဆန်လှစွာ ငူငူကြီး ထိုင်နေလျက်ရှိခြင်းကို သတိထားတတ်သူများ သတိထားမိကြမည် ဖြစ်တော့၏။

အိမ်သာထဲမှ ကမူးရှူးထိုး ပြေးထွက်လာသော ကျော်နေသည် ဝထမဆုံး ဧည့်ခန်းဟု သူ့ဟာသူ သတ်မှတ်ထားသည့် နေရာကို ပြေးကြည့်၏။ ခြေရာလက်ရာ မပျက်။

အိမ်ရှေ့တံခါးမကြီးမှာ ပိတ်ထားလျက်ရှိပြီး ကြွပ်ကြွပ်အိတ်နှင့် ထုပ်ယူလာသော သူ့ငွေထုပ်မှာလည်း ဝေါင်းစင်းစင်း ဆိုဖာပေါ်တွင် သူ ထင်သလို ပစ်တင်ခဲ့သည့်အတိုင်း ရာဇဝင္ကနြွေထက် မနည်းသော ...ခြေ



www.burmeseclassic.com

www.burmeseclassic.com



မြင့် ဖရိုဇရဲ နေမြဲဖြစ်နေသည်ကို တွေ့ရ၏။ ကျော်နေ အနည်းငယ် စိတ်အေးသွားလေသည်။ တော်ပါသေးရဲ့။ ပြဿနာမလေးမှာ သူ့နောက်လိုက်၍ မလာတော့ဟု ယူဆကာ အိမ်တစ်အိမ်လုံး လှည့်ပတ်ကြည့်၏။ မည်သည့်ပစ္စည်းမျှ ခြေရာလက်ရာ မပျက်။ ဝရံတာမှ မီးဖိုချောင်အဆုံး လှည့်ပတ်ကြည့်ရှုပြီးနောက် ကျော်နေ အတန်ငယ် စိတ်အေးသွား၏။ ဟိုကောင်မလေး သူ့အခန်းအထိ ပါမလာတော့။ ဘယ်နှစ်လွှာမှာ လှည့်ဆင်းသွားသည် မသိ။ ဘယ်နှစ်လွှာမှ လှည့်၍ ဆင်းသွားသွား၊ သူ့အတွက်ကတော့ ဝမ်းသာ၏။ ပြဿနာ ကပ်ပါမလာပေသည်ကိုး။

စိတ်အေးသွားလေပြီ။ လေတချွန်ချွန်လုပ်၍ သူ၏ တစ်ခန်းတည်းသော အိပ်ခန်းဘက် ကျော်နေ ပြန်လျှောက်လာ၏။

အိပ်ခန်းတံခါးသည် ပိတ်၍ထား၏။ သို့သော် ကျော်နေသည် ထိုကိစ္စကို အရေးမလုပ်ချေ။ သူ အပြင်သွားတိုင်း အိပ်ခန်းတံခါးကို ပိတ်ထားခဲ့မြဲ ဖြစ်၏။ သော့တော့ ဘယ်တော့မှ ခတ်ခဲ့လေ့ မရှိ။ အဟာန့်ရှိရုံလောက်သာ အခန်းတံခါးကို ဆွဲ ဆွဲပိတ်ခဲ့ခြင်း ဖြစ်၏။ အခန်းထဲတွင်လည်း ပြောရလျှင် အဖိုးတန်ပစ္စည်း သိပ်တော့မရှိလှ။ အလုပ်ကိစ္စနှင့်ပတ်သက်သော စာရွက်စာတမ်းအချို့ကို သိမ်း၍ထားသော သံဗီရိုတစ်လုံးအပြင် တီဗီနှင့် ဒီဗီဒီစက်တစ်လုံးသာ ရှိ၏။ ကျော်နေသည် တံခါးလက်ကိုင်ဘုကို ဆွဲလှည့်ကာ အခန်းထဲဝင်ရန် ကြိုးစား၏။

'ဟိုက်'

တစ်သက်လုံး သွန်လိုသွန် မှောက်လိုမှောက်နှင့် ဤအခန်း ဝယ်ကတည်းက နည်းနည်းမှ ကဏ္ဍကောစ မတိုက်ခဲ့လေသော သူ့အခန်းတံခါးလက်ကိုင်ဘု ကလန့်သည်ကို ကျော်နေ ကြုံလေ၏။ အထဲမှ လော့က်ချထားပုံရသဖြင့် သူ ဖွင့်ဝင်၍ မရ။ တံခါးလက်ကိုင်ဘုသီးလုံးကို ခပ်ကြမ်းကြမ်း ဆွဲ၍ လှည့်ကြည့်သော် အခန်းထဲမှ အိခနဲ ငိုသံတစ်ချက်ကြားရ၏။ ကျော်နေ တစ်စုံတစ်ရာ သွားသတိရလေသည်။ ဖိနပ်ချွတ်အထိ သူ သွားကြည့်ခဲ့စဉ်က ပိုနေသည်ဟု စိတ်တွင် ယူဆခဲ့မိသော အခြင်းအရာတစ်ခု။

သွားကြည့်တော့ ထင်သည့်အတိုင်း တွေ့ရ၏။ ချစ်စရာကောင်း





သော မိန်းကလေးစီး ဖိနပ်လေးတစ်ရန်။ ဖနောင့်နေရာလေးများ အနည်းငယ် အရာထင်နေ၏။ လက်စသတ်တော့ ပြဿနာလေးသည် သူ့အခန်းထဲဝင်ပုန်းနေလေသည်တကား။ ကျော်နေ လွန်စွာ စိတ်ရှုပ်သွားလေတော့၏။ ဖိနပ်ကလေးကို သေချာ စေ့စေ့ကြည့်ကာ တစ်ခုတည်းသော အခန်းဘက်သို့ ကျော်နေ ပြန်လျှောက်သွားလေ၏။

အခန်းတံခါးရှေ့ ရောက်သော် ခါးထောက်ကာ စဉ်းစားမိ၏။ ဘယ်ကမှန်းမသိသော မိန်းကလေးတစ်ယောက် သူ့အိပ်ခန်းထဲ ရောက်၍နေပြီ။ သေချာစဉ်းစားကြည့်လျှင် ဤကိစ္စသည် အတော် ရှုပ်ထွေးလာနိုင်သောကိစ္စ ဖြစ်၏။ အခန့်မသင့်လျှင် သူ့လူပျိုရည်ပါ ပျက်သွားနိုင်၏။

ရပ်ကွက်လူကြီး သွားခေါ်ရ ကောင်းမလား။ အခုမှ ညနေ သုံးနာရီကျော်ကျော်ခန့်သာ ရှိသေး၍ ရပ်ကွက်ရုံး မဖွင့်သေး။ ရပ်ကွက်လူကြီးတွေကို ဘယ်နားသွားရှာရမှန်း မသိ။ ရဲသွားတိုင်ရ ကောင်းမလား။ သို့သော် တစ်ခု သတိသွားရကာ ကျော်နေ မျက်လုံးပိုပြူးသွား၏။

သူ ရပ်ကွက်လူကြီးတွေ ရဲတွေ ခေါ်လာပြီးမှ ကောင်မလေး ပြန်ထွက်ပြေးသွားသဖြင့် တာဝန်ရှိသူတွေ တောင်းပန်ရသည်က ကိစ္စမရှိ။ ရဲတွေ လူကြီးတွေ ခေါ်လာပြီးမှ ထိုကောင်မလေးက ဆိုင်ရာတွေရှေ့ ကျော်နေ သူ့ကို ခြိမ်းခြောက်ခေါ်လာတာပါ ထလုပ်လျှင် တရားလိုမှ တရားခံပြန်ဖြစ်ကာ အမျိုးသမီးရေးရာတွေ ဘာတွေအထိ ရောက်ကုန်ပြီး အခန့်မသင့်လျှင် ထောင်တောင်ကျနိုင်၏။ အခုတလော လူကုန်ကူးမှုတွေ ဘာတွေကလည်း များလှချေရာ ကံဇာတာမကောင်းလျှင် နှစ်ကြီးတောင် ကျနိုင်၏။ ဆွေမျိုးအသိုင်းအဝိုင်းကြား အရှက်ကလည်း ကွဲဦးမည်။ အလကားနေရင်း ဘဝတောင် ပျက်သွားနိုင်ပါကလား။ မြတ်စွာဘုရား။ အတွေးနှင့်ပင် အတော် ခေါင်းကြီးသွား၏။ ယခုဖြစ်နေသော ပြဿနာသည် မလွယ်လေစွ။ လူသိရှင်ကြား မဖြစ်မှ ဖြစ်မည်။ မတ်တတ်ကြီး တွေးနေရင်းမှ တစ်ခု သွားသတိရပြန်၏။ ကောင်မလေး သူ့နောက်ထလိုက်တက်လာသည်ကို နှစ်လွှာမှ အဘိုးကြီး တွေ့လိုက်သည်။ အဘိုးကြီးမှာ သူနှင့် ထိုကောင်မလေးကို သိပ်သက်ာပုံ မရ။ မတော် လမ်းထဲတွင် မဟုတ်တာတွေ လျှောက်ပြောနေပြန်လျှင် ဒုက္ခ။ သောက်ကျိုးနည်းတော့။



www.burmeseclassic.com

www.burmeseclassic.com



အလကားနေရင်း ပြဿနာ အကြီးကြီး လာတက်ရတယ်လို့။ ကျော်နေသည် ခေါင်းကို တမြင်းမြင်းကုတ်ရင်း တံခါးရှေ့မှ ပြန်ထွက်သွားကာ ဝရံတာဖိနပ်ချွတ်တွင် စိတ်ညစ်ညစ်နှင့် ခြေပစ်လက်ပစ် သွား၍ ထိုင်နေလေတော့၏။



# (၆)

အခန်းထဲ ပိတ်မိနေသော အိန္ဒိုင်မှာ သူ့ဘဝသူ တွေးကာ အားရပါးရ ငိုနေမိပြီးမှ ဘာဆက်လုပ်ရမှန်း မသိဘဲ ဖြစ်နေလေ၏။

အမှန်တော့ အိန္ဒိုင်မှာ ရန်ကုန်ဇာတိ မဟုတ်။ တောင်ကြီးဇာတိဖြစ်၏။ ရန်ကုန်ကို နံ့နံ့စပ်စပ် သိပ်မသိ။ အသိအကျွမ်းလည်း သိပ်မရှိ။ အရေးကြီးကိစ္စတစ်ခုကြောင့် ရန်ကုန် ဆင်းလာကာ ၁၉ လမ်းမှ သူငယ်ချင်းမတစ်ယောက် အိမ်တွင် လာတည်းနေခြင်း ဖြစ်၏။ ဤနေ့လယ်တွင် ဘဏ်၌ ငွေထုတ်ရန်အလာ သူ့နောက် လိုက်နေကြသူများ သူ့ကိုတွေ့သွား၍ ကြံရာမရဖြစ်ကာ ထွက်ကာနီးဆဲဆဲ တက္ကစီတစ်စီးပေါ် အပြေးအလွှား တက်မိခြင်း ဖြစ်၏။ တက္ကစီအလွတ်မှတ်၍ တက်လိုက်ပြီးမှ လူတစ်ယောက်ပါနေကြောင်း သတိထားမိ၏။ ထိုလူမှာ သူနှင့် အသက်မတိမ်းမယိမ်းလောက်သာရှိသော ဖြူဖြူသန့်သန့်တစ်ယောက် ဖြစ်ကြောင်း မိန်းမမျက်စိနှင့် ချက်ချင်း အကဲခတ်မိ၏။ ထိုသူသည် တောင့်တောင့်ကြီး ထိုင်နေကာ မျက်နှာကြီးနီလျက် ချွေးသီးချွေးပေါက်များ ထွက်နေ၏။ တက်လာမိပြီးတော့မှ မတတ်နိုင်တော့။ နောက်ကလိုက်လာသူများကို မျက်ခြေပြတ်ရန်က ပိုအရေးကြီးသဖြင့် ဒရိုင်ဘာကို အတင်း မောင်းခိုင်းရ၏။ ဒရိုင်ဘာလည်း လန့်သွားလေသလား မသိ။ ဇွတ်ရွတ် မောင်းထွက်လာသဖြင့် နောက်ကလိုက်လာသူများ ပြတ်ကျန်ခဲ့ကြ၏။

ကားပေါ်တွင် သူ့အား စပ်စပ်စုစု လုပ်နေကြမည်ကို စိုးသဖြင့်ရှုးပေါ် မျက်နှာအပ်ကာ ငိုချင်ယောင် ဆောင်နေရင်းမှ ကိုယ်ဘဝကိုထိ



www.burmeseclassic.com

www.burmeseclassic.com



တွေးမိကာ တကယ် ငိုချမိ၏။ ဒါတောင် ဒရိုင်ဘာက ဘယ်လိုထင်သည် မသိ။ ထင်ရာတွေ လျှောက်ပြောနေသေး၏။ အေးကလူကလည်း တစ်ခုခုထို အတော် ထိန်းချုပ်ထားရပုံနှင့် သွားကြားမှ လေထွက်လာသော အသံများနှင့် ဘာတွေ ပြန်ပြောနေသည် မသိ။ ပထမတော့ အိနိုင် စဉ်းစားသည်မှာ အေးကလူ သူသွားလိုရာ သူရောက်၍ ဆင်းသွားလျှင် တက္ကစီကို သူ ဆက်ငှားသွားပြီး ၁၉ လမ်းပြန်ရန် စိစဉ်မိ၏။ သို့သော် မီးပွိုင့်တစ်ခုမိ၍ သူတို့ ကားရပ်နေစဉ် အေးတွင် လာယှဉ်ရပ်သော တက္ကစီတစ်စီးပေါ်တွင် သူ့နောက် လိုက်နေသူများကို ရိပ်ခနဲ မြင်လိုက်လေရာ ခေါင်းကို ငုံ့ချကာ ငိုချင်ယောင်ပြန်ဆောင်ကာ ပုန်းရပြန်၏။ သူ့နောက် လိုက်လာသူများသည် သူ ပြေးတက်သွားသောကားကို မမြင်မကမ်း တွေ့လိုက်ရသော်လည်း စိတ်မှန်းနှင့် နောက်ကလိုက်လာကြပုံရသည်။ ဤတွင် အိနိုင် စဉ်းစားရပြီ။

အစက ကြံထားသလို အေးက အတော့်လိုက်ကြီး ပါလာသော ပုဂ္ဂိုလ် ဆင်းသွားလျှင် သူ ဆက်ငှားသွားရန်မှာ မဖြစ်တော့။ သူ တည်းခိုရင်း ပုန်းနေသောနေရာအား လိုက်လာကြသူများ တွေ့သွားကြတော့မည် ဖြစ်၏။ မည်သို့လုပ်ရကောင်းမည်နည်းဟု ခေါင်းပူအောင် စဉ်းစား၏။ သို့သော် ဉာဏ်ကောင်းသော ခေတ်ကာလသားသမီးဖြစ်၍ လျှပ်တပြက်အတွင်း အကြံရ၏။ အေးမှ ပုဂ္ဂိုလ်အတော်ကြီးအား ခိုး၍ အကဲခတ်လေသည်။

ငနဲကို ကြည့်ရသည်မှာ ရန်ကုန်သားတော့ ဟုတ်ပုံမရ။ သို့သော် လည်လည်ဝယ်ဝယ်နှင့် နုံ့နုံ့စပ်စပ်တော့ ရှိပုံရ၏။ လူရည်သန့်သန့်နှင့် မျက်နှာမှာ ရိုးသားပုံရ၏။ ဘဏ်တံဆိပ်ပါသော ကြွပ်ကြွပ်အိတ်တစ်လုံးကို ရင်ဘတ်တွင်ကပ်လျက် လက်နှင့်တင်းကျပ်စွာ ပိုက်ထား၏။ ဘယ်ကိုမှ မကြည့်။ အိနိုင်ကိုလည်း သိပ်စိတ်ဝင်စားပုံ မရ။ ရှေ့တည့်တည့်ကိုသာ ပြူးပြူးကြီးကြည့်၍ ခါးကြီးမတ်ပြီး ပါလာ၏။ ဘဏ်တွင် ငွေသွားထုတ်ပြီး ပြန်လာပုံရ၏။ မတတ်နိုင်။ အကြံရထားသည့်အတိုင်း ဤငနဲကိုသာ အကူအညီ တောင်းရတော့မည်။ ဤငနဲဆင်းသည့်နေရာတွင် လိုက်ဆင်း၍ ဤငနဲအား အကျိုးအကြောင်း ပြောပြရတော့မည်။ ပုံစံကြည့်ရ





သည်မှာ သူတပါးအား ကူညီချင်စိတ်ရှိပုံတော့ ရသည်။ အိနိုင် သူ့အခက်အခဲများကို ပြောပြလျှင် ကောင်းရာကောင်းကြောင်း အကြံဉာဏ်လောက်တော့ ပေးနိုင်မည် ထင်၏။

ငနဲသည် လူနေထူထပ်သော ရပ်ကွက်တစ်ခုမှ ကန်ထရိုက်တိုက်တစ်လုံးရှေ့တွင် သုတ်သီးသုတ်ပျာ ဆင်း၏။ အိနိုင်လည်း ပတ်ဝန်းကျင်ကို မသိမသာ အကဲခတ်ကာ လိုက်ဆင်း၏။ သူ့နောက် လိုက်လာကြသူများကို မတွေ့ရ။ သို့သော် တစ်နေရာရာမှ ချောင်းချင်ချောင်းနေကြမည်။ အိနိုင် ထိုငနဲနောက် လိုက်သွား၏။

တွေးထားသည်မှာ ငနဲသည် သူ့အိမ်သူပြန်သည်ပဲ ဖြစ်ဖြစ်၊ ရုံးခန်းတစ်ခုခုသို့ ပြန်သည်ပဲ ဖြစ်ဖြစ် အိမ်ထဲ သို့မဟုတ် ရုံးထဲရောက်မှ ငနဲ အပါအဝင် အိမ်သူအိမ်သားများကို ဖြစ်စေ၊ ရုံးသူရုံးသားများကို ဖြစ်စေ သူ့ကိစ္စသူ ရှင်းပြ၍ အကူအညီတောင်းရန် ဖြစ်၏။

ငနဲမှာ သူ နောက်ကလိုက်လာသည်ကို သိပုံမရ။ နောက်က တဆွဲလိုက်လာသလို လှေကားကို ကမူးရှူးထိုး တက်သွား၏။ ဒုတိယထပ်ရောက်မှ အဘကြီးတစ်ယောက် ထွက်လာသည်နှင့် ကြုံကာ သူ့နောက်မှ အိနိုင်လိုက်လာသည်ကို တွေ့ကာ အံ့သြသွားပုံရ၏။ သို့သော် သူ့ညီမဟုသာ ခပ်မြန်မြန် ဖြေရှင်းပြီး ဆက်တက်သွားသဖြင့် ကျန်ခဲ့သော အဘကြီးကို အိနိုင်ပြုံးပြကာ တက်လိုက်သွားလိုက်၏။

အိမ်တံခါးကို ကသောကမျော ဖွင့်ကာ အိမ်နောက်ဖေးဘက်သို့ မပြေးရုံတမယ် ဝင်သွားသဖြင့် အိနိုင်လည်း လိုက်ဝင်သွားကာ တံခါးမကြီးကိုပင် ပြန်ပိတ်ပေးခဲ့မိသေး၏။ ဖိနပ်ချွတ်၍ အိမ်ထဲ ဝင်လိုက်မိပြီးမှ မျက်လုံးပြူးရလေသည်။

ဤတိုက်ခန်းသည် ဝင်ပြေးသွားသော ငနဲမှအပ မည်သူမျှ နေပုံမရ။ ပစ္စည်းပစ္စယများ နေရာတကာတွင် ရှုပ်ပွနေ၏။ အိပ်ခန်းတစ်ခန်းထဲသာ ကန့်၍ထားသည်ကိုလည်း တွေ့ရ၏။ ဧည့်ခန်းတွင်တော့ နှစ်ယောက်ထိုင် ဆိုဖာဆက်တီ တစ်လုံးသာ ခပ်ငူငူ တွေ့၏။ ဘာပရိဘောဂ ပစ္စည်းပစ္စယမှလည်း ကြီးကြီးမားမား မရှိ။ ငါတော့ ဒုက္ခရောက်ပြီဟု တွေးကာ အိနိုင် လန့်လာ၏။ ဘုမသိဘမသိနှင့် ယောက်ျားလေးတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



နေသော တိုက်ခန်းထဲသို့ လိုက်လာမိလေပြီ။ မည်သို့သော လူစားမျိုးမှန်းလည်း မသိ။ သူ့နောက် ကိုယ့်သဘောနှင့်ကိုယ် လိုက်လာသဖြင့် သူတစ်ခုခု အန္တရာယ်ပြုသော် ဒုက္ခ။ နောက်ဖေးဘက်မှ အိမ်သာရေဆွဲချသံကြားရ၏။ အိနိုင် ကြံရာမရဖြစ်ကာ တစ်ခုတည်းသော အခန်းထဲသို့ ပြေးဝင်ကာ တံခါးပိတ်၍ သော့ဂုပါချထားလိုက်လေသည်။



## (၇)

တွေးလေ တွေးလေ အလွန် ရှုပ်ထွေးလာနိုင်လေ ဖြစ်ရကားကျော်နေသည် ထိုင်နေရင်းမှ ဒေါသထွက်ကာ လာလေ၏။ ကိုယ့်ဟာကိုယ်နေသည်ကို ဒုက္ခက အိမ်ပေါ်ထိ ရောက်လာ၏။ နောက်ပြီး သေးသေးလေးလည်း မဟုတ်။ အခန့်မသင့်လျှင် ဘဝတစ်ခုလုံးပါ ကမောက်ကမ ဖြစ်နိုင်သော ပြဿနာကြီး ဖြစ်၏။ ဒီလိုမှန်းသိလျှင် နောက်နေ့မှ ငွေသွားထုတ်ရ အကောင်းသား။ သို့သော် ဖြစ်ပြီးမှတော့ မတတ်နိုင်။ ဤပြဿနာသည်အေးအေးဆေးဆေးနှင့် ကိုင်တွယ်မှ ဖြစ်ပေမည်ဟု ကျော်နေ ဆုံးဖြတ်၏။ ထိုင်နေရာမှ ထကာ စိတ်ကို အတန်တန်လျှော့၍ အိပ်ခန်းတံခါးရှေ့ သွားရပ်ကာ တံခါး ခေါက်ကြည့်၏။

'ခေါက် ခေါက် ခေါက်'

အထဲမှ ဘာသံမှ မကြားရ။ ငိုသံတော့ တိတ်သွားပြီ။ သို့သော်ဘာမှ မတုံ့ပြန်။ ခက်သည်က ပြတင်းပေါက် နှစ်ပေါက်ရှိသော်လည်းအသေပိတ်ထားပြီး မှန်များကလည်း လကြေးပြားများ ကပ်ထားလေရာအထဲကသာ အပြင်ကို မြင်ရ၍ အပြင်မှ အထဲကို ချောင်းကြည့်၍ မရ။ ကျော်နေ စိတ်ရှည်ရှည်ထားကာ ခေါက်ပြန်၏။ အသံလည်း ကြားလိုကြားငြား ပေးမိ၏။

'ခေါက် ခေါက် ... ဟေ့ အထဲက ဟိုဒင်း'

လှုပ်ရှားသံအချို့ ကြားရသလို ရှိသော်လည်း ပြန်တိတ်သွား၏။ မဆွေးနွေး၍ ဖြစ်ကို မဖြစ်။ ဆွေးနွေးမှကိုဖြစ်မည့် အမေရိုက်မှ အိမ်နှ



www.burmeseclassic.com

www.burmeseclassic.com



နှူတလီးယား အရေးကဲ့သို့ သဘောထားကာ ကျော်နေ အဆက်မပြတ် တံခါးခေါက်၍ အော်လေတော့၏။

'ခေါက် ခေါက် ဟေ့ ဘယ်သူလဲကွ ပိတ်ထားတာ'

'ဂုတ် ဂုတ် ဂုတ် ... မေးနေတာ မကြားဘူးလားကွ၊ ပြန်ဖြေလေကွာ၊ ဘာကိစ္စ ငါ့အိမ်ထဲ အတင်း လာဝင်နေရတာတုံး'

'ဒုတ် ဒုတ် ...ဟေ့ မင်း ဘယ်သူလဲ၊ ဘာကိစ္စ ငါ့နောက်လိုက်လာရတာတုံး'

'ခေါက် ခေါက် ဒုန်း ဒုန်း ... ဟေ့ ဒါပိုင်နက်ကျူးလွန်မှုကွ၊ မင်း ဘာလဲ၊ သူခိုးလား၊ အနုကြမ်းလာစီးတာလား၊ မန္တလေးသားကွနော်၊ အသက်ချင်း လဲလိုက်မယ်'

'ဒုံ ဒုံ ဒုံ ဒုံ ... ဘာလဲ အ နေတာလားကွ၊ မေးတာဖြေလေကွာ'

'ဒု ဒု ... ဟေ့ ငွေလာညှစ်တာလားကွ၊ မိန်းမကိစ္စ တစ်သက်လုံး ကင်းကင်း နေခဲ့တဲ့ကောင်ကွနော်၊ ဒါမျိုး လာမလုပ်နဲ့'

'ဂေါင် ဂေါင် ဂေါင် ... ရန်ကုန်ခဏလာတယ်ဆိုပြီး အချဉ်ဖမ်းတာလားကွ၊ မိန့် ဖန့် အဲ ... ဖန့် ဖန့် နေတဲ့ကောင်ကွ၊ ထွက်ခဲ့စမ်း'

'ဒုတ် ဒုတ် ... ဟေ့ ငါ့အဖေကုမ္ပဏီ နာမည်ဖျက်အောင် လာလုပ်တာလားကွ၊ ရဲခေါ်လိုက်မယ်၊ ဘာမှတ်လဲ'

'ဒုန်း ဒုန်း ... ဟေ့ ဖွင့်စမ်းကွာ၊ ငါ အော်လိုက်ရမလား'

'ဟဲ့ ...'

တံခါးနားကပ်၍ ပြန်အော်လိုက်သံကြားသော် ကျော်နေ လန့်ကာ ငြိမ်သွား၏။

'ဘယ် ကျေးတော်မျိုး ကျွန်တော်မျိုးဂလများ ငါ သခင်မ အိပ်နေတာကို လာနှောင့်ယှက်နေတာတုံး၊ တိတ်တိတ်ဆိတ်ဆိတ် အိပ်ဖန်တော်စောင့်စမ်း၊ အသံမထွက်နဲ့၊ သခင်မ အိပ်မလို့ဟဲ့၊ အောက်တန်းစား အခိုင်းအစေရဲ့၊ သခင်မက အိပ်ပျော်ပြီဆို ထိပ်ပေါ် လော်တင်အော်တာတောင် မနိုးဘူး၊ ဟီ ဟီ'





'ဗုဒ္ဓေါ'

အသံချိုစူးစူးလေးများကို အဆက်မပြတ် ကြားလိုက်ရသဖြင့် ကျော်နေ အတော် လေသွားလေသည်။ တံခါးမဖွင့်ပေးသည့်အပြင် သူ့ကို ဘာတွေ ပြန်ပြောလိုက်မှန်း ရုတ်တရက် မသိ။ ကျော်နေ ငြိမ်သွားကာ အတော် ပြန်စဉ်းစားယူရ၏။

'ကျေးတော်မျိုး ကျွန်တော်မျိုး'

'အိပ်ဖန်တော်စောင့်'

'သခင်မ'

ဟိုက်။ လက်စသတ်တော့ အရူးကိုး။ ကျော်နေ ကိုယ့်နဖူးကိုယ် မညှာမတာ ပစ်ရိုက်ကာ မတ်တတ်မှ ထိုင်လျက်၊ နောက်ပက်လက်လန် ကျရလေတော့၏။ သေလိုက်ပါတော့ကွာ။ လက်စသတ်တော့ အရူး အိမ်ပေါ်တက်လာတာကိုးဟ။ ဒုက္ခပါပဲကွာ။ ကျော်နေ ထိုင်ရာမှ ပြန်ထကာ တံခါးနားကပ်၍ အလိုက်သင့် ပြန်ပြောရတော့၏။ မတော် စိတ်ဆိုးပြီး အထဲကပစ္စည်းတွေ ဖျက်ဆီးနေရင် ဒုက္ခ။

'ဟုတ် .. ဟုတ်ကဲ့ အဲ ... တင်ပါ့ ..ဟုတ်ပေါင် ဩော် ဩော် မှန်လှပါ သခင်မ၊ ကျိန်းစက်တော်မူပါ၊ ကျွန်တော်မျိုး တိတ်တိတ်ဆိတ်ဆိတ် အိပ်ဖန်တော်စောင့်ပေးပါမယ်'

'ဒီလိုမှပေါ့ သခင်မကျွန်ပေါကြီးရဲ့၊ နင်ဟာ အရူးထဖို့လောက်ပဲ သိတယ်၊ သွား သွား ဆေးတော်လုံးကြီး တစ်လုံး သွားမျိုလိုက်'

'ဗျာ'

အထဲမှ အသံပြန်တိတ်သွား၏။ ကျော်နေမှာ မကျေမနပ်နှင့် ဘာဆက်လုပ်ရမှန်း မသိဘဲ အိမ်ရှေ့ထွက်လာကာ ခြေပစ်လက်ပစ် ဆိုဖာပေါ် ထိုင်ချလိုက်လေ၏။ နေရင်းထိုင်ရင်း အရူး အိမ်ထဲဝင်နေလေချေပြီ။ ရန်ကုန်မှာက သိပ်ရှုပ်တာကွဟု အဖေ ပြော ပြောနေတာ ဒါမျိုးဖြစ်မှာပဲဟု တွေးနေလေတော့၏။ ဒုက္ခသည် တွေးထားသော ထောင့်ပေါင်းစုံမှ မဟုတ်ဘဲ မထင်မှတ်သော ထောင့်မှ ဝင်လာလေသည်တကား။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတော့
တန်ခိုးရှိတဲ့ လူတစ်စုက
တောင်ပံနဲ့ ကောင်လေးကို ဖမ်းမိကြရော။
ကောင်လေးက လည်တယ်
ဘာပြောတယ်မှတ်တုံး
'ကျွန်တော်တို့ ညှိရအောင်လေ' တဲ့ ...။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မြားနံ့ပါတ် ၄
# (ညှိနှိုင်းခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၈)

စိတ်နည်းနည်း အေးသွား၍ ပြန်တွေးကြည့်တော့မှ တော်တော် ရယ်ရသော အဖြစ်အပျက် ဖြစ်သည်ကို အိနိုင် တွေးမိ၏။

နောက်ဖေးဘက်မှ အိမ်သာရေဆွဲချသံ ကြားသဖြင့် ကပျာကယာ ဝင်ပြေးလိုက်ပြီးမှ အိပ်ခန်းတစ်ခုထဲသို့ပါ ထပ်ရောက်သွားသဖြင့် အိနိုင် ပိုလန့်သွား၏။ ဝမ်းလည်းနည်းသွား၏။ ဒီတစ်ခါတော့ ဘာမှန်းမသိသူ တစ်ဦးလက်တွင် ငါတကယ် ဘဝဆုံးပြီဟု တွေးမိသော် မထိန်းနိုင်ဘဲ ဝမ်းပန်းတနည်း ငိုချမိတော့၏။ ဘာကိုမှ မစဉ်းစားတတ်တော့။ ပိတ်ထား ပြီးသော အခန်းတံခါးကို ကျောမှီထိုင်ချမိကာ အားရပါးရ ငိုမိတော့၏။

ထိုစဉ် ဟိုလူ အိမ်သာထဲမှ ပြန်ထွက်လာသံကြားသဖြင့် အသက် အောင့်ထားမိမတတ် အိနိုင် နားစွင့်၏။

ထိုသူသည် ကပျာကယာခြေသံနှင့် အိမ်ရှေ့သို့ ထွက်သွားသံ ကြား၏။ နောက် တစ်အိမ်လုံး ပျာယီးပျာယာ လျှောက်သွား၏။ ပြီးမှ လေချွန်သံ ကြားရကာ အေးအေးဆေးဆေး အခန်းဘက်လျှောက်လာသံ ကြားရ၏။ အိနိုင် ခြေဖျားလက်ဖျားများ အေးသွား၏။ ဤသူသည် သွေး အေးအေးနှင့် ကြံစည်တတ်သော လူမျိုးပေလား။ အခန်းတံခါး လက်တိုင် လာလှည့်သံ ကြားရပြီး ခဏ ငြိမ်နေ၏။ ပြီးနောက် အိမ်ရှေ့ဘက် ထွက် သွားပြန်၏။ လက်နက်ပစ္စည်းတစ်ခုခုများ သွားယူလေသလား။ အိနိုင် ကြောက်ကြောက်နှင့် တွေးနေရင်း ရုတ်တရက် တံခါးခေါက်သံ ပေါ်လာ သော် တုန်၍ လန့်သွား၏။ ဘာအသံမှတော့ ပြန်မပေးမိ။ ထိုသူသည်



www.burmeseclassic.com

www.burmeseclassic.com



တံခါးကို အသံမျိုးစုံမြည်အောင် ခေါက်ရင်း လျှောက်အော်လေတော့၏။

ဤသူသည် သူများအကြောင်းကို မေးနေရင်း သူ့အကြောင်းတွေ အတုန်ပေါ်အောင် ပြောနေမိသော လူကောင်းတစ်ယောက်ဖြစ်ကြောင်း အိနိုင် ရိပ်မိလေရာ ပြုံးတောင် ပြုံးမိ၏။

အိနိုင်ကို အထဲကပဟိုဒင်းဟု ခေါ်၏။ ဘယ်သူလဲ မေး၏။ ဤ တိုက်ခန်းသည် သူ့အခန်းအပိုင်ဖြစ်ကြောင်း သူ့ဟာသူ ဖော်ပြ၏။ မန္တလေး သားဟုလည်း ကြေညာ၏။ မိန်းမကိစ္စ ကင်းရှင်းကြောင်းလည်း ကြေညာ သေး၏။ မိခင်မရှိတော့ဘဲ ကုမ္ပဏီပိုင်ရှင် ဖခင်ဖြစ်သူနှင့် နေထိုင်ကြောင်း လည်း အော်ရင်းဟစ်ရင်း သူ့ဟာသူ သက်သေထွက်၏။ နောက်ဆုံး သူ့ ဟာသူ ကြောက်ကြောက်နှင့် သူကတပြန် မိန်းကလေးလို အော်လိုက်ရ မလားတွေ ဘာတွေ ကြိမ်းသေး၏။ ဤသူမှာ စင်စစ် သူ့ဟာသူ အေး အေးဆေးဆေး နေ နေသော လူကောင်းတစ်ယောက် ဖြစ်သည်ဟု အိနိုင် တစ်ဝက် စိတ်ချလေသည်။ ဤလူသည် ခေတ္တခဏလောက်တော့ အား ကိုး၍ ရနိုင်မည်ဟု ယူဆ၏။ လျှပ်တပြက် စိတ်ကူးရသလို ပါးစပ်ထဲ ရှိတာတွေ အိနိုင် ပြန်ပြောချလိုက်၏။ ငနဲသည် ခေတ္တငြိမ်သွားကာ သူ ဆင်လိုက်သော လမ်းကြောင်းအတိုင်း ဝင်သွားပြီး ပေါက်တတ်ကရများ ထစ်တီးထစ်ငေါ့ ပြန်ပြောကာ အိမ်ရှေ့ဘက်သို့ ထွက်သွားသံကိုသာ နောက်ဆုံး ကြားရ၏။ ဤသူ လူကောင်းတစ်ယောက် ဖြစ်သည်ကို အိနိုင် စိတ်ချသွား၏။ ခဏတဖြုတ်တော့ ဤအခန်းထဲတွင် လုံခြုံ၍ အချိန်ရလေ ပြီ။ ဘာလုပ်မလဲ။ ဦးစွာပထမ ဤလူအကြောင်း ရသလောက် ဤအခန်း ထဲတွင် စုံစမ်းရန် အကြံရလေ၏။

အခန်းထဲတွင် မယ်မယ်ရရ ဘာမှ သိပ်မရှိ။

ကိုရီးယားပါကေး ခင်းထားသော ကြမ်းပေါ်တွင် ဖြစ်သလို ခင်း ထားသော အိပ်ရာတစ်ခုနှင့် ခြေရင်းဘက်တွင် တီဗီနှင့် ဒီဗီဒီစက်တစ်လုံး။ အခန်းတစ်ဖက်ထောင့်တွင် ခြောက်ပေခန့်မြင့်သော လီကိုတံဆိပ် သံဗီရို တစ်လုံး။ နောက် ကြမ်းပေါ်တွင် ပြန့်ကျဲ၍နေသော စာအုပ်များ၊ ဒီဗီဒီများ နှင့် အဝတ်အစားအချို့။ တစ်ယောက်တည်း နေတဲ့ ယောက်ျားလေး





တစ်ယောက် ဒီလောက်တော့ ဖြစ်ပျက်နေမှာပေါ့ ဟူသောအတွေးနှင့် ပြန့် ကျဲနေသော ဒီဗီဒီများနှင့် စာအုပ်များကို အကျင့်ပါနေသည့်အတိုင်း အိနိုင် သပ်သပ်ရပ်ရပ် စီထပ်ကာ တီဗီဘေးနား ချထားပေးလိုက်၏။ နောက် ဟိုတစ်ပုံ သည်တစ်ပုံ အဝတ်အစားများကို ခေါက်ကာ အိပ်ရာဘေး ထပ် ထားပေးလိုက်၏။ အခန်းသည် ထိုမျှနှင့် အတော်ရှင်းသွားလေ၏။ အိနိုင် သံဗီရိုကို ချဉ်းကပ်လေသည်။

သူတပါးပစ္စည်းကို ပိုင်ရှင်မသိဘဲ စပ်စပ်စုစု လုပ်ခြင်းသည် မကောင်းလှသည်ကို သိသော်လည်း အခြေအနေက စပ်စုမှ ဖြစ်မည်ဖြစ် ၍ အိနိုင် ဗီရိုကိုဖွင့်ကာ မွှေလေ၏။

အဆင့်သုံးဆင့်သာရှိသော ဗီရိုထဲတွင် ထူးထူးခြားခြား သိပ်မရှိ။ အပေါ်ဆုံးဆင့်တွင် အဝတ်အစားများ ဖြစ်သလို ထိုးထည့်ထားတာ တွေ့ရ ၏။ တွန့်လိမ်ကြေမွနေသော ရှပ်အင်္ကျီတစ်ထပ်ကို အိနိုင် ထုတ်ကြည့်၏။ တံဆိပ်က အကောင်းစား။ တန်ဖိုးလည်း သိပ်နည်းလှပုံမရ။ သို့သော် လုံး၍ ထိုးထည့်ထားသဖြင့် မှိုစော်နံကာ ကြေမွနေ၏။

ဒုတိယအဆင့်တွင်လည်း ဖြစ်သလို ထည့်၍ထားသော အဝတ် အစားများသာ တွေ့ရ၏။ သို့သော် ဂျင်းဘောင်းဘီများ ထပ်၍ထားသော ဘေး၌ အနက်ရောင် သားရေအိတ်တစ်လုံး တွေ့၏။ အရွယ်အစားက စာရွက်စာတမ်းတွေ ထည့်သိမ်းတတ်ကြသော အိတ်မျိုး၏ အရွယ်။ အိတ် ကိုယူကာ ကြမ်းပေါ် ထိုင်ချလျက် အိတ်ထဲရှိသမျှ အိနိုင် သွန်ချလိုက်၏။ စာရွက်စာတမ်း မျိုးစုံနှင့် ဒေါက်ခနဲ ဒေါက်ခနဲ ပစ္စည်းအချို့ ထွက်ကျလာ လေ၏။ အခြားပစ္စည်းများကို ခဏထားကာ စာရွက်စာတမ်းများကိုသာ ဂရုတစိုက် အိနိုင် ဖတ်ကြည့်၏။ ထိုအခါမှ ထိုလူအကြောင်း အိနိုင် သိရလေတော့၏။

အိမ်ဂရံတွေလည်း ပါ၏။ အရောင်းအဝယ်စာချုပ်တွေလည်း ပါ ၏။ ကားစာအုပ်တွေ၊ ပတ်စပို့စာအုပ်တွေလည်း ပါ၏။ Certificate တွေ၊ Diploma တွေ၊ အောင်လက်မှတ်တွေလည်း အများကြီးရောထွေးထ ထွက်လာ၏။ ကုမ္ပဏီ Letter Head တစ်ခုရိုက်ထားသော အော်ဒါစာ တစ်ရွက်လည်း တွန့်ကြေလျက် ထွက်လာ၏။ စက္ကူပေါ်တွင် ရေးထား



www.burmeseclassic.com

www.burmeseclassic.com


သည်က ...

'အဖေ

မိန်းမယူရမှာ ကြောက်လို့ အဖေ့လည်း ပြောမရတာနဲ့ ကျွန်တော် ရန်ကုန် ပြေးပြီ

ကျော်နေ'

ဟု ခပ်သော့သော့ ဆိုင်းထိုးထား၏။ ဤစာသည် ပေးထားခဲ့ရန် ကြံပြီးမှ မပေးဖြစ်ခဲ့ပုံရ၏။

တခေါက်ခေါက် ထွက်ကျလာသော ပစ္စည်းများကို အိနိုင် ထပ်၍ စပ်စု၏။ ရွှေဆိုင်ဘောက်ချာများနှင့် ပတ်၍ သားရေကွင်းနှင့် စည်းထားသော ငါးကျပ်သား ရွှေနှစ်တုံးနှင့် ဆွဲကြိုးတစ်ကုံး။ အားလုံးကို အိတ်ထဲပြန်ထည့်ကာ နေသားတကျ ပြန်ထားပြီး အိနိုင် ဗီရိုကို ပြန်ပိတ်လိုက်လေသည်။ ဤလူအကြောင်းကို သူ ကောင်းကောင်း သိသွားပြီ ဖြစ်၏။

၎င်း နာမည်မှာ ကျော်နေမင်းဆောင် ဖြစ်၏။ အသက်က နှစ်ဆယ့်လေး မပြည့်သေး။ ဘူမိဗေဒနှင့် ဘွဲ့ရပြီး အခြားသော လက်မှတ်ပေါင်းစုံ ရထားသည့် ပညာတတ်တစ်ယောက်။ အမေမရှိတော့။ အဖေဖြစ်သူ ဦးမင်းဆောင်နှင့် အတူနေ၏။ မန္တလေးဇာတိ။ ယခုတိုက်ခန်းမှာ ရန်ကုန်လာလျှင် သူတို့သားအဖ တည်းရန် ဝယ်ထားသော အခန်း။ ဖအေက မိန်းမပေးစားရန် ကြံသည်ကို သားက မယူချင်၍ ရန်ကုန်လာရှောင်နေချိန်။ အိုကေ။ သူ့ဒုက္ခများအတွက် ဤလူကို အကူအညီတောင်း၍ အသုံးချရန် အိနိုင် ဆုံးဖြတ်လိုက်လေသည်။



# (၉)

သူ့အဖေ အပ်၍ထားသဖြင့် ဤကောင်လေးကို တစေ့တစောင်း ကြည့်ရှုနေရသည်မှာ ဦးမြိုင်လှအတွက် တဒုက္ခဖြစ်၏။

ကောင်လေးကတော့ သူ့အဖေ ဦးမင်းဆောင်နှင့် မိမိမှာ အပြန်အလှန် ကျေးဇူးခံကျေးဇူးစားများ ဖြစ်ခဲ့ကြသည်ကို မသိ။ ထိုစဉ်က ချာတိတ်အလွန်ငယ်သေးသည်။ လမ်းပေါ်ပြေးဆော့နေသော ကလေးအရွယ်သာ။

နောက်တော့ ဦးမြိုင်လှတို့ မန္တလေးမှ ရန်ကုန် အပြီးပြောင်းလာကြသည်။ ထိုစဉ်က ကျောက်မြောင်းရပ်ကွက်ကြီးသည် ယခုကဲ့သို့ မဟုတ်။ လမ်းတွေ လမ်းတွေမှာ သစ်သားအိမ်ကလေးများနှင့် လူနည်းနည်း အိမ်နီးချင်းနည်းနည်းနှင့် လမ်းတစ်လမ်းချင်းတွင် မိသားစုချင်း သဲသဲကွဲကွဲ ရှိကြ၏။ ထိုသို့ဖြင့် ခေတ်၏အလိုအရ ကန်ထရိုက်ဆိုသော သတ္တဝါတွေ အလျှိုလျှို ပေါ်လာကြပြီးနောက် ဦးမြိုင်လှလည်း သူ ဝယ်ထားသော သစ်သားအိမ်ကလေးအား ကန်ထရိုက်တိုက် ပြောင်းဆောက်ရလေ၏။ ထိုအခါ ကိုမင်းဆောင်က ခြောက်လွှာတွင် တစ်ခန်းဝယ်ယူ အားပေး၏။ ထိုသည်ကို မန္တလေးတက္ကသိုလ် တက်လိုတက်၊ သင်တန်းတွေ တက်လိုတက်၊ နိုင်ငံရပ်ခြားတွင် လပိုင်း နှစ်ပိုင်း ကျောင်းသွားတက်လိုတက်နှင့် ဖြစ်၍နေသော ကျော်နေမှာ လုံးလုံး မသိ။ သူ့အဖေ ကိုမင်းဆောင်ထံလည်း 'တို့ရန်ကုန်ဆင်းရင် တည်းရခိုရ အဆင်ပြေအောင် ကျောက်မြောင်းထဲမှာ တိုက်တစ်ခန်း ဝယ်ထားတယ်' ဟုလောက်သာ သူ့သားအား ပြောထား၏။ ယုတ်စွအဆုံး ကိုမင်းဆောင်မှာ ဦးမြိုင်လှနှင့် မည်သို့ရင်းနှီး



www.burmeseclassic.com

www.burmeseclassic.com



သည်ကိုပင် ထိုသတ္တဝါလေးအား မပြောထား။ ဤကောင်လေး ရန်ကုန်လာလျှင် ဘာတွေလုပ်လုပ်နေတတ်သည်ကို ဦးမြိုင်လှအား စပိုင်ထားရန် ကြံထားပုံရ၏။ ထိုသို့ဖြင့် ဦးမြိုင်လှသည် ကျော်နေ ရန်ကုန်လာတိုင်း စပိုင်ဖြစ်၍ နေတော့၏။

ကောင်လေးမှာ သူ့ ကြိုက်ပုံမရ။ အတော်စပ်စုသော အဘိုးကြီး ဝေတကားဟု ယူဆထားပုံရ၏။ မကြာခဏ ချာတိတ်မျက်လုံးတွင် သူ့အား မြင်မြင်ချင်ပုံရသည်ကို တွေ့ရ၏။ ကိစ္စမရှိ။ ဦးမြိုင်လှ၏ သဘောကား ကိုမင်းဆောင်သားကလေး အကျိုးမနည်းလျှင် တော်ပြီ။ ချာတိတ် သူ့ကို ဘယ်လိုမြင်မြင် ရှိစေတော့။

ချာတိတ်ကား လိမ္မာရှာပါသည်။ အလုပ်ကိစ္စပြီးတိုင်း ရက်မဆိုင်းဘဲ မန္တလေး ပြန် ပြန်သွားလေ့ ရှိ၏။ ဤတစ်ခေါက်မှာမှ ထူးလာလေသည်။

သူ့အဖေက မိန်းမ တစ်ယောက်ပြီး တစ်ယောက်နှင့် အဆက်မပြတ် စပ်ဟပ်ပေးလိုက်မိသဖြင့် စိတ်ညစ်ပြီး ရန်ကုန်ပြေးလာသည် ဆို၏။ သို့သော် ချာတိတ်ကို ကြည့်ရသည်မှာ စိတ်ညစ်နေပုံလည်း သိပ်မရ။ သူ့ဟာသူ ဝယ်ခြမ်းချက်ပြုတ် စားသောက်ကာ သူ့အခန်းထဲ နေ နေတာသာများ၏။ ဦးမြိုင်လှ သိပ်မသင်္ကာ။ ခေတ်ကာလကလေးများ မာယာများလှသည်ကို သူ ကောင်းကောင်း သိ၏။ တန်တော့ ဤသူငယ် မဖွယ်မရာ ကျိတ်ကြံနေပြီဟု တထစ်ချ ယူထား၏။ ဤနေ့တော့ ပက်ပင်းတွေ့လေပြီ။

သူ လစ်ပြီ အထင်နှင့် ကောင်မလေးတစ်ယောက်ကို သူ့အခန်းခေါ်ရန် ကြံ၏။ မိမိက မိသွား၍ မေးတော့ သူကပင် မသိသလိုလိုနှင့် အံသြပြနေသေး၏။ ကောင်မလေးမှာ ဒီကောင့်ထက် ငယ်ပုံရ၏။ သို့သော် ဦးမြိုင်လှအတွက် တစ်ခုခက်နေသည်မှာ ချာတိတ်နှင့် အတူပါလာသော ကောင်မလေးကား ဖြူဖြူချောချော မျက်ခုံးလေးကောင်းကောင်းနှင့် ဘယ်သူ့ ခေါ်ပြပြ ထိပ်ဆုံးတန်း အထက်တန်းလွှာမှ ဆင်းသက်ပေါက်ဖွားလာသော အမျိုးကောင်းသမီးလေးသာ ဖြစ်သည်ဟု လောင်းကြေးပင် ထပ်နိုင်သော ကလေးမလေး ဖြစ်၏။





ဟိုအကောင်က သူ့နှမဟု ပြီးစလွယ် ပြောကာ တက်သွား၏။ ကောင်မလေးကလည်း သူ့ကို ယဉ်ကျေးစွာ ပြုံးပြကာ သူ့ရှေ့မှ ခေါင်းငုံ့ဖြတ်လျှောက်ပြီး လိုက်တက်သွား၏။ တစ်ခုခုတော့ လွဲ၍ နေလေပြီ။ ခေတ်ကာလသားသမီးများသည် လူကြီး လူကြီးမှန်း သိကြသည် မဟုတ်။ လူကြီး လူကြီးမှန်း သိကြတာက ရှား၏။ ဒီကလေးမလေး ဘယ်ကနည်း။

ကျော်နေဆိုသော ချာတိတ်တွင် နှမဆို၍ ဝမ်းကွဲတောင် မရှိမှန်း ဦးမြိုင်လှ ကောင်းကောင်း သိ၏။ ပြီးတော့ ကောင်မလေးမှာ ငိုထားပုံရ၏။ မျက်လုံးကြည်ကြည်လေးများတွင် မျက်ခွံလေးများ နီရဲကာ မို၍ နေ၏။ ဤကိစ္စသည် အရေးကြီးလေပြီဟု ဦးမြိုင်လှ ယူဆလိုက်၏။

ပထမ လမ်းထိပ်က ဆိုက်ကားဂိတ်ကို သွား၏။ မိမိတို့တိုက်မှ လူဝင်လူထွက်ကို မျက်ခြေမပြတ် စောင့်ကြည့်ပေးရန် ဆိုက်ကားဆရာ ရှစ်ယောက်အား တစ်ယောက် တစ်ထောင်ပေးကာ ကင်းချလေ၏။ ဒုတိယ သူ ဦးတည်မိသည်ကား …

'ရပ်ကွက်ရုံး'



www.burmeseclassic.com

www.burmeseclassic.com

# (၁၀)

ကိစ္စပေါင်းစုံ လျှောက်စဉ်းစားရင်း ဆိုဖာပေါ်တွင် အိပ်ပျော်သွားရာမှ ကျော်နေ လန့်နိုးလာ၏။

ပထမ သူ့ကိုယ်သူ ရန်ကုန်မှာလိုလို မန္တလေးမှာလိုလို ထင်နေသေး၏။ နောက်မှ တစ်စုံတစ်ရာကို သတိရကာ ချက်ချင်း ခုန်ထ၏။

'အရှုး'

အိမ်ထဲ အရှုးမတစ်ယောက် ရောက်၍နေသည်ကို အေးအေးလူလူ အိပ်ပျော်သွားမိသဖြင့် ကျော်နေ သူ့ကိုယ်သူ ကျိန်ဆဲလေ၏။ နံရံတွင် ဖြစ်သလို ချိတ်ထားသော နာရီကို လှမ်းကြည့်တော့ ခြောက်နာရီတောင် ခွဲ၍ နေပြီ။ ကျော်နေ ဘာဘုရားတရမှန်းမသိ ဖြစ်သွား၏။ သူ အကြာကြီး အိပ်ပျော်သွားလေသည်တကား။

အရှုးမ။

အရှုးမ ဘယ်ရောက်သွားလေပြီနည်း။

အိမ်ခန်းထဲတွင် ကောင်းစွာ တိတ်ဆိတ်၍တော့ နေ၏။ သို့သော် တိတ်နေရုံနှင့် စိတ်မချရ။ အရှုးမအား လိုက်တော့ ရှာရပေမည်။ အိမ်တစ်အိမ်လုံး မီးထရှို့မထားသည်ကိုပင် ကျေးဇူးတင်မိတော့သည်။ အရှုးဟူသည်ကား အများသူငါ သိကြလေသည့်အတိုင်း ဘယ်သူမှ အနိုင်ရလှသည်မဟုတ်။ ကျော်နေ ချက်ချင်းထကာ အိပ်ခန်းဘက် သွားလေ၏။

တံခါးမှာ သူ အိပ်ပျော်မသွားမီကအတိုင်း စေ့စေ့စပ်စပ် သော့ခတ်ထားလျက် ရှိ၏။ တံခါးနား အသာကပ်ကာ အထဲမှ အသံကို နား

www.burmeseclassic.com



ထောင်ကြည့်၏။ ဘာသံမှ မကြားရ။ အရှူးမ အိပ်ပျော်နေလေသလား။ ဒါမှမဟုတ် သေများ သွားလေပြီလား။ သေသွားရင်တော့ ဒုက္ခ။ ပြဿနာသည် ရှင်း၍ရတော့မည် မဟုတ်။

'ဝုန်း'

'ဆပ်ပြာတွေ ပျော့ကုန်လို့ …'

တံခါးနား ကပ်နားထောင်နေစဉ် တံခါးကို ရုတ်တရက် ဆွဲဖွင့်လိုက်လေရတကား ကျော်နေမှာ အလန့်ကြီးလန့်ကာ ဘာတွေအော်လိုက်မိမှန်း မသိဘဲ ဖင်ထိုင်လျက် ပြုတ်ကျလေ၏။ ကြည့်လိုက်တော့ …

အရှူးမသည် ကျော်နေ၏ အရေးတကြီး သိမ်းဆည်းထားသော စာရွက်စာတမ်း အချို့ကို ဘယ်ဘက်လက်တွင် ကိုင်ထား၏။ ညာဘက်လက်တွင်တော့ အပြာရောင် ဂက်စ်မီးခြစ် တစ်လုံး။ ကျော်နေ အတော်ခေါင်းနားပန်းကြီးသွား၏။ ဖင်ထိုင်လျက်ကြီး ပြုတ်ကျနေရာက ကပျာကယာ တောင်းပန်၏။

'မ မလုပ်ပါနဲ့ မယ်မင်းကြီးမ၊ ဟုတ်သေးပါဘူး တောင်တော်ရှင်မ အာ … မဟုတ်သေးဘူး၊ ဂုတ်စာမ အဲ … ဆောရီး သခင်မ သခင်မ … မလုပ်လိုက်ပါနဲ့ ခင်ဗျ'

တံခါးဝတွင် အရှူးမမှာ ပြုံးစိစိနှင့် ကျော်နေအား ကြည့်နေလေ၏။ အရေးထဲ တွေးမိသည်မှာ အရှူးမ အတော်လှခြင်း ဖြစ်၏။

နှဖူးကျဉ်းကျဉ်းလေးနှင့် ထိစပ်နေသော ဆံစနေရာလေးများမှာ စိမ်း၍ နေ၏။ နောက် မျက်ခုံး။ ထူထူတန်းတန်းလေးနှင့် နက်မှောင်ကာ နေ၏။ အနေတော် ပါးဖောင်းဖောင်းလေးများမှာ ပန်းသွေးရောင် ပြေးနေ၏။ ထို ပါးလေးပေါ်တွင် ကြက်သွေးရောင် သွေးကြောမျှင်မျှင်လေးများ။ နှာခေါင်းလေးက ဣန္ဒြေရရ ချွန်ကျနေသည်။ ပြီးတော့ နှုတ်ခမ်း။ တစ်သက်တာတွင် မမြင်ဖူးသော ပန်းရောင်နှုတ်ခမ်း ထူထူစုစုလေးများက တင်းတင်းစေ့နေ၏။ ပြုံးနေသည် ဆိုသော်ငြား အရာရာကို စိတ်မချသော အပြုံး။ နက်မှောင်မှောင် ဆံပင်လေးများက ဂုတ်ပေါ် မညီမညာဝဲလျက်။ အနေတော် ခန္ဓာကိုယ်လေးပေါ်တွင် ပန်းနုရောင် တီရှပ်လေးက မညီမညာ ဝဲလျက်။ ဒူးဖုံးရုံ သရီးကွာတား ဂျင်းဘောင်းဘီလေးနှင့် ချပ်ချပ်ရပ်ရပ်။ ဤမျှ





သန့်ရှင်းစွာ လှ၍နေသော အရှူးကို သေချာတွေ့ချိန်၌ ကျော်နေသည် ထိုင်လျက်ကြီး တွေဝေသွားလေ၏။ ဘယ်အရပ် ဘယ်ဒေသကနည်း။ မိုးပေါ်မှ ရုတ်တရက်ကျ၍ လာလေသည်လား။ ကျော်နေ မလှုပ်ရှားမိသော်လည်း အရှူးမလေးမှာ လှုပ်ရှားလာလေ၏။ ထူစုစု နှုတ်ခမ်းလေးများကို ကွေးကာတွန့်ကာ ပြုလျက်

'ကျွန်ပေါကြီးရဲ့ … သခင်မ ဗိုက်ဆာပြီလေကွယ်၊ စက်နာရီတစ်ခိုအတွင်း သခင်မကို ကြေးအိုးဆီချက်တော် ဆက်စမ်း၊ နောက်ပြီး အမိန့်မရဘဲ သခင်မ နန်းဆောင်ထဲ ဝင်မလာလေနဲ့၊ တောင်စွယ်နေကုတ်ရင် ဇက်ပြုတ်သွားမကွဲ့နော်'

'ဝုန်း'

'တင်ပါ့ … ဟုတ်ပေါင်'

တံခါး ပြန်ပိတ်သွား၏။ ကျော်နေမှာ အူကြောင်ကြောင် ကျန်ခဲ့လေသည်။ ကြေးအိုးဆီချက် ဆိုပါလား။ ဒုက္ခရောက်နေတာကတော့ မှန်၏။ သို့သော် ထိုဒုက္ခသည် အလွန်တရာ လှပလေသည်။ လှပခြင်းသည် အရေးတော့ ကြီးလှသည် မဟုတ်ပါ။

ကျော်နေ့အတွက် အရေးကြီးသည်မှာ လှပခြင်း မဟုတ်။

ရှုးသွပ်ခြင်းသာ ဖြစ်လေသည်။

ကျော်နေသည် တစ်သက်နှင့်တစ်ကိုယ် သူ ခံယူထားခဲ့သော တစ်စုံတစ်ရာကို အပြီးတိုင် စွန့်လွှတ်လိုက်လေတော့၏။

'ကျွန်ပေါကြီးရေ … ဆေးလုံးကြီး မျိုပြီးပြီလား'

'မှန်ပါ သခင်မ'

လှည့်ထွက်လာရင်း ကျော်နေ ပြောခဲ့မိလေ၏။

သခင်မ တံခါး လုံခြုံပါစေတော့။



www.burmeseclassic.com

www.burmeseclassic.com

# (၁၁)

ရုတ်တရက် အကြံရပြီး လုပ်မိလုပ်ရာ လုပ်လိုက်မိခြင်းက အဆင်ပြေသွားသဖြင့် လတ်တလောတော့ အိနိုင် အသက်ရှူ ချောင်သွားလေသည်။

ဤသူသည် အကြောင်းကြောင်းနိုင်လှသည်မှအပ ကောင်းကောင်းမွန်မွန် နေထိုင်လျက်ရှိသော လူတစ်ယောက်ဖြစ်ကြောင်း ယုံကြည်မိလေ၏။ သူ့ကို အရူးထင်၍ နေလေသဖြင့် လတ်တလောတော့ ပြဿနာရှိမည် မဟုတ်။ သို့သော် ဆရာဝန်တွေ ဘာတွေ ခေါ်၍လာကာ ဆေးရုံဖမ်းပို့မည့် အန္တရာယ်တော့ ရှိနိုင်၏။ နောက်တစ်ခုက ၁၉ လမ်းမှ သူငယ်ချင်း။ အဆက်အသွယ်ရမှ ဖြစ်မည်။ သူ ပျောက်သွားသဖြင့် စိတ်ပူပြီး ရဲတွေဘာတွေ သွားတိုင်မှ ဤအခန်းပိုင်ရှင် တော ဒုက္ခရောက်နေဦးမည်။ ပွစိပွစိနှင့် ဘာတွေမှန်းမသိပြောကာ အိမ်တံခါးသော့ခတ်၍ ဆင်းသွားသံကြားရ၏။ အိမ်ခန်းထဲ တိတ်ဆိတ်လျက် ကျန်ခဲ့လေသည်။ အခန်းထဲမှ အသာထွက်၍ အိနိုင် အိမ်ထဲလျှောက်ရှာမိ၏။ အဓိကက တယ်လီဖုန်း။ ဤခေတ်အခြေအနေအရ ဤသူထံတွင် ဟန်းဖုန်းတစ်လုံးလောက်တော့ ရှိကိုရှိရမည်ဟု အိနိုင် ယူဆထား၏။ တွေ့ပြီ။ အိမ်ရှေ့ဆက်တီခုံတွင် ကျ၍နေသော ဖုန်း။ ကြည့်ရတာ ဟိုလူ ပျာယီးပျာယာ ထွက်သွားစဉ် ကျန်ခဲ့ပုံရ၏။ အိနိုင် တယ်လီဖုန်းကို ကောက်ကာ အလွတ်ကျက်၍ထားသော အိမ်ဖုန်း နံပါတ်တစ်လုံးအား နှိပ်လေ၏။



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာဦးကတည်းက
သုံးနေကျ မြား ဆိုပဲ
တစ်ခါမှ မလွဲသေးဘူးတဲ့။
လူတွေက
ဒီမြားတစ်ချောင်းပဲ
ကောင်လေးလက်ထဲ ရှိတယ်လို့
ယုံ ယုံနေကြတဲ့
လှူသိရှင်ကြား မြားတစ်စင်း …။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

မြားနံ့ပါတ် ၅
(သက်ဆိုင်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၁၂)

'ဟဲလို'

'ကျွန်တော်ပါ မမ၊ တွေ့တော့ တွေ့လိုက်တယ်၊ သူ ရန်ကုန်မှာ ရှိနေတယ် မမ၊ ကျွန်တော်တို့ လိုက်တာ မျက်ခြေပြတ်သွားတယ်'

'..............'

'မဟုတ်ဘူး မမ၊ သူ တစ်ယောက်တည်းပဲ၊ ဘယ်မှာနေလဲတော့ ကျွန်တော်တို့လည်း လိုက်နေတုန်းပဲ မမ'

'..............'

'မသိသေးဘူး မမ၊ ကျောက်မြောင်းနားမှာ ပျောက်သွားတယ်၊ အဲဒီနားတဝိုက်မှာ ခိုနေတယ် ထင်ရတာပဲ'

'..............'

'မလိုသေးဘူး မမ၊ စိတ်ချပါ၊ ကျွန်တော်တို့ မတွေ့တွေ့အောင် ရှာပါ့မယ်၊ ဒါပေမဲ့ တွေ့ရင်တောင် ဘာမှလုပ်လို့ မရဘူး ဖြစ်နေတယ်၊ ကျွန်တော် သိသလောက်တော့ သူလည်း ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေပုံပဲ'

'..............'

'မထည့်နဲ့ဦး မမ၊ ကျွန်တော် ကြိုးစားကြည့်ပါဦးမယ်၊ မရှု မမ ပြောသလို စီစဉ်ကြည့်ရင်လည်း စီစဉ်ကြည့်ကြတာပေါ့'

'..............'

'ရတယ် မမ၊ မပို့နဲ့ဦး၊ ကျွန်တော် အဆင်ပြေတယ်၊ ထူးခြားမှု



www.burmeseclassic.com

www.burmeseclassic.com



ထပ်ဆက်မယ် မမ'

'...............'

'ဟုတ်ကဲ့ စိတ်ချပါ မမ၊ မဖြစ်စေရပါဘူး၊ ကျွန်တော် ကြိုးစား နေပါတယ်'



(၁၃)

'အမိန့်ရှိပါ ခင်ဗျာ'

'...............'

'ဟုတ်လား အစ်ကို၊ သေချာရဲ့လား'

'...............'

'မရှိဘူး အစ်ကို၊ သေချာတယ်၊ အစ်ကိုသိတဲ့အတိုင်းပဲ၊ ဘယ်သူမှ မရှိဘူး အစ်ကို'

'...............'

'အဲဒါတော့ ကျွန်တော်လည်း သေချာမပြောတတ်ဘူး အစ်ကို'

'...............'

'ဟုတ်တော့ ဟုတ်မယ်မထင်ဘူး အစ်ကို၊ အစ်ကိုကောင်းသလိုသာ ကြည့်စီစဉ်ပါ၊ အစ်ကို့ကိုပဲ အပ်ပါတယ်'

'...............'

'စိတ်ချပါ အစ်ကို၊ ထူးရင်လည်း ပြောပါ၊ နောက်ပြီး အစ်ကို လိုတာရှိလည်း ပြောပါ၊ ကျွန်တော်တို့က ခွေလိုမျိုးလိုဆိုတော့'

'...............'

'ဟုတ်တယ် အစ်ကို၊ မသိတာပဲ ကောင်းမယ် ထင်တာပဲ၊ အစ်ကို ကောင်းသလိုသာ စီစဉ်ပါ အစ်ကို၊ အစ်ကို အလကားနေရင်း အလုပ်ရှုပ် နေတာ ကျွန်တော်က အားနာနေတာ၊ ဟုတ်ကဲ့ ဟုတ်ကဲ့ ကျေးဇူးတင်ပါ တယ် အစ်ကို'



www.burmeseclassic.com

www.burmeseclassic.com

'...............'

'ပြောသာပြောပါ အစ်ကို၊ ဟုတ်ကဲ့ ရတယ် အစ်ကို၊ ဆက်သာ ဆက်ပါ၊ ကျေးဇူးပါ အစ်ကို'

'...............'



## (၁၄)

'ဟလို'

'...............'

'ဟဲ့ နင် ဘယ်က ဆက်နေတာလဲ'

'...............'

'ဟော ဟုတ်လား၊ အဲဒီတော့ ...'

'...............'

'ဟဲ့ ဘာမှန်းညာမှန်း မသိ'

'...............'

'ဟုတ်လား၊ မဆိုးတော့ မဆိုးဘူးပေါ့ဟယ်'

'...............'

'အေးပေါ့၊ ဟုတ်မှာပေါ့၊ အဲဒီတော့ ...'

'...............'

'ဟုတ်လား၊ ဟား ဟား နင်က ဉာဏ်ကောင်းတာပဲ၊ ဒီလောက်တော့ ဖြစ်ပါတယ်ဟ'

'...............'

'ဟုတ်လား အေး အေး၊ နင် အဆင်ပြေနေရင် ပြီးတာပဲ၊ ဖုန်းတော့ဆက်ဟာ၊ အေး အခြေအနေ သိရတာပေါ့၊ ရတယ် ရတယ်၊ ကိစ္စမရှိဘူး'

'...............'


www.burmeseclassic.com

www.burmeseclassic.com


'အေး အေး ငါမှတ်ထားလိုက်မယ်'

'…………………'

'အေးပါဟဲ့၊ မပြောပါဘူး၊ နင်ကလည်း ငါ့တောင် မယုံမကြည်

'…………………'

'အေး အေး ပြီးရောဟာ ဒါပဲ ဒါပဲ'



# (၁၅)

'……………………'

'ငါ့ခွေးနဲ့မှ၊ ဘယ်သူ့မှန်း မသိလို့ မကိုင်တာဟ၊ နေစမ်းပါဦး၊ ပျာယီးပျာယာနဲ့ မင်းက ဘာဖြစ်နေတာတုံး'

'……………………'

'ဟော ဗုဒ္ဓေါ …အဲဒီတော့'

'……………………'

'ဟ မြန်မြန်ရှင်းလိုက်လေကွာ၊ မင်းကလည်း'

'……………………'

'အေးဟ၊ ဒါလည်း ဟုတ်တာပဲ၊ ဒါဆို မင်းဘယ်လိုလုပ်မလဲ'

'……………………'

'အေး အေး၊ အဲဒါကောင်းတယ်၊ နေဦး နေရာရွေ့ကြည့်ရင်ကော ဘယ်လိုနေမလဲ'

'……………………'

'အေး ဟုတ်တယ်၊ ဒါကျတော့လည်း ပြဿနာ၊ မင်းဟာကလည်း ကွာ'

'……………………'

'အေးပါ အေးပါ၊ စိတ်ချ၊ မင်းခေါ်တာပဲ ငါစောင့်မှာပါ'

'……………………'

'ကြည့်ကျက်လုပ်ပေါ့ကောင်၊ ကြည့်ကျက်လုပ်၊ အလကားနေရင်း



www.burmeseclassic.com

www.burmeseclassic.com



သောက်တလွဲတွေ လျှောက်ဖြစ်နေဦးမယ်'

'......................'

'အေး အေး ပြီးရော ပြီးရော'



## (၁၆)

'ငယ်ကျွန်ပေါကြီး'

'တင်ပါ့ ... ဟုတ်ပေါင် ဘုရား'

'သခင်မကို ပန်းကန်လေး ဖွန်းလေး ဆက်သဦးလေကွယ်၊ ဒီအတိုင်း အထုပ်လိုက်ကြီး လာပေးတော့ သခင်မက ခွေးလို ဟပ်ရမှာလား ဘာလဲ သခင်မကို စော်ကားတာလား'

'မ မ မဟုတ်ပါဘူး သခင်ကြီး အဲ ဆောရီး ... သခင်မကြီး ကျွန် ကျွန်တော်မျိုး မေ့လို့ပါ၊ ခ ခထာစောင့်ပါ ခင်ဗျ'

'ဒီလိုမှပေါ့ကွယ့် အမယ် ကြည့်စမ်း ... ပန်းကန်တွေ ဖွန်းတွေ ဖြစ်သလို ရေဆေးလာတယ် မဟုတ်လား၊ ဆီတွေနဲ့ ချွဲနေပြီး ရေစက်တွေလည်း သီးလို့၊ သခင်မကို အောက်တန်းစား မှတ်နေလားဟဲ့'

'မ မမှတ်ပါဘူး အရှုးမရဲ့ အဲ ... ဆောရီး သခင်မရဲ့၊ ကျွန်တော်မျိုးမှာ ရှိတာပေးရတာပါ'

'အေး အေး ပြီးရော၊ နေဦး ... ဘယ်ဆိုင်နန်းက ကြေးအိုးဆီချက်တော်ကြီးတုံးကွဲ့'

'လမ်းဘေးက ဖြစ်သလို ဝယ် ...'

'ဘာကွယ့်'

'ဩော် ဩော် လမ်းဘေးက ဖြစ်သလိုဝယ်လာတာ မဟုတ်ဘူး လို့ ပြောမလို့ပါ ဟိုဟာမ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာပြောတယ်'

'သခင်မ သခင်မလို့ ပြောတာပါ ခင်ဗျာ'

'လျှောက်တင်စမ်း၊ မြန်မြန် လျှောက်တင်စမ်း၊ ငယ်ကျွန်ပေါကြီး နှယ် … အရူးထပြန်ပြီ ထင်တယ်၊ သခင်မ မသတီရင် မသုံးဆောင်ဘူး ဆိုတာ မေ့ပြန်ပြီလား၊ မဖြစ်သေးဘူး၊ မနက်ကျမှ ဆေးလုံးတော်ကြီး ချိုးမြှင့်ဦးမှပါပဲ'

'အာ … အာ … လုပ်တော်မမူပါနဲ့ ခင်ဗျ၊ ကြေးအိုးဆီချက် တော်ကြီးက သခင်မ သုံးဆောင်တော်မူနေကျ ဝေသာလီကောက်တွဲဆိုင် နန်းကပါ ခင်ဗျ၊ စိတ်ချရပါတယ်၊ သခင်မ အလိုကျ ဟို … အချိုမှုန့် လည်း လျှော့ထားပါတယ်'

'ကြေးအိုးဆီချက်ကို အချိုမှုန့်လျှော့မှတော့ ဘာအရသာ ရှိမှာ တုံး၊ တစ်သက်လုံး စားလာတဲ့ အချိုမှုန့်၊ မှောင်ခိုအချိုမှုန့်နဲ့ ကြီးလာတဲ့ သခင်မက အချိုမှုန့်လျှော့ခိုင်းထားမှတော့ ဘာအရသာခံတော်မူရမှာတုံး၊ ငယ်ကျွန်တုံးပေါကြီးရဲ့'

'ဟို ဟို … ခေတ်ကာလအရ ဟော့နေတာက ကောင်မလေးတွေ အချိုမှုန့် ရှောင်ကြတယ်လို့ ဝေသာလီကောက်တွဲက ပြော ပြောတာနဲ့'

'တိတ်စမ်း၊ သခင်မကိုများ ကောင်မလေး ခေါ်စရာလား၊ ကျွန် ပေါကြီးနော် သခင်မ စိတ်ဆိုးပစ်လိုက်ရမလား'

'မ မလုပ်ပါနဲ့ အစ်မရယ်၊ ဟုတ်ပေါင် သ သခင်မရယ်'

'ဝေသာလီကောက်တွဲအကြောင်းကို သခင်မ အသိဆုံး၊ တစ်သက် လုံး ကူလီကူမာ အမျိုးမျိုး လုပ်လာတာ၊ သခင်မကို ကြွက်သားပေါက်စီ တွေ လာ လာဆက်ပြီး ကွယ်ရာမှာ ကြွက်မကြွက်မ ခေါ် ခေါ်နေတာ သခင်မ မသိဘူး ထင်လို့လား၊ ဒင်းသနားလို့ သခင်မ မသိချင်ယောင် ဆောင်နေတာ၊ မှန်မှန် လျှောက်တင်စမ်း ငယ်ကျွန်ကြီး၊ ကောက်တွဲ သူ့ဟာသူ ထုံးစံအတိုင်း ချက်ချင်သလို ချက်ပေးလိုက်တာကို ငယ်ကျွန်ကြီး ဝယ်လာတာ မဟုတ်လား'

'မ မဟုတ် … ဟုတ် ဟုတ်'

'ဟုတ် ဟုတ် မဟုတ်ဟုတ် သွားတော့၊ စားစရာရှိတာ နင့်ဟာ





နင် သွားစား၊ သခင်မကို လာမနှောင့်ယှက်နဲ့တော့'

'သောက်ကျိုးနည်း အခုမှ ဝဋ်ကျွတ်တော့တယ်'

'ဘာပြောတယ် ငယ်ကျွန်ကြီး'

'ဘာ ဘာ ဘာမှမပြောမိပါလား ခင်ဗျာ'

'မပြောရင်လည်း ပြီးရော၊ မနက်ကျမှ နင့်တော့ ဆေးလုံးတော် ကြီး မျိုခိုင်းရဦးမယ်၊ ပေါတောတော ပြန်ဖြစ်လာပြန်ပြီ၊ ဟဲ့အကောင် သေချာ လိုက်မှတ်စမ်း'

'ဗျာ'

'မနက်ကျရင် မုန့်ဟင်းခါး မုန့်ဖတ် နှစ်ဆယ်သား ရအောင်ရှာ ဝယ်ထားစမ်း၊ နင့်ကို သခင်မ ကိုယ်တိုင် ဆေးလုံးတော်ကြီး ပြန်ဖော်တိုက် မှ ဖြစ်တော့မယ်၊ အခုတလော နင် အရူးပြန်ထချင်နေတယ်'

'မြတ်စွာဘုရား'



www.burmeseclassic.com

www.burmeseclassic.com

# (၁၇)

ကိုးရိုးကားရား ဖြစ်ပြီးနောက် အရှုးမပြန်ငြိမ်သွားသည် ဖြစ်ရာ ကျော်နေ ကြေးအိုးဆီချက် အကျန်တစ်ထုပ် ပိုက်ဂျက် ညေ့ခန်းတွင် လာထိုင်စားနေလေ၏။

အရှုးမကတော့ ငြိမ်သွားလေပြီ။

အခန်းထဲတွင် ဘာသံမှ မကြားရတော့။ ရှန်းရင်းဆန့်ခတ် မီးထံ မရှိသည်ကိုပင် ကျေးဇူးတင်နေရမလိုလို။ ငါ့နှယ်နော်။ ဘယ်နှယ့် ကြုံဟ် ဆိုးလာဝင်သည် မသိ။ ဒီအရှုးမကို ဘယ့်နှယ့် နှင်ထုတ်ရမှန်းလည်း မသိသေး။ ဤကြားထဲ သူ့ကိုယ်သူ သခင်မလုပ်၍ ကိုယ့်ကိုခေါ်တာကျ တော့ ကျွန်ပေါ်ကြီးတဲ့။ ကိုယ့်အိမ်မှာ ကိုယ်နေရင်း ဘယ်ကရောက်လာ မှန်း မသိသော အရှုးကို လာ ခယနေရ၏။ အရေးထဲ ကြုံရာက ပြေးဝယ် လာရသော ကြေးအိုးဆီချက်က မာဆတ်ဆတ်နှင့်။ စားနေရင်းက စိတ် ထင့်၏။ အရှုး စားမကောင်း၍ စိတ်ဆိုးလျှင် ...

'ဟဲ့ အကောင်'

'အု ... အု ... ဖရ'

ပခုံးကိုလာပုတ်၍ အနားကပ်အော်လိုက်သည်မှာ လိပ်ပြာလွှင့် မတတ် ဖြစ်၏။ သီးမလိုဖြစ်သွား၍ ပါးစပ်ထဲထည့်စ ကြာဆံဖတ်များ ပန်းကန်ထဲ ပြန်ထွက်ကျကုန်၏။ ကျော်နေမှာ မျက်လုံးပြူးကာ နေစောင်း ပါးစပ်ထဲ တို့လို့တွဲလောင်း ကြာဆံဖတ်များ မသိမ်းနိုင်ဘဲ ကပျာကယာ လှည့်ကြည့်ရ၏။ အရှုးမလေးကား ထိုသည်ကို ရှုံ့သွားပုံရ၏။ သိတာဝင်



www.burmeseclassic.com

www.burmeseclassic.com



ဝင့် နှုတ်ခမ်းထူလေးများ စုကာ မျက်နှာကို မဲ့၍ ကြည့်ရင်း

'ကြည့်စမ်း၊ ငယ်ကျွန်ပေါကြီးဟာလေ ဘာမှ မသိဘူး၊ ဒီလောက် မကောင်းတဲ့ ကြေးအိုးဆီချက်ကို ခွေးလိုပဲ ကျုံး ကျုံး ဟပ်နေတယ်၊ စားကောင်းမှန်း မကောင်းမှန်း မသိ၊ အရသာရှိမှန်း မရှိမှန်း မသိ၊ ဒီမှာ သခင်မ မျိုကျတော် မမူပေဘူး၊ သခင်မ ဒယ်အိုးတော်ကြီး ထုတ်ပေးစမ်း၊ ဒီကြေးအိုးဆီချက်တော်ကို သခင်မကိုယ်တိုင် ပြုပြင်တော်မူပြီး သုံးဆောင်တော်မူမယ်၊ ဖိုဆောင်တော်ကို သခင်မ ကိုယ်တိုင် ဝင်တော်မူမယ်'

'ဟို ဟို ... ဝေသာလီကောက်တွဲ'

'ရှည်မနေနဲ့၊ ကောက်တွဲတွဲ ဖြောင့်ဆန့်ဆန့် ... သခင်မကို ဖိုဆောင်တော်ပို့စမ်း'

'တင်ပါ့ ကွက်မ၊ ဟုတ်ပေါင် သ သခင်မ၊ ဒါ ဒါရော့ဆက်စားရမလား ခင်ဗျာ'

'မစားနဲ့၊ ပေးစမ်း သခင်မကို ... ဒီလောက်မကောင်းတဲ့ဟာ သခင်မ ပြင်ပေးမယ်၊ လာ ဖိုဆောင်တော်ထဲ သွားမယ်'

အတင်း ဆွဲခေါ်သွားသဖြင့် ကျော်နေ မီးဖိုခန်းဘက် ယက်ကန်ယက်ကန် ပါသွားလေ၏။ စားလက်စဟာလည်း အရှူးလက်ထဲ ပါ၍သွားပြီ ဖြစ်သဖြင့် ကျော်နေ စိတ်လျှော့လိုက်တော့၏။ ဒီတစ်ညတော့ ငတ်ပေါ့ကွာ။

နောက်ဖေးတွင် ဘာတွေလုပ်၍နေသည် မသိ။ အသံတွေတော့ ကြားနေရ၏။ ငါ၏ မီးဖိုချောင်ကိုတော့ အရူးမ ဝင်၍ မွှေနေလေပြီတကားဟု စဉ်းစားကာ တစ်ခုတည်းသော အိမ်ရှေ့ဆိုဖာပေါ်တွင် ကျော်နေ ပက်လက်လန်ကာ နေလေ၏။ ဆီ၊ ဆား၊ ဆန္ဒင်း၊ အချိုမှုန့်၊ ငံပြာရည်လည်း လုံလောက်စွာ ရှိသည်မဟုတ်။ ကုန်တဲ့ဟာ ကုန်၍ ကုန်တဲ့ဟာ ကုန်နေပေလိမ့်မည်။ ဘာတွေကုန်၍ ဘာတွေကျန်နေမှန်းလည်း ကျော်နေ မမှတ်မိ။ သူက စိတ်ကူးပေါက်မှ တစ်ခါတလေ အိမ်တွင် ချက်စားဖြစ်သူ ဖြစ်၏။ များသောအားဖြင့်တော့ ရန်ကုန်လာတိုင်း ဆိုင်တကာမှာ အစားကိစ္စပြီးနေကျသာ။ ကြက်သွန်အလူး အခြောက်အခြမ်းလောက်ကတော့ ရန်ကုန်





လာတိုင်း ဤအခန်းအတွက် ဝယ်ထားဖြစ်၏။ သို့သော် မှိုတက်သည်တတက်၊ ခြောက်သည်က ခြောက်သွားနှင့် လုံးလည်ချာလည် အမြဲဖြစ်၍နေသော မီးဖိုခန်းဖြစ်၏။ တွေးရင်းမှ သတိရ၏။ ငါ့အိမ်မှာ ဆီကုန်နေပါလား။ နောက် ကြုံရင် ဝယ်ထားဦးမှ။ တော်ကြာ ကြက်ဥတောင် ကြော်စားမရလျှင် ဒုက္ခ။ နောက်ဖေးတွင် ဘာတွေဖြစ်နေသတုံး။ အနံ့တွေလည်း ရနေ၏။

'ရော့'

လန့်သွားကာ အိပ်နေရာမှ ဆိုဖာပေါ်တွင် ငေါက်ခနဲ ထထိုင်မိ၏။ အရူးမလေးက ဘေးမှာ လာရပ်နေလေသည်။ နှာခေါင်းအောက် နှုတ်ခမ်းလေးပေါ်တွင် ချွေးသီးလေးများ အနည်းငယ် စို့နေ၏။ နဖူးဆံစပ်လေးများတွင်လည်း ချွေးလေးတွေ စို့လျက်။ ဘာမှန်းမသိ ကျော်နေ စိတ်ထဲတွင် သနားသွားမိသလို ခံစားရ၏။ ကောင်မလေးက သူ့လက်နှစ်ဖက်မှ ကိုင်လာသည့် ဇလုံခပ်သေးသေး နှစ်ခုအနက် တစ်ခုကို သူ့ထိုးပေးရင်း ပြောလေသည်။

'ရော့ ကျွန်ပေါကြီး၊ ဖြည်းဖြည်းစားနော်၊ ပူတယ်၊ ဒါ သခင်မ သနားလို့ ကျွန်ပေါကြီးကို ချီးမြှင့်တော်မူတာ၊ ကျွန်ပေါကြီးကိုတော့ ဆုံးမဦးမယ်၊ ဖိုဆောင်တော်ထဲမှာ ဘာမှလည်း ဝယ်မထားဘူး၊ သခင်မ တော်သွန်းလို့ ဒီလောက်စားရတယ် မှတ်ကွယ့်၊ သခင်မကို လာမနှောင့်ယှက်နဲ့တော့နော်၊ တောင်စွယ်နေကုပ် ဇက်ပြုတ်ပဲကွယ့်၊ ကြားလား ဘာတဲ့ ပြန်ပြောစမ်း'

'ဟို ... တောင်စွယ်နေကုပ် အဝှာပြုတ်'

'ဇက်ပြုတ်တာဟဲ့'

'ဟုတ် ဟုတ် တောင်စွယ်နေကုပ် ဇက်ပြုတ် ကွက်မ ... မဟုတ်ပေါင်'

'ဘာပြောတယ်'

'တောင်စွယ်နေကုပ် ဇက်ပြုတ်ပါ သခင်မ'

'အေး ဒီလိုမှပေါ့ ကျွန်ပေါကြီးရဲ့၊ စား စား ... သနားစရာတွေးမှ စားရရှာတဲ့ ကျွန်ထုံပေါကြီး'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

သူ့ခွက် သူကိုင်ကာ အခန်းထဲ ပြန်ဝင်၍ တံခါးပိတ်သွားတော့၏။ ကျော်နေသည် ဇလုံလေးကိုင်ကာ အူကြောင်ကြောင် ကျန်ခဲ့လေ၏။ ဇလုံထဲကြည့်တော့ ကြေးအိုးဆီချက်မှ အသွင်ပြောင်း၍သွားသော ကြေးအိုး အရည်သောက်များကို တွေ့ရလေ၏။ တစ်ဇွန်း ခပ်မြည်းကြည့်တော့ ခေဆိုး။ အရွးမလေးက မခေပါလား။ ကျော်နေ ဆာဆာနှင့် စားကာ ဇလုံ ကြမ်းပေါ်ချ၍ ဆိုဖာပေါ် အိပ်ပျော်သွားလေ၏။



# (၁၈)

'တီးတောင် ... တီးတောင်'

'ဒုတ် ... ဒုတ် ဒုတ် ဒုတ်'

'တီး တောင် ... တီး တီး တောင်'

ပထမတော့ အိပ်မက်များ မက်၍နေသလားဟု တွေးမိ၏။ နောက် အိပ်ချင်မူးတူးနှင့် နိုးလာတော့ ထိုသို့မဟုတ်။ သူ့ အိမ်ခန်းတံခါးကို ညကြီးမင်းကြီး တကာယ် လာခေါက်နေသည်ကို ကြားရ၏။ နံရံတွင် ပြီး ချွယ်ချိတ်ထားသော တရုတ်ဓာတ်ခဲနာရီကို လှမ်းကြည့်တော့ ဖုံအလိမ်းလိမ်းကြား တွေ့ရသည်မှာ ဆယ့်နှစ်နာရီ လေးဆယ့်ငါးမိနစ်။

'တီး တောင်'

'ဘုတ် ဘုတ် ဘုတ်'

မဟုတ်သေးပါဘူး။ အချိန်မရှိ အချိန်ရှိ။ ညကြီးသန်းခေါင်ကျော် ဘယ်သူများ တံခါးလာခေါက်၍ နေပါလိမ့်။ ကျော်နေ ဆိုဖာပေါ် အိပ်ပျော်နေရာမှ လူးလဲထကာ လေကားမီးခလုတ်ဖွင့်၍ ချောင်းကြည့်ပေါက်မှ ချောင်း၏။

'မြတ်စွာဘုရား'

ချောင်းကြည့်ပေါက်သေးသေး မှန်ဘီလူးခုံးထဲမှ ပေါက်တောက် မြင်ရသည်မှာ ရပ်ကွက်လူကြီး၏ နှာခေါင်းကြီး။ ပုံသဏ္ဌာန်မမှန်လေသော မှန်ဘီလူးခုံးခုံး သေးသေးလေးမှ ချောင်းကြည့်ရသည်ဖြစ်ရာ ရပ်ကွက် လူကြီးမှာ နှာခေါင်းပွပွကြီးသာ ဟိုလှည့်သည်လှည့် ပေါ်နေပြီး မျက်နှာ


www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ပုံမှန်အတိုင်း မမြင်ရ။ သူ့နောက်မှ လူအချို့ပါလာသည်က မသဲမကွဲ။ ဘာတွေဖြစ်ကုန်ပြီလဲဟ။ မီးများလောင်လေသလား။ ကျော်နေ ကပျာကယာ တံခါးဖွင့်ပေးလိုက်၏။

ရပ်ကွက်လူကြီး အပါအဝင် ရပ်ကွက်ရုံးတွင် ညှိစာရင်း သွားသွားတိုင်တိုင်း မြင်နေတွေ့နေကျ လူကြီးနှစ်ယောက် သုံးယောက် ပါ၏။ ဝရံတာပေါ်တွင် တစ်ပွင့်နှင့် ရဲတစ်ယောက်လည်း ပါ၏။ သူ့နောက်က ... တပည့်ဖြစ်ပုံရသော နှစ်ရစ်နှင့် ရဲတစ်ယောက်လည်း ပါ၏။ မီးသတ်လည်း ပါ၏။ အားလုံးပေါင်း ခြောက်ယောက် ခုနစ်ယောက်ခန့် ပါ၏။ ကျော်နေ အတော် အံ့အားသင့်နေလေသည်။ ဘာတွေဖြစ်၍ လာကြလေသနည်း။

အိမ်ထဲဝင်လာသော လူတစ်စုသည် ညှိခန်းရောက်သော် ဘယ်နား ထိုင်ရမှန်းမသိ ဖြစ်ကြကုန်၏။ တစ်လုံးတည်းရှိသော နှစ်ယောက်ထိုင်ဆိုဖာပေါ်သို့ ဘယ်သူက တက်ထိုင်၍ ဘယ်သူက ကြမ်းပေါ်ထိုင်ချရမှန်း မသိ။ ရပ်ကွက်လူကြီးမှ ရဲကို ကြည့်၏။ ရဲမှ အူကြောင်ကြောင်နှင့် ပြန်ကြည့်၏။ မီးသတ်နေကတော့ ဘာမှ မစဉ်းစား။ အိမ်ထဲသို့သာ ဟိုသည် ချောင်းနေ၏။ အလိုက်ကမ်းဆိုး မသိလှသော ကျော်နေကား ထိုင်ကြပါ ခင်ဗျာဟု လောကဝတ်ထပြုလေရာ အားလုံး ကြမ်းပေါ် ထိုင်ချကြရလေတော့၏။ ကျော်နေသည် အတော် အံ့သြနေ၏။ ဝင်လာသော လူစုမှာလည်း အေးအေးဆေးဆေး ရှိလှသော အိမ်ရှင် ကျော်နေ့ရုပ်ကိုကြည့်ကာ ဇဝေဇဝါ ဖြစ်၍ နေကြ၏။ သေသေချာချာ သတင်းရထားသဖြင့် ရောက်လာကြသော သူတို့ကို အခန့်မသင့်လျှင် တရားခံဖြစ်နိုင်သည်ဟု ယူဆရသော အိမ်ရှင်ချာတိတ်က ဘာမှမဖြစ်သလို အံ့သြတကြီး ညှိခံနေ၏။ ရုတ်တရက် ဘာစပြောရမှန်း မသိ။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြ၏။ ဟုတ်ကောဟုတ်ပါ့မလားဟု သူတို့ချင်း မျက်လုံးနှင့် မေးကြ၏။ ခွတီးခွကျဖြစ်၍ နေသော အခြေအနေကို ကျော်နေမှစ၍ အသံထွက် ဖြေရှင်းလေ၏။

'ဟို ... ဘာကိစ္စများ ရှိကြပါသလဲ ခင်ဗျာ၊ ညှိစာရင်းစစ်တာလား ခင်ဗျ၊ ကျွန်တော် တစ်နေ့ကတင် ညှိစာရင်းတိုင်ထားပါတယ်၊ ဟိုဦးလေး သိတယ် ခင်ဗျ'





ကျော်နေ လက်ညှိုးထိုးခံရသော ရပ်ကွက်ရုံးမှ လူမှာ အနေခတ်သလိုဖြစ်သွားကာ လှုပ်လှုပ်ရွရွ ဖြစ်သွား၏။ ဤအခြေအနေကို ရပ်ကွက်လူကြီး ဝင်ထိန်းလေသည်။

'ဒီလိုကွ သားရဲ၊ အန်ကယ်တို့က တာဝန်ကလည်း ရှိနေတယ်လေ၊ သားတို့သိတဲ့အတိုင်း လမ်းထဲမှာက တိုက်ခန်းတွေကလည်း များတာဆိုတော့'

'ဟာ ... ဦးလေးကလည်း အလှူခံတာများ အလန့်တကြားလုပ်လို့ ဦးလေးရ၊ သကြီးမင်းကြီး၊ မနက်မှ ခေါင်းလောင်းကြိုးဆွဲ ပြောခိုင်းလိုက်လည်း ရတာပဲဥစ္စာ၊ ခါတိုင်းလည်း ကျွန်တော် လှူနေကျဥစ္စာ'

'အလှူလာခံနေတာ မဟုတ်ဘူးကွ၊ တိုင်ထားတာရှိလို့ မင်းအခန်းလာရှာတာ'

ရဲတစ်ပွင့်မှ ခပ်ဆတ်ဆတ် ဝင်ပြောသဖြင့် ကျော်နေ အံ့အားသင့်သွားလေ၏။

'နေစမ်းပါဦး ကျွန်တော်က ဘာလုပ်ထားလို့ ဘယ်သူက ဘယ်သူ့ဆီ တိုင်ထားတာတုံး'

'တိုင်ထားတာက ...'

'နေ နေ ... ကျွန်တော့်ရပ်ကွက်ကိစ္စ ကျွန်တော် ရှင်းမယ်'

အရပ်လူကြီး ဝင်ဟန့်လေသဖြင့် ရဲမှာ မကျေမနပ် ငြိမ်ကာသွား၏။ မျက်နှာပေးအရတော့ ချက်ချင်းထ၍ တစ်အိမ်လုံးရှာကာ မသက်သာ တစ်ခုခုတွေ့ရုံနှင့် ကျော်နေကို တစ်ခါတည်း လက်ထိတ်ခတ်ချင်နေသလိုလို။ ရဲသည် မှုန်ကုတ်ကုတ်နှင့် ကျော်နေအား ကြည့်၏။ ကျော်နေမှာလည်း ဘာတွေလာဖြစ်နေမှန်း မသိသဖြင့် ရဲကို အူကြောင်ကြောင်ဖြင့် ကြည့်လေရာ ရဲမှာ ဒေါပွနေလေ၏။ အရပ်လူကြီးမှ စကားဆက်၏။

'ဒီလိုငါ့သားရဲ့ ငိုယိုထားတဲ့ ကောင်မလေးတစ်ယောက်ကို သားသား သားအခန်းဆီ ခေါ်သွားတယ်ဆိုပြီး မြင်တဲ့လူက မြင်လို့ အန်ကယ်တို့ကို သတင်းပေးထားတာ၊ အန်ကယ်တို့မှာကလည်း တာဝန်က ရှိနေတော့ လူကုန်ကူးတာတို့၊ အဓမ္မ ညှင်းပန်းနှိပ်စက်တာတို့၊ အနိုင်အထက်ပြုတာတို့ဆိုတဲ့ စီမံချက်တွေက ရှိနေလေတော့ သတင်းပေးသူရှိလျှင် ဝရမ်း



www.burmeseclassic.com

www.burmeseclassic.com

နဲ့ ဝင်ရှာကြရတာပေါ့ကွာ၊ တို့ရပ်ကွက်က လူဝင်လူထွက်ကလည်း များ၊ ထန်ထရိုက်တိုက်ကလည်း များတော့ တစ်ခန်းနဲ့ တစ်ခန်း ဘာလုပ်နေကြတယ်ဆိုတာလည်း သိပ်သတိထားမိကြတာ မဟုတ်တော့ ...'

'ဒီမှာ ဝရမ်းပါတယ်ကွာ၊ ညီလေး ... အစ်ကိုတို့လည်း သိပ်အားတာ မဟုတ်ဘူး၊ ရှာဖွေလို့ တွေ့ရင်လည်း တွေ့တဲ့အလျောက်၊ မတွေ့ရင်လည်း မတွေ့တဲ့အလျောက်ပေါ့ကွာ၊ အဲဒါ အစ်ကိုတို့ ရှာချင်လို့'

နှစ်ကျိပ်ရှစ်ဆူ ကယ်တော်မူပါဟု ကျော်နေ တမိလေတော့၏။ လက်စသတ်တော့ အရှူးမကိစ္စပေတကား။ သင်းငို၍ ကိုယ့်နောက်တက်လိုက်လာသည်ကို မည်သူ မြင်သနည်း။ နှစ်လွှာမှ အတိုးကြီး။

အမှုန့်ကြိတ်ပစ်ချင်လောက်အောင် ကျော်နေ ဒေါသထွက်၍ လာတော့၏။ ဤအတိုးကြီးသည် အားအားယားယား သူများတွေ ငုပ်သဖျှယောက်ျားတန်မဲ့ မိန်းမကြီးလို အမြဲ ချောင်းမြောင်းစပ်စု၏။ ချောင်းမြောင်းရုံနှင့် အားမရ။ ပြောင်ကျကျ မျက်နှာချင်းဆိုင် ထွက်၍ ရင်ငိုင်ကာ ဟိုမေးသည်မေးနှင့် သူများကိစ္စ စပ်စုသေး၏။ ဤအရူးမ ကိစ္စတွင်လည်း ရဲသွားတိုင်သည်မှာ သူသာ ဖြစ်မည်။ ဤကိစ္စ ရှင်းသွားလျှင်ကော့ ဤအတိုးကြီးကို တင်းတင်းမာမာ သွားကိုပြောမည်ဟု ကျော်နေ ဒေါသထွက်ရင်း တွေးမိ၏။ ဘယ့်နှယ် သူများကိစ္စ အလကား ဝင် ဝင် ပါနေသောအတိုးကြီး။ နေဦး။ လောလောဆယ်တွင် အရူးမက ပိုအရေးကြီး၏။ သင်းဘာလုပ်နေလေသနည်း။ ဝရမ်းနှင့် ဝင်ရှာ၍ သင်းကို ကိုးရိုးကားရားတွေ့သော် မိမိ အလကားနေရင်း ထောင်နန်းစံရနိုင်သည်ကို တွေးမိသဖြင့် ကျော်နေ ခေါင်းကြီးလေ၏။ တခဏအတွင်း မျက်နှာထားအမျိုးမျိုး ပြောင်း၍နေသော ကျော်နေအား ရဲအပါအဝင် လူအားလုံး အကဲခတ်နေလေ၏။ ထိုစဉ် ...

'ရေနွေးလေး သုံးဆောင်ကြပါဦးရှင်'

မထင်မှတ်ထားသော အခြေအနေ တစ်ခုကို ကြုံကြရလေရာ ကျော်နေအပါအဝင် လူအားလုံး အံ့သြကြလေတော့၏။

အရူးမသည် ဘယ်က ဘယ်လိုရှာတွေ့လာသည် မသိသော ဓာတ်ဘူးသစ်တစ်ခုနှင့် အကြွမ်းပန်းကန် သုံးလေးလုံးယူကာ ခပ်တည်





တည် ထွက်၍ လာလေ၏။ သူက ဤအိမ်မှ အိမ်ရှင်မလို လင်ပန်းနှင့်ထင် အကျအန တင်ယူလာကာ တည့်ခင်း ဧည့်ခံနေ၏။ အမူအယာ လုံးလုံး မပျက်။

'အစဆိုတော့ ဘာမှ ဝယ်မထားရသေးဘူး၊ နောက်တစ်ခါမှပဲ ကော်ဖီလေးဘာလေးနဲ့ ဧည့်ခံရတော့မယ်၊ ဟင်း ဟင်း'

ကျော်နေ မျက်လုံးမှာ ထပ်ပြူးစရာ မကျန်တော့သဖြင့် ပါးစပ်မှ အကူအညီပေးရကာ ဟောင်းလောင်းပွင့်ကာ နေ၏။

ရဲနှစ်ယောက်နှင့် မီးသတ်သည် ဤမျှ ချောမောလှပသော မိန်းကလေးမျိုးကို သူတို့တစ်သက်တွင် မမြင်ဖူးခဲ့သည့်အလား ကြောင်ကြောင်ကြီး ကြည့်ကာ နေကြ၏။ အခြေအနေကို အတွေ့အကြုံ အမျိုးမျိုးရှိပြီးဖြစ်သော အရပ်လူကြီးက ဝင်ထိန်းလေ၏။

'ဩော် အဟဲ ... အေးကွယ်၊ ရပါတယ်၊ ဒါနဲ့ သူငယ်မက မောင်ကျော်နေနဲ့ ...'

'သခင်မက နိုးရာလိုက်လာတာလေ၊ ဦးရီးတော်ကလည်း ဘာ' တွေလျှောက်မေးနေမှန်း မသိဘူး'

'ဟိုက်'

'အမ် ... ဒီကောင့်ကိုများ'

'ဩော်'

'ဟား ဟား ဟား'

အရူးမသည် ပြောချင်ရာပြောပြီး ထထွက်သွားသဖြင့် အံ့သြကျန်ကြလေ၏။ အာမေဍိတ်များ အသီးသီး ထွက်မိကြလေသည်။

ပထမဆုံး 'ဟိုက်' မှာ ကျော်နေထံမှ ထွက်လာသော ရင်ခေါင်းသံကြီး ဖြစ်၏။ ဒုတိယ 'အမ် ဒီကောင့်ကိုများ' ဆိုသည့်အသံက ရဲထံမှ မနာလိုသဖြင့် ရုတ်တရက် ထွက်လာသံ ဖြစ်၏။ တတိယ 'ဩော်' မှာမူ ကျန်သူများ သဘောပေါက်သွားသဖြင့် ဝိုင်း 'ဩော်' လိုက်ကြသံဖြစ်၏။ စတုတ္ထ 'ဟား ဟား ဟား' မှာမူ ရပ်ကွက်လူကြီး ရယ်သံဖြစ်လေတော့သည်။

'ဟား ဟား မောင်ကျော်နေရာ၊ ငါ့သားနှယ် မိန်းမခိုးတာရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရုံးတော့ လာပြောထားတာ မဟုတ်ဘူး၊ မင်းနှယ် မထိတ်သာ မလန့်သာ၊ ဒါနဲ့ ကောင်မလေးနာမည်က ဘယ်သူတုံး၊ ဦးတို့ စာရင်းထည့်ထားရအောင်'

'ဟို ဟို'

ကျော်နေ ဘာပြန်ဖြေရမှန်းမသိ ဖြစ်နေစဉ် အရူးမ ကတ်ပြားလေးတစ်ခုကိုင်ကာ ပြန်ထွက်လာရင်း ကျော်နေ့ကို ပေး၏။ သူ့မှတ်ပုံတင်ကတ်ပြား ဖြစ်လေသည်။

'ရော့ လူကြီးတွေကို ပေးထားလိုက်လေ၊ မနက်မှ ပြန်ယူပေါ့'

ပြောပြီး အထဲပြန်ဝင်သွားတော့၏။ ကျော်နေမှာ မှတ်ပုံတင်ကိုင်ကာ အူကြောင်ကြောင် ကျန်ခဲ့ရာမှ ရပ်ကွက်လူကြီးလက်ထဲ ထိုးထည့်လိုက်၏။

'နန်းအိန္ဒိစံ ဆိုပါလား၊ ရှမ်းမလေးလား'

'ဟုတ် ဟုတ်ကဲ့'

'ကလေးမ အသုံးအနှုန်းတွေက တစ်မျိုးပါလား၊ သခင်မတွေ ဦးရီးတော်တွေနဲ့'

ရဲမှ ဝင်မေးခြင်း ဖြစ်၏။ ကျော်နေလည်း တွေ့ရာပြောလေ၏။

'ဟို ဟို သူတို့က ဟို ... စော် စော် ...'

'ဘာလဲ ဘာ စော် စော်လဲ'

'ဟို စော်ဘွားမျိုးတွေ ခင်ဗျ၊ သူတို့အိမ်မှာ အဲလိုပြောကြတယ်'

ရှမ်းမလေး ဆိုသဖြင့် ရှမ်း၍ ပြောလိုက်သော ကျော်နေ့စကားသည် တကယ်ဟုတ်၍နေကြောင်းကို ကျော်နေ သိမှသိခွင့်ရနိုင်ပါလေစ။ ရပ်ကွက်လူကြီးမှာ ကိစ္စပြီးသွားပုံနှင့် ကတ်ပြားလေးကိုင်ကာ ထိုင်ရာမှထရင်း ပြော၏။

'ကိုင်း ဒါဆို တို့လည်း ပြန်မကွာ၊ မိုးချုပ်လှပြီ၊ မနက်မှ သမီးလေးရဲ့ ကတ်ပြား လာယူတော့'

'ဟုတ် ဟုတ်ကဲ့'

'ဒါနဲ့ ကောင်မလေးက ငိုလာတယ်ဆို၊ ခိုးပြေးလာတာကို သဘောရော တူရဲ့လား၊ မင်းကမျှား အတင်း ခေါ်လာသလား'





ရဲနှစ်ရစ်မှာ သူများ မိန်းမခိုးလာသည်ကိုပင် ထပ်၍ တွေ့ချင်မြင်ချင်သလို အိမ်ထဲကဲကြည့်ရင်း မေးသေး၏။ ကျော်နေ တွေ့ရာပြောရပြန်၏။

'ဒီ ဒီလိုဗျ၊ သူတို့အမျိုးက တခမ်းတနား မင်္ဂလာဆောင်နေကျ၊ ဘယ်သူမှ ခိုးမပြေးဖူးဘူး၊ အဲဒါ သိက္ခာကျတယ်ဆိုပြီး ငိုနေတာ'

'သြော်'

'ကဲ ကဲ လာကြ၊ ပြန်ကြမယ်၊ သူတို့လည်း သူတို့ဟာသူတို့ နေချင်မှာပေါ့၊ တို့လည်း သွားစို့၊ မောင်ကျော်နေ ပြန်ဦးမယ်ကွာ၊ မနက်ရုံးလာခဲ့ဦးပေါ့၊ ဦးလေး ရှိမှာပါ'

'ဟုတ် ဟုတ်ကဲ့ ခင်ဗျ'



www.burmeseclassic.com

www.burmeseclassic.com

ဘယ်နေရာမှာ ဖူးတဲ့ကြာ
ဘယ်အခါ ပွင့်မယ်ဆိုတာ
အဲဒီချာတိတ်ပဲ သိသတဲ့။
သူက
အဲဒီကိစ္စမျိုးတွေမှာ
တော်တော် အရေးပါတဲ့
ဂရိမ့ော်ဆရာပေါက်စလေး ဆိုလား။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မြားနံ့ပါတ် ၆

## (တွယ်ငြိခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၁၉)

မာန်နတ်သည် ကတုံး တုံးတတ်လျှင် တုံးတတ်နိုင်ကြောင်း ကျော်နေ တစ်ခါမှ မစဉ်းစားမိခဲ့။ နဖူးတွေ့ ဒူးတွေ့ တွေ့တော့မှ မာန်နတ်သည် ကတုံးနှင့်ဖြစ်၍နေကြောင်း တွေ့ရ၏။ မာန်နတ်သည် ဘုရားစောင်းတန်းတွေထဲမှ ပန်းချီကားတွေထဲကလို ရုပ်မျိုးလည်း မဟုတ်။ ပြီးတော့ လက်တွေခြေတွေကလည်း အများကြီးဖြစ်၍ နေသေး၏။ မာန်နတ်သည် ကတုံးကြီးနှင့် ရေဘဝဲလို လက်အချောင်းနှစ်ဆယ် ခြေအချောင်းနှစ်ဆယ် လောက်ဖြင့် သူ့ဟာသူ ရှုပ်ယှက်ခတ်နေ၏။ ပြီးတော့ သေးသေးပုပုကလေး။ အာကျယ် အာကျယ် အသံသေးသေးစူးစူးလေးနှင့် ဘာတွေလာပြောနေမှန်း မသိ။ ကြည့်ရင်း ကြည့်ရင်း မာန်နတ်သည် နှစ်လွှာမှ ထိပ်ပြောင်ပြောင် အဘိုးကြီးရုပ်သို့ ပြောင်းသွား၏။ ကျော်နေ လှေကားပေါ် တက်နေသည်ကို အတင်း ခြေထောက်ကို ဆွဲကာနေ၏။ ကျော်နေကလည်း ရုန်း၏။ နှစ်လွှာမှ ရေဘဝဲမာန်နတ် အဘိုးကြီးထိပ်ပြောင်ကလည်း မလွှတ်။ ကျော်နေ့ ခြေထောက်တွေကိုသာ ညာသံပေး၍ အတင်းဆွဲနေ၏။ 'ဟဲ့ ဟဲ့' နှင့် ညာသံပေး၍ အတင်းဆွဲနေသော မာန်နတ်အဘိုးကြီး၏ အသံစူးစူးမှာ တဖြည်းဖြည်း ကျော်နေနားထဲ ကျယ်ကာ ကျယ်ကာ လာလေ၏။

'ဟဲ့'

'ဟဲ့ … ဟဲ့'

'ဟဲ့'

မျက်စိ မေးဖွင့်ကြည့်တော့ မိုးစင်စင် လင်းနေလေပြီ။ ကျော်နေ



www.burmeseclassic.com

www.burmeseclassic.com



ခွေးများရှဲ၍ နေ၏။ ညည့်ခန်း ဆိုဖာပေါ်တွင် ညက အိပ်ပျော်သွားလေသကိုး။ အိပ်ချင်မူးတူး ဖြစ်နေသော်လည်း တစ်ယောက်ယောက်က ကိုယ့်ခြေထောက် လာဆွဲနေမှန်း ခံစားရ၏။ လှူးလဲထကြည့်တော့ …

အရိုးမ …။

ခြေရင်းဘက်တွင် ခါးထောက်ရပ်ကာ ကျော်နေ့ကို ခပ်စိမ်းစိမ်းကြည့်နေ၏။

'ဟဲ့ ကျွန်ပေါကြီး၊ ဘယ်အချိန်ရှိနေပြီလဲ၊ အဝတ်အစားမလဲ ဘာမလဲနဲ့ သေနေလိုက်တာများ၊ သွား ရေချိုးစမ်း'

ရုတ်တရက်တော့ သူ့ကိုယ်သူ ဘာဖြစ်နေမှန်း ကျော်နေ မသိ။ နောက်မှ သတိရသွားကာ ဝရုန်းသုန်းကား ထထိုင်၏။ ခါးထောက်ရပ်နေသော အရိုးမလေးကို အူကြောင်ကြောင် သွားကြည့်နေပြန်သဖြင့်

'ဘာလာကြည့်နေတာလဲ၊ ကျွန်ပေါကြီးနော် … မြို့ပြရောက်မှ စည်းကမ်းတွေ ပျက်နေတာလား၊ သွား ရေသွားချိုးစမ်း'

အဟောက်ခံရလေ၏။ ယောင်ယောင်ကန်းကန်းနှင့် ရေချိုးခန်းဘက် ထွက်ရလေ၏။

သွားတိုက် မျက်နှာသစ် ရေချိုးနေရင်းမှ ကျော်နေ မြန်မာစကားတစ်ခုကို သွားသတိရ၏။

'အရိုးလင်လုပ်နေရသလို'

ရေဖလားကြီးကိုင်ကာ ကျော်နေ ငိုင်သွား၏။ သူကား အရိုးမကို မယားတော်နေရလေပြီ တကား။ ညက အဖြစ်အပျက်များ ပြန်သတိရ၏။ အရိုးမလုပ်ပုံကြောင့် ဆိုင်ရာများ သူ မိန်းမခိုး၍လာကြောင်း သိသွားကြလေပြီ။ ဘယ်က ဘယ်လို ဘာတွေ ဖြစ်လာမှန်းမသိသော အရိုးမတစ်ယောက်နှင့် သူ အိမ်ထောင်ကျလေပြီ တကား။ ကံကြမ္မာကား ဆိုးဝါးလှတော့၏။ မိန်းမ မယူချင်၍ ရန်ကုန် ခဏလာရှောင်မိကာမှ ဒုက္ခနှင့် တွေ့လေသည်။ ဒီလိုမှန်းသိ အဖေ ခတ်ပုံပြသော မိမိကြီးနှင့် ယူလိုက်ရကောင်းသား။ မိမိကြီးမှာ ရွက်ကြမ်းရေကျိုရုပ်မျှသာ ရှိသော်လည်း ရှူးတော့ ရှူးနေသည် မဟုတ်။ သူ့ကိုယ်သူ မင်းသွေးပါသည်ဟု ယူဆ





ကာ ထိပ်တင်မိမိကြီးဟု နာမည်ပြောင်းထားပြီး ကြောင်စီစီဖြစ်၍ နေသည်သာ ရှိ၏။ ပြီးတော့ မိမိကြီးက သူ့ကို တစ်သက်လုံး ရွှေပေါ်မြတင် ရှာဖွေကျွေးမွေးထားပါမည်ဟု စကားပစ်ထားသေး၏။ မိန်းမယူပြီး အေးအေးဆေးဆေး နေလို့ရရဲ့သားနဲ့ ထွက်ပြေးလာတဲ့ကောင်။ အခု အရိုးနဲ့ ညားလေပြီ။

'ဗုန်း … ဗုန်း … ဗုန်း'

'တောက်တဲ့တွေ အိတ်စပို့လုပ်လို့ဟာ'

ရေခွက်ကိုင်ကာ ငိုင်နေစဉ် တံခါးလာထုသဖြင့် ကျော်နေ လန့်လေ၏။

'အထဲမှာ ငြိမ်ပြီး ဘာလုပ်နေတာလဲ၊ မြန်မြန် ချိုးရေတော်သုံးပြီး ထွက်ခဲ့လေ၊ သခင်မ ခိုင်းစရာတွေ ရှိသေးတယ်ကွယ့်'

'သောက်ကျိုးနည်းပါ ခင်ဗျာ … ဟုတ်ပေါင် လာ … လာပြီ ခင်ဗျ'

ဝရုန်းသုန်းကား ရေချိုးပြီး ကြွက်စုတ်ရေနစ်သလို ထွက်လာသည်ရှိသော် ခါးထောက်ရပ်ကြည့်နေပြန်သော အရိုးနှင့် တိုးပြန်၏။

'ကြည့်စမ်း၊ နှုတ်ခမ်းမွေးတွေ မုတ်ဆိတ်ငုတ်တိုတွေ မရိတ်လာပြန်ဘူး၊ သွားပြန်ရိတ်စမ်း၊ ရုပ်ကိုက ငါးခူလိုလို ငါးရံ့ခေါင်းတိုလိုလိုနဲ့ သွား သွား'

'ဟုတ် ဟုတ်ကဲ့'

ကြောက်ကြောက်နှင့် ကပျာကယာ ပြန်ဝင်၍ အမွေးများရိတ်လေရာ ခါးပင်ရှသေးတော့၏။ ထွက်လာသည် ရှိသော် …

'အိမ်ရှေ့မှာ ပဲပြုတ်နဲ့ထမင်း ကြော်ထားတာ ရှိတယ်၊ ရေနွေးကြမ်းနဲ့ ကျွန်ပေါကြီးအတွက် သခင်မ စွန့်ကြဲထားတာ၊ ထပ်မတောင်းနဲ့နော်၊ မရှိတော့ဘူး၊ ဆန်ရေစပါး ရိက္ခာတော် ရှားပါးရုံမက တစ်စိမ့မှ မရှိတော့ဘူး၊ နင့်စားခွက်အောက်မှာ သခင်မ ဝယ်ရမယ့် စာရင်းစာရွက် ထားထားတယ်၊ စားပြီး သွားဝယ်ချေ၊ ကြားလားကွယ့်'

'အေးကွာ အေး အေး … ဒီဟာနဲ့တော့'

'ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'သြော် သြော် ခုနက ဆပ်ပြာနဲ့တော့ မဖြစ်ဘူးလို့ ပြောတာပါ ခင်ဗျာ'

'သခင်မ ရေးထားတဲ့ စာရင်းထဲမှာ ဆပ်ပြာလည်း ပါတယ်၊ ရှည်မနေနဲ့၊ မြန်မြန်စားပြီး ဈေးသွားစမ်း'

'အိုကေ အိုကေ'

'ဘိလပ်စကားတွေ လာမပြောနဲ့စမ်း၊ သခင်မ နားခါးတော်မူတယ် ဟဲ့ ကျွန်ပေါကြီးဟာလေ'

'အယ် အယ် ... မ မပြောတော့ဘူး ခင်ဗျ၊ မှန် မှန်ပါ့'

အရှုံးမ ဘယ်တုန်းကတည်းက အိပ်ရာထပြီး စီမံလုပ်ကိုင်ထားသည် မသိ။ မရှိမဲ့ ရှိမဲ့နှင့် စီမံကြော်လှော်ထားသော ပဲပြုတ်နှင့် ထမင်းကြော်ပင် အတော် အရသာရှိလေသည်။ ခါတိုင်း ဝေတတလှည့် ပြုတ်တလှည့် ကျော်နေမှာ ထမင်းကြော်ရေနွေးကြမ်းနှင့် ဟန်ကျနေလေ၏။ စာရင်းသောက်ရင်း အရှုံးမ သွားဝယ်ခိုင်းသော စာရင်းကို ဖတ်ကြည့်၏။ ကျော်နေ ဇဝေဇဝါ ဖြစ်လာလေသည်။ အရှုံးမသည် စေ့စပ်လှချေသည်တကား။ ရှုံးနေတာမှ ဟုတ်ရဲ့လား။ ဈေးတွင် သူ သွားဝယ်ခိုင်းသော ပစ္စည်းစာရင်းကား အိမ်တစ်အိမ်အတွက်၊ မီးဖိုချောင်တစ်ခုအတွက် မရှိမဖြစ် ပစ္စည်းများချည်းသာ ဖြစ်၏။ အပိုအလို တစ်ခုမှ မရှိ။ အိုးတိုက်သောအဖတ်မှ အစ အိမ်သာဆေးသော တုတ်တံအထိ ပါ၏။ ဆန် ဆီ ဆား ငါးပိငါးခြောက် ရေတ်ကြက်သွန်မှ အစ 'ငါးခူရလျှင် သုံးဆယ် သားဝယ်ခဲ့' ဟုပင် စာရင်းကို အတိအကျ နိဋ္ဌိတံထားသေး၏။ မလွယ်လေစွတကား။ ညကလည်း အရပ်လူကြီးတွေရှေ့ ပြောဆို နေထိုင်သွားလိုက်ပုံကလည်း ရှုံးနေပါသည်ဟု မြေကြီးလက်ပုတ် ပြောလျှင်ပင် လူယုံချင်စရာ မရှိ။ ကိစ္စတစ်ခုခုကြောင့် ရှုံးချင်ယောင်ပဲ ဟမင်ဆောင်၍ နေလေသလား။ ကျော်နေ မသင်္ကာသလို စဉ်းစားနေစဉ်

'ဘာထိုင်လုပ်နေတာတုံး'

'ဘာ ဘာမှမလုပ် ...'

'မလုပ်ရင်လည်း သွားတော့လေ၊ ဈေးကွဲသွားဦးမယ်၊ ကျွန်ပေါကြီးဟာ ပျင်းဖို့လောက်ပဲ သိတယ်၊ ဘာမှလည်း နားမလည်ဘူး'





သက်ပြင်းချကာ ကျော်နေ ထထွက်လာရလေတော့၏။ စိတ်တော့ မကောင်း။ နတ်သမီးတမျှ လှပလှသော ကောင်မလေးတစ်ယောက် အတွက် ဝဋ်နာကံနာတစ်ခုသည် ဤမျှ ဆိုးဝါးလှလေသည်တကား။ ကောင်းကင်ပြာ ဝါးချွန်စိန်း စိုက်သလို မိုက်ရိုင်းလိုက်လေသည့် ဖြစ်ခြင်းကွယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၀)

'တီး တောင် … တီး တောင်'

'ဩော် ဘဘ'

'ဩော် … အေး အတော်ပဲ ကောင်လေးရော'

'ဟို … ဈေးသွားတယ် ဘဘ'

'ဟုတ်လား'

'ဝင်ပါ ဘဘ၊ အို အပေါ်မှာပဲ ထိုင်ပါ၊ သမီးအောက်မှာ ထိုင်ပါ့မယ်'

'အေး အေး ဒါနဲ့ သမီးလေးက ကောင်လေးနဲ့ ဘယ်လို …'

'ဟို … ဘယ်လိုမှ မပတ်သက်ပါဘူး ဘဘ၊ သမီး ပြောပြပါ့မယ်၊ ဒါနဲ့ ဘဘက'

'ဘဘက ကောင်လေးအဖေ ကိုမင်းဆောင်ရဲ့ လုပ်ဖော်ကိုင်ဖက် ကျေးဇူးခံ ကျေးဇူးစားပေါ့ကွယ်၊ သူ့အဖေက ဘဘကို အပ်ထားတာ၊ ကောင်လေးက လုံးလုံး မသိဘူးကွယ့်'

'ဩော်'

'ဒီလိုကွယ့် ကလေးရဲ့၊ ဘဘနာမည်က ဦးမြိုင်လှ၊ ကောင်လေး အဖေနဲ့ ပတ်သက် သိကျွမ်းခဲ့ကြတုန်းက ကောင်လေးက ကလေးလေး ရှယ်၊ သူ ဘာမှ မမှတ်မိဘူး၊ သူ့အဖေက တစ်ဦးတည်းသော သားကလေး ကို ရန်ကုန်လာတိုင်း ဘဘကို တတ်နိုင်သလောက် ကြည့်ပေးဖို့ အပ်ထား တာ၊ ကောင်လေးကတော့ မသိဘူး၊ သူ့စိတ်ထဲ ဘဘကို ဘယ်လိုထင်



www.burmeseclassic.com

www.burmeseclassic.com



နေလဲတော့ မသိဘူးပေါ့ကွာ၊ ဟေး ဟေး ... နေစမ်းပါဦး သမီးကရော'

'သမီးနာမည်က နန်းအိနိုင်စံပါ ဘဘ၊ တောင်ကြီးကပါ၊ တိုတို ခြုံပြောရရင် ဘဘရယ် သမီးတို့က စော်ဘွားမျိုးပါ၊ မယ်မယ် ..အဲ မေမေ ဆုံးသွားပြီးတော့ မိထွေးနဲ့ နေရပါတယ်၊ မိထွေးက သဘောကောင်းပါတယ်၊ ဒါပေမဲ့ သမီးတို့ မိသားစုထဲမှာက ကိုယ့်ဆွေမျိုးသားချင်းတွေ အပြင် တခြား ဘယ်သူနဲ့မှ အိမ်ထောင်မပြုရတဲ့ အစဉ်အလာတစ်ခု ရှိတယ် ဘဘ၊ မိထွေးဆိုတာလည်း သမီးဒေါ်လေး ဝမ်းကွဲပါပဲ၊ သမီးတို့ ယယ်ယယ်က မိသားစုထဲမှာ ဗမာစကားတောင် ပေးမပြောဘူး ဘဘရဲ့၊ ဖေဘုရားက .. အဲ .. ဖေဖေက နိုင်ငံခြားတွေဘာတွေ သွားပြီး ဘွဲ့တွေယူခဲ့ပြီးတော့မှ အမြင်ကျယ်လာပြီး အတိုက်အခံ ပြောတာနဲ့ ဘိုးဘုရားက .. ဟို .. ဟို .. ဘိုးဘိုး သမီးတို့ ဘိုးဘိုးက ဗမာစကားသင်ခွင့် အင်္ဂလိပ်စကား သင်ခွင့်တွေ ပေးခဲ့တာ၊ သမီးတို့ မျိုးဆက်မှာ သမီးက နောက်ဆုံးဆက်ခံသူ ဘဘရဲ့၊ အဲဒါ မိထွေး ဒေါ်လေးက သမီးအစ်ကို ဝမ်းကွဲနဲ့ နေရာချထားပေးမလို့ လုပ်နေတာနဲ့ သမီး ရန်ကုန် ဆင်းပြေးလာတာ၊ ကိုယ့်အစ်ကိုကို မယူချင်ဘူးလေ ဘဘရဲ့၊ ဘယ်လိုလုပ် ယူမလဲ၊ ကိုယ့်အစ်ကိုအဖြစ်နဲ့ အတူတူ ကြီးလာကြတဲ့ ဉစ္စာ၊ အဲဒါနဲ့ ရန်ကုန်ရောက်တော့ ၁၉ လမ်းက သူငယ်ချင်းအိမ်မှာနေရင်းက တစ်ရက် ငွေသွားထုတ်တော့ သမီးကို လိုက်ရှာနေတဲ့ ဒေါ်လေးလူတွေနဲ့ တွေ့သွားပြီး ဘာလုပ်ရမှန်း မသိတာနဲ့ ...............................................................................................'

'သြော် ဟေး ဟေး ... အေး အဲဒီတော့ ကောင်လေးက ယုံနေရောလား ဟား ဟား'

'ဟင်း ဟင်း မသိဘူး ဘဘ၊ မနက်ကတော့ ထိုင်စဉ်းစားနေတယ်၊ အဲဒါ ဟို ... သမီးကို ဘဘ နည်းနည်း ကူညီပါနော်၊ သမီး တကယ် အခက်အခဲ ဖြစ်နေလို့ပါ၊ အခုချက်ချင်းတော့ ဘာလုပ်ရမှန်း လည်း မသိသေးဘူး'

'ဟေး ဟေး ဂဃနဏ သိရတော့လည်း ကူညီရတာပေါ့ကွယ်၊ စိတ်တော့မပူပါနဲ့၊ ကောင်လေးက အတီးအတနဲ့ ရိုးရှာပါတယ်၊ သမီး





အတွက် အန္တရာယ် မရှိနိုင်ပါဘူး၊ တစ်ခုခုလိုရင်လည်း ဘဘကို ပြောပါ၊ ဟုတ်လား'

'ဟို သူ သူက လူ လူကောင်းတော့ လူကောင်းပါနော် ဘဘ'

'လူကောင်းလေးပါ သမီးရယ်၊ ဟား ဟား မင်းတို့ ခေတ်ကာလကလည်း ဘာတွေဖြစ်ပျက်နေကြမှန်း မသိ၊ ကိစ္စရှိရင်တော့ ဘဘ လာပြော သမီး၊ ဘာမှ စိတ်မပူနဲ့'

'ဟုတ် ကျေးဇူးပါ ဘဘ၊ ဘဘ သူ့ကိုတော့ သွားမပြောပါနဲ့နော်'

'အေး ဟေး ဟေး ... စိတ်ချ စိတ်ချ'



www.burmeseclassic.com

www.burmeseclassic.com

# (၂၁)

'ဟိတ်ကောင်'

'သေကို မသေနိုင်ဘူး အဲ …'

'ဘာကွ'

'ငါး ငါးခူတွေကို ပြောတာ ခင်ဗျ'

အရူးဒုက္ခပေးသဖြင့် မောကြီးပန်းကြီး ဈေးဝယ်ကာ အထုပ်အပိုး မျိုးစုံနှင့် ပြန်လာသော ကျော်နေမှာ လှေကားကွေ့တွင် အဘိုးကြီးနှင့် တွေ့ရှိနေလေ၏။

'နေစမ်းပါဦး၊ မင်းက ငါ့တွေ့တာ သရဲတစ္ဆေတွေ့သလို ဖြစ်နေပါလား၊ လက်ထဲက ဘာတွေတုံး'

'ဟိုဟို … အိမ် အိမ်အတွက် အိမ်မှာ လိုတဲ့ဟာလေးတွေ သွားဝယ် …'

'အရင်က မင်း ဒီအချိန် တစ်ခါမှ နိုးတာ မတွေ့ဖူးပါဘူး၊ ထူး ထူးဆန်းဆန်း ဈေးတွေဘာတွေ ဝယ်လို့၊ ဘာလဲ မင်းအိမ် ဧည့်သည် များ ရောက်နေသလား'

'မရောက် … ဟို … ရောက် ရောက်'

'ဘာလဲ မင်းညီမလေးလား၊ မျက်စိကောင်းသွားပလားကွ ဟေ'

'ဟုတ်ကဲ့ ငါးခူရှိးနဲ့ ထိုးဖို့ … ဟုတ်ပေါင်'

'ဘာပြောတယ်၊ မျက်စိနာတာ ငါးခူရှိးနဲ့ ထိုးစရာလားဟ၊ အေး ခုငါးကျည်း အဆိပ်ကြီးတယ်ကွနော်၊ မင်း ဘာတွေလုပ်နေတာတုံး'



www.burmeseclassic.com

www.burmeseclassic.com



'ပျော်နေတာ ခင်ဗျ၊ ဟိုက်'

'ဘာပြောတယ်ကွ၊ မင်းညီမ မျက်စိနာနေတာကို မင်းက ပျော်သလား၊ ဘယ်လိုကောင်လဲဟ'

'ဟို မဟုတ်ဘူး အန်ကယ်၊ ပျော်နေတယ်ဆိုတာက ကျွန်တော့်ဝတ္ထုတိုလေး မဂ္ဂဇင်းမှာ ပါလာလို့'

'မဂ္ဂဇင်းမှာ ဝတ္ထုပါတာ သောက်ရေးလားဟ၊ ညီမ မျက်စိနာပျောက်ဖို့တော့ မစဉ်းစားဘူး၊ ဘယ်လိုကောင်လဲ မင်း'

'ဒုန်း'

အဘိုးကြီး ဘယ်ကပြန်လာမှန်း မသိ။ သူ့အခန်းထဲ သူ ဆောင့်ကြီးအောင့်ကြီး ဝင်ကာ တံခါးပိတ်သွားလေ၏။ ကျော်နေမှာ ထိုအခါမှ သက်ပြင်းချကာ လှေကားကို ဆက်တက်သွားလေ၏။ သူ မှာသောပစ္စည်းများတော့ အကုန် ဝယ်ပေးလာခဲ့ပြီးပြီ။ အရူးမ ဘာလုပ်မလဲ ကြည့်ရမည်။ တကယ် ရူးမနေဘဲ ရူးချင်ယောင် လာဆောင်နေလို့ကတော့ကွာ။ နန်းဆန်ဆန်လှသော မျက်နှာဖြူနုနုလေး ကျော်နေ မျက်စိထဲ မြင်လာ၏။ ရူးချင်ယောင်ဆောင်လို့ကတော့ ရဲစခန်း အပ်ပစ်မည် ဟူသော စိတ်ကူးကို ဖျက်ကာ ဖက်ကိုနမ်းပစ်မည်ဟု ဆုံးဖြတ်လိုက်လေတော့၏။

ကားရားကားရားနှင့် အထုပ်အပိုးတွေ ဆွဲကာ အပေါ်တက်သွားသော ကျော်နေကို ဦးမြင့်လှ ပြုံးပြုံးကြီး အသာလေး တံခါးဖွင့်၍ ပြန်ထွက်ကြည့်နေသည်ကိုတော့ ကျော်နေ မသိလိုက်ချေ။



# (၂၂)

လက်နှစ်ဖက်လုံးတွင် အထုပ်များဆွဲ၍ တက်လာရသည် ဖြစ်ရာ အိမ်တံခါးရှေ့ရောက်သော် ဘယ်လက်နှင့် တံခါးဖွင့်ရမှန်း မသိ ဖြစ်နေ၏။ အထုပ်တွေကလည်း ပျော့တိပျော့ဖတ်တွေ ဖြစ်ရာ အောက်ချလိုက်ပြန်လည်း ထွက်ကျကုန်မှာ စိုးရပြန်၏။ ဘောင်းဘီအိတ်ထဲမှ သော့ထုတ်နိုင် မလွယ်။ ရုတ်တရက် အရူးမကို သတိရ၏။ ဒင်း ကြားလိုကြားငြားတံခါးခေါက်ကြည့်လျှင် ကောင်းမည်ဟု အကြံရ၏။ ဘယ်လိုခေါက်ရမည်နည်း၊ ခြေထောက်နှင့် ကန်ရသော် တော်ပေစွဟု စဉ်းစား၏။

'ဒုတ် ဒုတ်'

အထုပ်တွေလည်း လက်နှစ်ဖက်က ဆွဲထားရသေးပြီး ခြေထောက်တစ်ချောင်းထဲ ထောက်ကာ ကန်ရသည်ဖြစ်ရာ အသံက သိပ်မထွက်။ ထို့အပြင် ကိုယ်ဟန်ပျက်သွားသေးသဖြင့် နှစ်ချက်သာ ကန်လိုက်ရ၏။ ဒီတစ်ခါတော့ အားရပါးရ ကန်ထည့်မှဟု ကျော်နေတွေး၏။ ကိုယ်ဟန်ကို သေချာပြင်၏။ ခြေထောက်တစ်ချောင်းကို မကာ အားပါးတရ ကန်ထည့်လိုက်သော် …

'ဟိုက်'

တံခါးက ကိုယ်မှန်းထားသည့် နေရာတွင် မရှိတော့ဘဲ ဖျတ်ခနဲပွင့်ဝင်သွားလေရာ ကျော်နေမှာ လှေကားထစ်အဆင်း ရှိသည်ကို မမြင်ဘဲ မှန်းအတိုင်း လျှောက်လာသူတစ်ယောက် ခြေထောက်အောက်မှ ရုတ်တရက် မြေကြီးပျောက်သွားသူလို 'ဟာ'ခနဲ ခံစားလိုက်ရကာ အိမ်ထဲသို့ ကျွန်း



www.burmeseclassic.com

www.burmeseclassic.com



ကုန်းကြီး ဟက်ထိုးဟပ်ထိုး ဝင်သွားပြီး တံခါးဖွင့်ပေးသော အိမ်နိုင်နှင့် ဝင်တိုက်ကာ လုံးထွေး လဲကျလေတော့၏။

'အင့်'

'အမလေးတော့'

'ဝရုန်း'

'ဖုန်း'

'သေပါပြီဟ'

'ခွပ်'

'အား'

ကျော်နေ မိုက်ခနဲ ဖြစ်သွားကာ မှောင်အတိ ကျသွားလေတော့၏။

အသံကြားသလိုလို ရှိသဖြင့် တံခါးဖွင့်ကြည့်မိသော အိမ်နိုင်မှာ ရုတ်တရက်တော့ ဘာဖြစ်သွားမှန်း မသိ။ အရာဝတ္ထုကြီး တစ်ခု ဝုန်းခနဲ သူ့အပေါ် ပိကျလာပြီး သူ ဖင်ထိုင်လျက် ပြုတ်ကျသွားသည်ကိုသာ သိလိုက်၏။ ထိုအရာကြီးသည် သူ့အပေါ်မှ တရှိန်ထိုး ကျော်သွားကာ နံရံနှင့် ဝင်ဆောင့်ပြီး တုတ်တုတ်မျှ မလှုပ်တော့။ အိမ်နိုင်မှာ အလန့်တကြား ထိုင်ရာမှ လူးလဲထကာ ကြည့်၏။ မြီးညှောင်းရိုး နာသွားသဖြင့် ကုန်းကွကွ ဖြစ်နေသေး၏။ တုတ်တုတ်မျှ မလှုပ်တော့သောဟာကြီးကို ကြည့်မိလေရာ ...

'ဟောတော့'

ကျွန်ပေါကြီးပါလား။ ပစ္စည်းတွေလည်း ပြန့်ကျဲလို့။ လူကလည်း မှောက်ခုံကြီး။ ဟယ် ...။ ခေါင်းမှာလည်း သွေးတွေ။

အိမ်နိုင်မှာ ကျော်နေ၏ ခန္ဓာကိုယ်ကြီးကို ခဲရာခဲဆစ် ကမန်းကတန်း ဆွဲလှန်ရလေ၏။ ပစ္စည်းတွေကို မသိမ်းအားသေး။ ဒဏ်ရာကို ကပျာကယာ ကြည့်ရ၏။ တော်သေးသည်။ ဒဏ်ရာသည် သိပ်မများ။ နဖူးကွဲသွားရုံသာ ရှိ၏။ ချိုစောင်းမှ သွေးများ ကျနေသည်။ သွေးပူနေသဖြင့် သွေးထွက်နေခြင်းသာ ဖြစ်ပုံရ၏။ လူကတော့ မေ့နေပြီ။ အိမ်နိုင်သည် ကိုယ့်မြီးညှောင်းရိုး အောင့်နေသည်ကိုပင် မေ့သွားကာ ကပျာကယာ နောက်ဖေး





သို့ ပြေး၏။ ရေနွေးထည့်ကာ ပြန်ပြေးလာပြီးမှ ဘာနှင့် သုတ်သင်ပေးရမှန်း မသိဘဲ အခန်းထဲ ဝင်မွှေရပြန်၏။

ဂွမ်းတွေ ဆေးတွေ ပတ်တီးတွေ ဂေါ်လာစတာတွေ ဘာမှမတွေ့။ ဇပ်ကျယ်တစ်ထည်သာ တွေ့၍ ယူလာရ၏။ ဒဏ်ရာကို ဆေးကြောကြည့်သော် သိပ်မများ။ ချုပ်ရန်ပြုရန် လိုပုံမရ။ သွေးကတော့ ထွက်နေသည်။ သွေးတိတ်အောင် ဘယ်လိုလုပ်ရပါ့။ အိမ်နိုင် တစ်အိမ်လုံး လှောက် မွှေနှောက်ရပြန်လေသည်။ တစ်နေရာတွင် အရက်ပုလင်းပြားလေး တစ်ခုကို ဖင်ကပ်ရုံသာ ကျန်နေသောအရက်နှင့် တွေ့၏။ မတတ်နိုင်။ ဤ အရက်ကိုသာ ဆေးအဖြစ် သုံးရတော့မည်။

စွပ်ကျယ်ကို စနစ်တကျ ဖြဲလိုက်၏။ အစသေးသေးတစ်ခုတွင် အရက်ဆွတ်ကာ အောက်ခံ၍ ဖြဲထားသော စွပ်ကျယ်စရှည်များဖြင့် ပတ်တီးလို ခေါင်းတွင် စည်းပေးလိုက်၏။ သွေးတော့ သိပ်ထွက်မလာတော့။ အရက်ကြောင့်တော့ ဟုတ်ပုံမရ။ အဝတ်စထူထူနှင့် ဖိပိတ်ထားလိုက်သောကြောင့် ဖြစ်နိုင်၏။ လုပ်နေကိုင်နေရင်းမှ ကျော်နေ့မျက်နှာကို သေချာကြည့်မိ၏။ အနီးကပ် စေ့စေ့ကြည့်မှ ကျွန်ပေါကြီးမှာ ခပ်ချောချော ဖြစ်ကြောင်း သိရ၏။ အိမ်နိုင်မှာ လုပ်ရင်းကိုင်ရင်း မဆီမဆိုင် သစ်ပင်ကို ပြေးဝှေ့၍ သတိမေ့သွားသော ကာတွန်းကားထဲမှ နွားသိုးကြီးကို သတိရသွားရကာ ရယ်မိသေး၏။ အားလုံး ပြီးစီးသွားပြီ။ ကိုယ်တော်ချောက အခုထိ သတိမရသေး။ အိမ်နိုင် ပြန့်ကျဲ၍နေသော ပစ္စည်းများကို အရင် လိုက်ကောက်သိမ်းလိုက်၏။ ထို့နောက် ကျော်နေ့ကို နေရာရွှေ့ကြည့်ရန် ကြိုးစားကာ မ ကြည့်၏။ တအင်းအင်း တအဲအဲနှင့် ဘယ်လိုကြိုးစား ကြိုးစား ကျော်နေ့ကိုယ်ကြီးက ကွမလာ။ အကြံတစ်မျိုးရကာ ရေအေး တစ်ခွက် သွားခပ်လာပြီး ပိုနေသော စွပ်ကျယ်စတစ်ခုနှင့် မျက်နှာသစ်ပေး ကြည့်နေမိ၏။ လုပ်ပေးနေရင်းမှ အိမ်နိုင် ရက်ကာလာ၏။ ယောကျ်ားလေး တစ်ယောက်နှင့် ဤမျှ ပူးပူးကပ်ကပ် သူ မနေဖူးခဲ့။ ယခုတော့ ဤလူကို အလကားနေရင်း ပွေ့ကာ မျက်နှာသစ်ပေးနေရသည်။ သူကလည်း လူပျို ကိုယ်ကလည်း အပျိုလေး။ အသက်ကလည်း မတိမ်းမယိမ်း။ [illegible] တင်းကြပ်သော စည်းကမ်းများကြောင့် ရည်းစားမျှပင် မထားဖူးသော အိမ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ တွေးရင်းတွေးရင်း တစ်ယောက်တည်း ရှက်လာကာ ကျော်နေ့ကို ပစ်ချပြီး လုပ်မိလုပ်ရာ မျက်နှာကို ရေနှင့်ပက်လေ၏။

'ဖွမ်း'

အေးခနဲ ဖြစ်သွားကာ ကျော်နေ သတိပြန်ရလာလေသည်။ ရုတ်တရက် ဘာဖြစ်သွားခဲ့မှန်း သူ မသိ။ ခေါင်းမှာတော့ မူးနောက်အုံခဲနေပါလား။ စမ်းကြည့်တော့ ပတ်တီးအစည်းခံထားရသည်ကို ကိုင်မိ၏။ ဘာဖြစ်သွားပါလိမ့်။ ငုတ်တုတ်ထထိုင်၏။ လှည့်ပတ်ကြည့်တော့ ကျုံ့ကျုံ့လေး မလှမ်းမကမ်းတွင် ထိုင်ကာ သူ့ကိုကြည့်နေသော အရိုးမကို တွေ့ရာ လန့်သွား၏။ အရိုးမက စိတ်သက်သာရာရသွားသော မျက်နှာနှင့် ပြုံးကာ ပြော၏။

'ကျွန်ပေါ်ကြီး သတိရလာပြီလား၊ သခင်မကိုရော မှတ်မိရဲ့လား၊ အခုမှ စံအိမ်တော်တုန်းက ပုံစံအတိုင်း ဝင်တော့တယ်၊ ခေါင်းပေါင်းနဲ့ ဘာနဲ့ ဟီ ဟိ'

ကျော်နေ ထိုင်ရာမှ ထရန် ကြိုးစားရာ မိုက်ခနဲ ဖြစ်သွား၏။

'အား လား လား'

အရိုးမသည် ကျော်နေ့အနား ပြေးလာကာ လာတွဲ၏။

'ဖြည်းဖြည်းထလေ၊ ဖြည်းဖြည်းလုပ် ငယ်ကျွန်ကြီးရဲ့၊ တကတည်း မိုက်လုံးကလည်း ကြီးတာကိုး၊ သခင်မ ပြောကို မပြောချင်တော့ဘူး။ ဘယ့်နှယ်တော်၊ နွားသိုးကြီး ကျနေတာပဲ၊ မိုက်မိုက်ကန်းကန်း နံရံကို ချိစောင်းနဲ့ ပြေးဝှေ့ရတယ်လို့'

တွဲ၍ ခေါ်လာကာ ဆိုဖာပေါ်တွင် နေရာချလေ၏။

'လာ လာ ဒီသလွန်တော်ပေါ်မှာ လှဲနေ၊ အိပ်ချင်လည်း အိပ်လိုက်၊ သခင်မ ဖိုဆောင်တော် ဝင်ရဦးမှာ၊ သခင်မနောက် လိုက်မလာနဲ့နော်၊ ဒီမှာပဲ အိပ်နေ၊ လိုက်လာရင် အပြစ်ပေးခံရမယ် သိလား'

မူးနောက်နောက်နှင့် ကျော်နေ ဆိုဖာပေါ် လှဲနေလိုက်ရလေတော့၏။ အရိုးမကား အိမ်နောက်ဖေးသို့ ဝင်သွားလေသည်။ ကျော်နေ စဉ်းစား၏။

'မိုက်မိုက်ကန်းကန်း နံရံကို ချိစောင်းနဲ့ ပြေးဝှေ့ရတယ်လို့ ...'





အရိုးမ စကားသံ ပြန်ကြား၏။ လက်စသတ်တော့ ချော်လဲပြီး ငါ မေ့သွားတာကိုး။ တော်သေးတာပေါ့။ ငါ မေ့နေတုန်း အရိုးမ ငါ့ကို ဘာမှမလုပ်ပေလို့။ မဟုတ်သေးပါဘူး။ အရိုးမ ငါ့ကို ပြုစုပေးတာပဲ။ ခေါင်းက ပတ်တီးကို စမ်းကြည့်မိ၏။ သပ်သပ်ရပ်ရပ် ရှိလှပါတကား။ ဤအရိုးမသည် ဘယ်ရူးနည်းမျိုးနှင့် ရူးနေမှန်း ကျော်နေ မတွေးတတ်တော့။ ခေါင်းမူးနေသည့်ကြားမှ ဤအရိုးမလေး ကောင်းသွားအောင် ငါ ကုပေးရ ကောင်းမလားဟု ပထမဆုံး စဉ်းစားမိလေ၏။ လောက၌ အချစ်သည် လူတို့ကို ရူးအောင်လုပ်နိုင်သလို ရူးနေရင်းနှင့်လည်း အချစ်ဖြစ်ပေါ်လာနိုင်သည်ကို ကျော်နေ မတွေးမိချေတကား။



www.burmeseclassic.com

www.burmeseclassic.com

စတုတ္ထကြူးပမ် ...

မျက်လုံးတစ်ထောင်နဲ့
တမန်တော်တစ်ပါးကို
တောင်ကြားတစ်ခုထဲမှာ ရှာထားပေါ့။
လသာတဲ့အခါ
ရှာသာယာတစ်ခု တည်ကြရအောင်
အဲဒီ တောင်ကြားက
'သင့်အားအလိုရှိသည်'တဲ့။

အိမ်သူရွှေမ
(မော်ဝင်နတ်နန်း ကဗျာစုမှ)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# ဗြားနံပါတ် ၇
# (လှိုအာပ်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၂၇)

သုံးရက်ခန့် ရှိပေပြီ။

ကျော်နေသည် ဤမနက်တွင် မမှတ်မိနိုင်လောက်အောင် ပြောင်းလဲသပ်ရပ်သွားသော သူ့တိုက်ခန်း သူ လှည့်ပတ်ကြည့်နေလေ၏။ အရှုံးမသည် စွမ်းလှချေသည်တကား။ တစ်အိမ်လုံး ဖုန်တစ်စ အမှိုက်တစ်စမျှ မရှိတော့။ အားလုံး သန့်ရှင်း သပ်ရပ်သွားပြီ။ ဘုရားစင်လည်း အရင်လို ဖုန်တွေမင်းမူကာ ပန်းခြောက် အကျိုးအကြေများနှင့် မဟုတ်တော့။ ကြည်ညိုဖွယ်ရာ လန်းလန်းဆန်းဆန်း ဘုရားပန်းများနှင့် သောက်တော်ရေနှင့် ဆွမ်းခွက်နှင့် ဖြစ်၍နေပြီ။ အရင်ကလို တွေ့ရာပစ်ထားသော အဝတ်အစားများ မတွေ့ရတော့။ အားလုံး လျှော်ဖွတ် သိမ်းဆည်းပြီး အသင့်ယူဝတ်ရုံ ဖြစ်နေပြီ။ ကျော်နေ အရင်ကလို ဆိုင်တကာကို ဟျင်းဟျင်းရိရိ လှည့်စားနေစရာ မလိုတော့။ တစ်ရက်ခြား ဈေးထွက်ဝယ်ဝယ်ပေးရုံနှင့် ကောင်းကောင်းမွန်မွန် ဖွယ်ဖွယ်ရာရာ စားရ၏။ ဘာမှလည်း သိပ်မကုန်လှဘဲ ဤမျှ စားကောင်းသောက်ကောင်း စားနေရသည်ကို ကျော်နေ အံ့သြ၍ပင် နေသေးတော့၏။ အောင့်သီးအောင့်သက် ဖြစ်စရာဆို၍ အလကားနေရင်း ကျွန်ပေါကြီး လာဖြစ်နေခြင်းနှင့် အရှုံးမခိုင်းသမျှ လုပ် လုပ်ပေးနေရခြင်းလောက်သာ ရှိ၏။

ရေချိုးခန်းအိမ်သာတွေ ပြောင်လက်လျက်။ မီးဖိုခန်းမှာ သန့်ရှင်းစွာရှိကာ လိုတာအကုန် ပြည့်စုံလျက်။ အိပ်ခန်းထဲတော့ မည်သို့ ရှိသေးသည် မသိ။ အရှုံးမ ရောက်လာကတည်းက ကျော်နေ သူ့အခန်းထဲ သူ



www.burmeseclassic.com

www.burmeseclassic.com


မဝင်ရတော့။ အရှူးမက အခန်းကို အပိုင်စီးထား၏။ ကျော်နေမှာ အိမ်ရှေ့ခန်းက ဆိုဖာနှင့်သာ နှစ်ပါးသွားနေရလေသည်။ အရှူးမသည် သူ့အား အနားကပ်မခံ။ အရှူးမ မီးဖိုချောင်ဝင်လျှင် ကျော်နေ အိမ်ရှေ့မှာ နေပေးရ၏။ အရှူးမ အိမ်ရှေ့ နေ နေလျှင် ကျော်နေ တော်သလို ရှောင်နေရ၏။ စားသောက်ချိန်ရောက်လျှင် သူ ခဏ အပြင်ထွက်ကာ ရှောင်ပေးရ၏။ ဆယ် မိနစ် ဆယ့်ငါးမိနစ်ခန့် သူ အပြင်ထွက် လမ်းသလားပေးရပြီးလျှင်မှ သူ့အတွက် အိမ်ရှေ့ခန်းတွင် ပြင်ပေးထားသည်မှာ ဖွယ်ဖွယ်ရာရာ အားလုံး အဆင်သင့်။ လက်ဆေးစားရန်ပင် မလို။ ဇွန်းနှင့် ခက်ရင်းနှင့်။ အသင့်စားရုံ။ ကျော်နေမှာ ဇိမ်ကျကာ နေလေ၏။ အရှူးမလေးကား ဘယ်မှ သွားမည့်ပုံမပေါ်။ ဤအိမ်ကို သူ့အိမ်သူ့ယာ မှတ်နေပုံရ၏။ ကျော်နေကို နှင်မချသည်ကပင် ကျေးဇူးတင်ရမလို ရှိတော့၏။

အရှူးမလေးသည် အပြင်သို့လည်း ယောင်၍မျှ မထွက်။ သူ့ တစ်ကိုယ်ရေကိစ္စများအတွက်လည်း ကျော်နေ့ကို ဘာမှ မခိုင်းစေ။ ကျော်နေ့ ပုဆိုးများကို ထမီလုပ်ကာ ယူဝတ်၏။ ကျော်နေ့ ရှပ်အင်္ကျီ သုံးထည်ကို သူ့ဟာအဖြစ် သတ်မှတ်ထား၏။ ကျော်နေ သဘောအကျဆုံးကား အရှူးမလေးသည် ရူးနေသည် ဆိုသော်ငြား အလွန် သိမ်မွေ့တိတ်ဆိတ်စွာ နေတတ်ခြင်း ဖြစ်၏။ တစ်ခါတစ်ရံ သူ ရှိနေသည်ကိုပင် ကျော်နေ မေ့ မေ့ နေတတ်၏။ အရှူးမလေးသည် အသောက်အစားကိုတော့ လုံးဝမကြိုက်။ တစ်ရက် ကျော်နေ မိတ်ဆွေတစ်ယောက်နှင့် တွေ့၍ ဘီယာနည်းနည်း သောက်လာမိရာ အနံ့ရရုံနှင့် တံခါးဖွင့်မပေးတော့သဖြင့် အိမ်ပြင်လှေကားရင်းတွင် အိပ်ရဖူး၏။

အခန်းတံခါးမှာ ထုံးစံအတိုင်း အထဲမှ ချက်ချကာ ပိတ်ထား၏။ ကျော်နေ အသာ တံခါးနားကပ်ကာ နားထောင်ကြည့်၏။ ဘာသံမှ မကြားရ။ အရှူးမလေး အိပ်ပျော်နေပုံ ရ၏။ အိမ်ရှေ့ပြန်ထွက်လာကာ အရှူးမလေးအခေါ် တစ်လုံးတည်းသော သလွန်တော်ပေါ် ပက်လက်လှန်လှဲကာ စဉ်းစားခန်း ဝင်နေလေသည်။

သူသည် ဤအရှူးမလေးနှင့် ဤအတိုင်းတော့ ဆက်စခန်းသွားလို့ မဖြစ်။ မိဘ ဆွေမျိုး အသိုင်းအဝိုင်းလည်း မသိ။ အရပ်လူကြီးတွေ





တောင်းမှုကြောင့်သာ နာမည်၊ အသက်နှင့် တောင်ကြီးကလာသည်ဆိုသော လိပ်စာလောက်သာ သိရ၏။ ကျန်တာ ဘာမှမသိရ။ ဘယ်လို ရန်ကုန် ရောက်လာပြီး ဘာဖြစ်လာ၍ ထွက်ပြေးလာသနည်း။ မတော် ယောကျ်ားတွေဘာတွေ ရှိနေလျှင် ...

'ဗုဒ္ဓေါ'

ထိုတစ်ချက် သွားတွေးမိရာ ကျော်နေ လန့်ပြန်လေ၏။ ကိုယ်လုံးကိုယ်ပေါက်နှင့် ရုပ်ရည်လေး အကဲခတ်ကြည့်ရသလောက်တော့ အပျိုလေး စစ်စစ် ဖြစ်လိမ့်မည်ဟု ထင်ရ၏။ သို့သော် ဤခေတ်ကာလက ပြော၍ရသည် မဟုတ်။ ဤကောင်မလေးလို ဤမျှ အသက်အရွယ်လေးနှင့် အချက်အပြုတ်၊ အသိမ်းအဆည်း၊ အလျှော်အဖွပ်နှင့် အိမ်ထောင်ထိန်းသိမ်းမှု နိုင်နင်းနေလွန်းခြင်းမှာ တန်တော့ သူ့အိမ်သူ နေစဉ်က သူ့အိမ်ထောင် သူ ထိန်းသိမ်းခဲ့ရသောကြောင့် ဖြစ်မည်။ ဤမျှ ချောမော လှပ နုနယ်သော ကောင်မလေးတစ်ယောက်သည် မိဘနှင့် နေလျှင်တော့ ဘယ်မိဘကမှ ကိုယ့်သမီး နုနုထွတ်ထွတ်လေးကို ခိုင်းစေရက်ကြမည် မဟုတ်။ ယောက္ခမနှင့် နေရလျှင်တော့ ခိုင်းကောင်း ခိုင်းလိမ့်မည်။ ယောကျ်ားဆိုတာမျိုးကလည်း မညားခင်နှင့် ညားကာစလောက်သာ ဖူးဖူးမှုတ်၍ ရွှေပေါ်မြတင် ထားတတ်သော်လည်း ညားကြပြီး ကြာလျှင် အိမ်အလုပ် ဆိုသည်များမှာ မိန်းမတွေတာဝန်ဟုသာ အော်တိုမက်တစ် လွှဲချသွားတတ်ကြ၏။ မိန်းမတွေမှာ လုပ်တတ်တတ် မတတ်တတ် မနေနိုင်၍ ဝင်လုပ်ကြရတော့ရာ ကြာတော့ အလုပ်တွေက သင်သွားရင်း ကျွမ်းကျင်သွားကြရတာ များ၏။ သေချာပြီ။ ဒီကောင်မလေး ယောကျ်ားရှိကို ရှိလိမ့်မည်။ ယောက္ခမတွေဒဏ် မခံနိုင်၍ ရူးသွားပြီး ထွက်ပြေးလာခြင်း ဖြစ်မည်။ ဒါဆို ...

ဘုရား ဘုရား ...

သူနှင့် သက်ဆိုင်သူများသာ ပြန်ရှာတွေ့သွားရင်တော့ မိမိမှာ အလကားနေရင်း မယားခိုးမှု ဖြစ်တော့မည်။ ကြည့်စမ်း။ ဒီတစ်ချက်ကို ရောက်လာလာချင်းနေ့ကတည်းက ဘာလို့ မစဉ်းစားမိပါလိမ့်။ ဟုတ်ပါပြီ။ တစ်လမ်းလုံး ငိုယိုလာတာ ဆိုတော့။ မဖြစ်ဘူး မဖြစ်ဘူး။ ဘာလုပ်ရ


www.burmeseclassic.com

www.burmeseclassic.com



ပဲ့။ ငါ့ မန္တလေး ပြန်ပြေးရကောင်းမလား။ ဒါလည်း လူမဆန်ရာ ကျဖြ
၏။ စိတ်ဝေဒနာသည် မိန်းကလေးတစ်ယောက်ကို အခန်းတစ်ခန်းထဲတွင်
တစ်ယောက်တည်းထားပြီး အသာလေး ထွက်ပြေးသွားခြင်းသည် ယောကျ်ား
တန်မဲ့ တော်တော် အကြင်နာကင်းမဲ့စွာ လူမပီသလှသော လုပ်ရပ်ဖြစ်၏။
အရေးအကြောင်းပေါ်မှ သတိရတော့၏။

'ခလုတ်ထိမှ အမိတ' ဆိုသော စကားရှိသော်လည်း ကျော်နေ
မှာ တစရာ အမိမရှိတော့သဖြင့် ခလုတ်ထိမှ အဖတ ဖို့ကိုသာ ဆုံးဖြတ်
ရတော့၏။ ဟုတ်သည်။ ဤကိစ္စကို အဖေ့ပြောမှ ဖြစ်တော့မည်။ အဖေ
မကာယ်လျှင် သေဖွယ်မဟုတ်တောင် သူ့ဘဝ သွက်ချာပါဒလိုက်လောက်
သောအရေး ဖြစ်နေပြီ။ အဖေ့ကို အကျိုးအကြောင်း ပြောပြကာ ရန်ကုန်
ခေါ်ရုံမှလွဲ၍ ကျော်နေ အခြားလုပ်ရန် မရှိတော့။

တိုက်ဆိုင်စွာပင် အခန်းထဲမှ အိနိုင်မှာလည်း ဤအကြောင်းသာ
တွေးမိနေ၏။

ရောက်စ တစ်ရက်နှစ်ရက်ကတော့ ဤအိမ်ခန်းကို ရှင်းလင်းနေ
ရသဖြင့် အလုပ်များကာ သိပ်မစဉ်းစားမိ။ ဤနေ့တော့ အားလုံးရှင်းလင်း
နေရာကျသွားပြီ ဖြစ်ရာ လုပ်စရာ သိပ်မရှိတော့ချေ။ ထို့ကြောင့် အခန်း
ထဲအောင်းကာ မိမိ ဘယ်သို့ ရှေ့ဆက်သွားရမည်နည်းဟု တွေးနေမိ၏။

ကျော်နေဆိုသော တေမှာ အတီးအတနှင့် ရိုးလှသော စိတ်ချရ
သူတစ်ယောက်ဆိုတာတော့ ဤရက်ထဲ နေကြည့်ရင်းနှင့်ပင် အိနိုင် စိတ်ချ
ယုံကြည်မိ၏။ ယုံကြည်ရသည် ဆိုပေမဲ့ သူ့ချည်းအားကိုးကာ နေ နေ၍
မဖြစ်သေး။ မိမိကိစ္စ မိမိဘာသာ ဖြေရှင်းရမှာတွေက ရှိသေးသည်။ ဤ
အတိုင်း ဖာတ်မျောနေ၍ မဖြစ်။ သူ့ကိုလည်း အလွန် အားနာမိ၏။ သူ
ခမျာ ဘုမသိဘမသိနှင့် မိမိအား တင်ကျွေးထားရကာ မိမိကိုလည်း ကာ
ကွယ်စောင့်ရှောက်ထားရသေး၏။ မိမိကတောင် အထက်စီးနှင့် ဆက်ဆံ
နေသေး၏။ ဤသည်ကိုလည်း သူ့ခမျာ သည်းခံရှာ၏။ ထိုသည်သာမက
သူ့ရပ်သူ့ရွာထဲတွင် မိမိကြောင့် အလကားနေရင်း မိန်းမခိုးလာသူ ဖြစ်ရ
သေး၏။ သူသည် မိမိအကြောင်းကိုတော့ တစ်ခွန်းစ နှစ်ခွန်းစ မေးမြန်း





ကြည့်ရန် ကြိုးစားဖူး၏။ မိမိက ဘာမှ မဆုံးဖြတ်ရသေးသဖြင့် ဝိတ်
ယောက်လိုက်ရာ ငြိမ်သွားရှာ၏။ သူ့ဘက်က စဉ်းစားကြည့်လျှင် အတော်
အနေရအထိုင်ရ ခက်နေရှာပေမည်။ သူလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း
မသိသဖြင့် ဤအတိုင်း နေနေပုံရ၏။ ဒီအတိုင်း ကာလကြာရှည် နေ
နေလို့တော့ မဖြစ်။ နောင်တစ်ချိန်ချိန်တွင် သူ့ဘဝအတွက်ရော မိမိဘဝ
အတွက်ပါ ဤကိစ္စသည် ပြဿနာတစ်ခု ဖြစ်လာနိုင်၏။

မိမိကတော့ ငယ်ငယ်လေးကတည်းက အတူတူ ကြီးလာသော
အစ်ကိုဝမ်းကွဲကို မယူချင်သဖြင့် အိမ်က ထွက်ပြေးလာရုံ သက်သက်။
အိမ်ကလည်း မျိုးရိုးစဉ်ဆက်ထဲတွင် မိန်းကလေး အပျိုလေးတန်မဲ့ အိမ်
ထွက်ပြေးခြင်းမျိုး တစ်ခါမှ မရှိဖူးသဖြင့် ရှက်ရှက်နှင့် အတင်းလိုက်
ရှာနေကြခြင်း ဖြစ်၏။ မိမိပြဿနာမှာ ဖြေရှင်း၍ ရနိုင်သော အခြေအနေ
တွင်ပင် ရှိသေး၏။ ဤအိမ်တွင်နေရင်း ထပ်တက်လာနိုင်သော ပြဿနာ
ပေါင်းစုံမှာမူ အခန့်မသင့်လျှင် ဖြေရှင်းရ အတော်ခက်ကုန်နိုင်၏။ အကြာ
ကြီး ဒီမှာ နေ နေလို့တော့ မဖြစ်။ အပြင်နှင့် အဆက်အသွယ် တစ်နည်း
နည်း ပြန်လုပ်မှ ဖြစ်မည်။ ကျော်နေကိုတော့ ကိစ္စတွေ ရှင်းသွားလျှင်
တောင်းပန်ရမည်။ 'ကျော်နေ' ဆိုတော့ 'ကျေနော် ကျေပါနော်' လို့
ပြောရကောင်းမလား။ အမယ် ဒီလူ့နာမည်ကလည်း ဟီ ဟိ။ ဘယ်လို
မှန်း မသိပါလား။ ကျော်နေ … ကျေနော် … ကျော်နေ … ကျေနော်
တာ ဟ။ အတွေးနှင့် ပြုံးမိရင်း ကျောရိုးထဲမှ စိမ့်ခနဲတစ်ချက် ဖြစ်သွား
သဖြင့် အိနိုင် ရင်ထိတ်ခနဲ ဖြစ်သွား၏။ ဘုရား ဘုရား။ ငုပ်နေတာ ကြာ
ပြီဖြစ်သော ငှက်ဖျားများ ပြန်ဖြစ်ချင်တာလား။ ဒါဆိုရင်တော့ ဒုက္ခ။
အိနိုင် သူ့ငှက်ဖျားအကြောင်း သူသိ၏။ ငယ်ငယ်က မကြာခဏ ဖြစ်ဖူး
သော်လည်း ပျောက်နေသည်မှာ ကြာပြီဖြစ်၍ အမေ့မေ့ အလျော့လျော့
ထားမိ၏။ ငှက်ဖျားပြန်ထလျှင်တော့ မလွယ်။ သူ့အဖျားက အပူကြီးတတ်
၍ သတိတွေဘာတွေတောင် လစ်တတ်၏။ မဖြစ်ဘူး။ ကြိုတင်ကာကွယ်
ထားမှ။ ကာကွယ်ထားမှ ဆိုသော်လည်း ဤအိမ်တွင် ဆေးနဲ့တူတာဆိုလို့
တွက်သတ်ဆေးတောင် မရှိ။ လောလောဆယ် ရေနွေးလေးတစ်ခွက်သောက်
သောက်ပြီး မှိန်းနေလိုက်လျှင် ကောင်းမည်။ အိနိုင် တံခါးဖွင့်၍ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ကုန်းကုန်းကွကွနှင့် တစ်စုံတစ်ရာ လှန်လှောရှာနေပုံရသော ကျော်နေကို တွေ့လေသည်။

‘ဘာရှာနေတာတုံး’

‘ဘာရှာရှာပေါ့ဟ၊ ဟုတ်ပေါင် …’

ရုတ်တရက် ကြားရ၍ ကျော်နေ လန့်သွား၏။ အရှင်မလေးမှာ မျက်နှာလေးတည်သွားပြီး ခါးထောက်ကာ ပြော၏။

‘ဘာပြောတယ်ကွယ့်’

‘ဘာ ဘာမှမပြောလိုပါဘူး သခင်မ၊ ယောင်သွားတာပါ’

‘ယောင်တာဆိုလည်း ပြီးရော၊ ဘာရှာနေတာတုံး၊ ကုန်းကုန်းကွကွနဲ့ ငယ်ကျွန်ကြီးဟာလေ၊ ငြိမ်ငြိမ်ကို မနေဘူး’

‘ဟို ဟို … တယ်လဖုန်းတော်ကြီး ပျောက်နေလို့’

ကပျာကယာ ပြန်ဖြေသဖြင့် အိနိုင် အတော် ရယ်ချင်သွားကာ မျက်နှာကို အတော် ထိန်းလိုက်ရ၏။ သူမို့ ရုတ်တရက် ဒီနာမည်မျိုး စဉ်းစားမိတယ်။ တယ်လဖုန်းတော်ကြီးတဲ့ …။ အမှန်မှာ ကျော်နေသည် တစ်ယောက်ယောက် ဆက်လျှင် သူ အရင်သိရအောင်၊ သူ တစ်စုံတစ်ရာ အရေးပေါ်လျှင်လည်း ဆက်သွယ်နိုင်အောင် ဖုန်းကို အိနိုင်ဖွက်ထားခြင်း ဖြစ်၏။ ကိုယ်တော်ချောက သုံးရက်လုံး သတိမရဘဲ နေနေပြီးမှ ဒီနေ့ ဘာစိတ်ကူးပေါက်၍ ရှာနေသည် မသိ။ အိနိုင် ရယ်ချင်စိတ်ကို ထိန်း၍ မသိချင်ယောင်ဆောင်ကာ ခပ်တည်တည် ထပ်မေး၏။

‘ဘာဖြစ်တယ်ကွယ့် ဘာကြီး’

‘တယ် တယ်လဖုန်းတော်ကြီး ခင်ဗျ၊ ကျွန် ကျွန်ပေါ်ကြီးရဲ့ တယ်လဖုန်းတော်ကြီး ပျောက်နေတာ အခုမှ သတိရလို့၊ အဲဒါ လိုက် လိုက်ရှာနေတာ၊ ဟို သ သခင်မများ တွေ့မိသလားလို့၊ တယ်လဖုန်းတော်ကြီး ဆိုပေမဲ့ ခပ်သေးသေးရယ်လေ၊ ပြား ပြားပြားလေး ဒီလောက်လေးဟာ လေးလေ’

အိနိုင် စိတ်မထိန်းနိုင်တော့။ အလွန် ရယ်ချင်လာသဖြင့် ရယ်မိတော့၏။ နဖူးတွင် ပလာစတာလေးကပ်လျက် ထစ်တီးထစ်ငေါ့ မျက်နှာငယ်လေးနှင့် ရှင်းပြနေသော ကျော်နေ့ရုပ်မှာ အလွန် ရယ်စရာကောင်းနေ





၏။ သူ့ကိုယ်သူလည်း ကျွန်ပေါ်ကြီးဟု သုံးနှုန်းလိုက်သေး၏။ သူ့နှင့် စကားပြောတိုင်းလည်း ထစ်တီးထစ်ငေါ့။ အိနိုင် ရုတ်တရက် အကြံတစ်ခု ရသဖြင့် ပြော၏။

‘ဟား ဟား ဒါလေးကိုများ ငယ်ကျွန်ကြီးရယ်၊ တကူးတက လိုက်ရှာနေရတယ်လို့၊ ငယ်ကျွန်ကြီးက ကလေးကျနေတာပဲ၊ ခေတ်ကာလ ဓါတ်ပစ္စည်းတွေကိုများ အလေးထားနေရတယ်လို့’

‘ဟို ဟို သခင်မတွေ့ .. တွေ့’

‘တွေ့တာပေါ့’

‘ဟိုက်၊ ဒါ ဒါဆို ဘာလုပ်’

‘ရေတ်ကျည်ပွေ့နဲ့ ထုလိုက်ပြီလေ’

‘အောင်မလေးဗျာ’

‘ကျွန်ပေါ်ကြီးကလည်း ငယ်ကျွန်ရင်းကြီး လုပ်နေပြီး သခင်မစိတ်ကို မသိဘူးလား၊ သခင်မက လူဖြစ်ဖြစ် ပစ္စည်းဖြစ်ဖြစ် သခင်မ မခိုင်းတာလုပ်ရင် သိပ်စိတ်ဆိုးတာ ကျွန်ပေါ်ကြီးရဲ့၊ ဓါတ်ကောင်လေးက သခင်မ မခိုင်းဘဲ ထ ထအော်အော်နေလို့ မနေ့ကပဲ ရေတ်ကျည်ပွေ့နဲ့ ထုသတ်လိုက်တာ သေသွားပြီ၊ ရှာမနေနဲ့တော့’

‘အကျိုးနည်း၊ ကုန်ပါပြီ ဂုတ်စာမရယ်’

‘ကြည့်စမ်း ကြည့်စမ်း သခင်မကို ဆဲရေးဝံ့တယ်ပေါ့လေ’

‘မ မဟုတ်’

‘ဟုတ်ဟုတ် မဟုတ်ဟုတ် အပြစ် ပေးရမယ်၊ လမ်းထိပ်မှာ သခင်မအတွက် အဖျားကျဆေးတော် တစ်ခုခု သွားဝယ်စမ်း၊ သခင်မ ဖျားတော်မူချင်သလို ဖြစ်နေတယ်၊ မြန်မြန်သွား မြန်မြန်ပြန်လာခဲ့’

‘ဆုံးသွားတော့လည်း အေးရောပေါ့ကွာ’

‘ဘာပြောတယ်၊ သခင်မကို သေစေချင်နေသလား’

‘မ မဟုတ် … ဟို … တယ်လဖုန်းတော်ကြီး ဆုံးတာကို ပြော ပြော …’

‘အို သွား သွား မြန်မြန်သွား မြန်မြန်ပြန်ခဲ့၊ ငယ်ကျွန်ကြီးဟာ ဘာမှန်းလည်း မသိဘူး၊ သခင်မခိုင်းတာ လုပ်စမ်း၊ မလုပ်နိုင် ရေတ်



www.burmeseclassic.com

www.burmeseclassic.com



ထူညီငွေနော်'

'မြတ်စွာဘုရား၊ ဟုတ်ကဲ့ ဟုတ်ကဲ့'

ခေါင်းတခါခါ စုတ်တသတ်သတ်နှင့် ပိုက်ဆံယူပြီး ကျော်နေ အောက်ဆင်းသွားတော့မှ အိနိုင် အားရပါးရ ရယ်နေမိလေတော့၏။

ကျော်နေ တော်တော် စိတ်ညစ်သွားကာ ဆင်းလာမိ၏။ တယ်လီဖုန်းတစ်လုံးတော့ စိတ်ချလက်ချ ဆုံးလေပြီ။ ရေတ်ကျူညီပွေ့ဖြင့် အထုခံရသည်ဆိုမှတော့ ဘာမှ မတတ်နိုင်။ သူ့ မမြည်မိုင်းဘဲ ထမြည် သဖြင့် ထုလိုက်သည်တဲ့။ ကောင်းရောကွာ။ အေးလေ။ သူ့ခမျာ စိတ်မှ မကောင်းရှာတာကိုး။ ဘယ်တတ်နိုင်မလဲ။ ငါလည်း ဆင်ဆင်ခြင်ခြင် နေမှပဲ ကိုယ့်ကိုကိုယ်လည်း သတိပေးရသေး၏။ မတော် ငါ့ပါ ကျူညီ ပွေ့နှင့် ဆုံးမနေလျှင် ဒုက္ခ။ အိမ်မှာ အန္တရာယ်ရှိလောက်တဲ့ ပစ္စည်းတွေ တော့ သိမ်းတန်သိမ်း ဖွက်တန်ဖွက်ထားဦးမှ။ အရူးဆိုသည်က ပြောရ သည် မဟုတ်။ ဖျားတော်မူချင်နေ ဆိုပဲ။ ဟုတ်နိုင်သည်။ ခုနက စကား ပြောရင်း သတိထားမိ၏။ မျက်နှာလှလှလေး ညှိုးချင်နေ၏။ အရူးက အဖျားကို သိသလား။ ဤကိစ္စ ကျော်နေ သိပ်မရှင်း။ ရူးနေသူတစ်ယောက် သည် အဖျားအနာကိစ္စကို သိလေ့ရှိလား မရှိလား မသိ။ ကျော်နေ သိ သလောက်တော့ အရူးများသည် ဘာကိုမှ ဂရုတစိုက် မသိရှာတတ်ကြ တော့။ အေးလေ။ သူက ယဉ်ယဉ်လေး ရူးနေတာဆိုတော့လည်း သိချင် သိမှာပေါ့ဟုသာ ဖြေတွေးလိုက်၏။

ဆေးဝယ်ကာ ပြန်တက်သွားတော့ အိမ်တံခါး စေ့ထားသည်ကို တွေ့ရ၍ ဖွင့်ဝင်ကာ ပြန်ပိတ်ထားလိုက်၏။ အိမ်ထဲတွင် တိတ်နေလေသည်။ ဘယ်ရောက်သွားပြန်တုံး မချောလေးက။ ဘာသံမှ မကြားရ။ အခန်းထဲ မှာ အိပ်ပျော်နေတာ ဖြစ်မည်။ အေးလေ။ သူ နိုးလာမှ သူ ဝယ်ခိုင်းတဲ့ ဆေး ပေးလိုက်ရုံပေါ့။ ဖျားမယ်ဆိုလည်း ဖျားလောက်၏။

မနေ့က တစ်နေကုန် အိမ်မှာ ကြမ်းတွေ ရေဝတ်နှင့် တိုက်နေတာ တွေ့၏။ ပင့်ကူမျှင်တွေလည်း လျှောက်လှည်းနေသေးသည်။ ညနေစောင်း တော့ မီးဖိုနား တလုံးလုံး ချက်ပြုတ်နေ၏။ ပြီးတော့လည်း အငြိမ်မနေ။





သူ့အိပ်ရာခင်းတွေ ခန်းဆီးတွေ ဂျင်းဘောင်းဘီတွေ ညကြီးမင်းကြီး တဖုန်းဖုန်း လျှော်နေပြန်သေး၏။ အိမ်မှာ အဝတ်လျှော်စက် ရှိလျက်နှင့် လက်နှင့်သာ လျှော်ဖွပ်နေ၏။ မသုံးတတ်လို့ မသုံးတာလား။ မကြိုက်လို့ အဝတ်လျှော်စက်ကို မသုံးတာလား မသိ။ ဒါမှမဟုတ် အဝတ်လျှော်စက် ဟူသော စက်ပစ္စည်းတစ်ခုသည် ကိုယ့်ဟာကိုယ် လက်နှင့် လျှော်တတ် လျက်သားနှင့် အပျင်းကြီးချင်တတ်သော အချို့အိမ်ရှင်မများအတွက် တွေ့ ကရာ အကုန် လက်နှီးစုတ်ကအစ ထည့်လျှော်နိုင်အောင် ပမာမခန့် ပေါ် ပေါက်လာလေသော ခပ်ကြောင်ကြောင်စက်တစ်မျိုးဟု သူ့ဟာသူ ယူဆ လျက် လက်နှင့်လျှော်နေသည်လား မသိ။ ပြောလို့မရ။ ရူးနေတာဆိုတော့ သူ့ဟာသူ တွေးချင်ရာတွေး၍ လုပ်ချင်ရာလုပ်နေခြင်း ဖြစ်နိုင်၏။ ကျော်နေကတော့ သွားမပတ်သက်။ ဘာသိဘာသာ နေလိုက်၏။ မတော် ကျွန်ပေါ်ကြီး အိမ်သာလာဆေးစမ်း လုပ်နေလို့ ခက်နေဦးမည်။ ဤရက် တွေမှာ ကိုယ့်ဟာကိုယ် နေ၏။ သွားစရာရှိ သွား၍ သူ ကျွေးသမျှ စား စရာရှိတာ စား၏။ သူ့ဟာသူ သီချင်းလေး တအေးအေးနှင့် လုပ်ချင်ရာ တွေ လုပ်နေသော အရူးမချောချောလေးကို ခပ်ဝေးဝေးကသာ သတိထား ကြည့်နေရ၏။ ကောင်မလေးက အသံတော့ ကောင်းသား။ ဘာဘာသာ စကားမှန်းမသိသော ဘာသာစကားနှင့် သီချင်းလေးတွေ ညည်းရင်း သူ စိတ်ကူးတည့်ရာလေးတွေ လုပ်နေ၏။ အခုလည်း အိပ်ပျော်သွားပြီ ထင် ၏။ သနားစရာ။ ယောကျ်ားတွေ ဒူးထောက်ရုံမက မှောက်လျက်ကျ ချစ်ရေးဆိုချင်စိတ် ပေါ်လောက်အောင် ထီးသွေးနန်းသွေးဆန်ဆန် လှတ ပတလေး ဖြစ်ပါလျက်နှင့် ခမျာ စိတ်နောက်နေရှာ၏။ ဘယ်ဘဝက ဝဋ် ကြွေးမှန်း မသိ။ ဘယ်လို လောကဓံများခံခဲ့ရ၍ ဤသို့ ဖြစ်သွားရှာလေ သနည်းဟု ကျော်နေ တွေး၏။ စာအုပ်တစ်အုပ် ယူ၍ အခန်းနံရံ မှီထိုင် ကာ စာဖတ်နေလိုက်၏။

စာထဲကို စိတ်မရောက်။ ကောင်မလေးကိစ္စသာ စိတ်ရောက်နေ ၏။ အဖေ့ဆီ ဖုန်းဆက်ဖို့ကတော့ မနက်ဖြန် မနက်အထိ ရွှေ့ဆိုင်းရ တော့မည်။ သခင်မက ကျူညီပွေ့ဖြင့် ဆုံးမလိုက်သည် ဆိုသောကြောင့် အဖေနှင့် ဒီကောင်မလေး တွေ့လျှင် ဘယ့်နှယ်ဖြစ်ကြမည်နည်းဟု ကျော်နေ



www.burmeseclassic.com

www.burmeseclassic.com



တွေးကြည့်၏။

အဖေ သမီး သိပ်လိုချင်တာ ကျော်နေ သိ၏။ လောက သဘာဝ ရတာမလို လိုတာမရ ဖြစ်နေကျအတိုင်း အဖေ ဘယ်လောက် ဘယ်လို ကြိုးစား ကြိုးစား ကျော်နေ ဟူသော သားအထီး တစ်ကောင်တည်းသာ အဖတ်တင်ခဲ့၏။ အမေဆုံးသွားတော့ အဖေ အတော် လေလွင့်သွားသေးသည်။ အရက်တွေဘာတွေ စွဲသလိုဖြစ်သွားပြီး ဘာမှလည်း မလုပ်မကိုင်တော့သဖြင့် စီးပွားပျက်မလိုတောင် ဖြစ်သွားသေး၏။ နောက်မှ ကျော်နေ့ ချက်နှာဖြင့် သူ့ကိုယ်သူ ပြန်လည် ထိန်းသိမ်းကာ အရာရာ မေ့ထားပြီး စီးပွားသာ ဖိရှာခဲ့လေသဖြင့် ပို၍ အောင်မြင်လာခဲ့လေသည်။ အဖေသည် နောက်မိန်းမ မယူတော့။ သေသည်အထိ အမေ့ကို သစ္စာရှိသွားမည်ဟု ဆုံးဖြတ်လိုက်ပုံရ၏။ သူ့ရှိသမျှ မေတ္တာအားလုံး ကျော်နေ့ကို ပေးလိုက်၏။ ကျော်နေ့ကို အလုပ်ပင် ပေးမလုပ်။ ကြိုက်သလောက် သုံးဖြုန်း ဘာလုပ်နေနေ ဘာမှမပြော။ သို့သော် ကျော်နေမှာ သူ့အဖေ ခေါ်နေကျ လူ့ငကြောင်ဖြစ်၍ ဘာမှ မသုံးမဖြုန်းဘဲ ကျောင်းတွေလျှောက်တက်၏။ ပြီးတော့ သူ့ဟာသူ အလုပ်လုပ်နေလေသည်။

သူ့အဖေဆီမှ အရင်းအနှီး မယူ။ သူ့ဟာသူ ရှိစုမဲ့စု ရှာဖွေစုကာ သူငယ်ချင်းတွေနှင့်ပေါင်းပြီး ဆိုင်ကယ်နှင့် ကားပစ္စည်းအရောင်းဆိုင် ဖွင့်ရန်ကြံ၏။ သို့သော် ရှိသော အရင်းအနှီးမှာ မမီလေရကား စက်ဘီးပစ္စည်း အရောင်းဆိုင်လောက် အခြေအနေသာ ရောက်လေ၏။ ဒါလည်း ကျော်နေ စိတ်မလျှော့။ လုပ်တတ်လျှင် ကြီးလာမှာပဲဟု ယူဆကာ ကြိုးစားလုပ်နေ၏။

ကျော်နေ့အဖေ ဦးမင်းဆောင်မှာ မိန်းမယူရန် စိတ်လျှော့လိုက်သော်လည်း သမီးလိုချင်စိတ်ကတော့ မလျော့။ လူ့ငကြောင် ကျော်နေကို မိန်းမပေးစားရသည် ရှိသော် သမီးတစ်ယောက် အလိုလို အိမ်ပေါ်ရောက်၍ လာလေမည်ဟု စိတ်ကူးလေရကား ကျော်နေအား အိမ်ထောင်ချပေးရန် အဆက်မပြတ် ကြိုးစားလေတော့၏။ ကျော်နေ အတော် ထိုကိစ္စကို စိတ်ညစ်၏။ သူက မိန်းမ မလိုချင်။ အလုပ်သာ လုပ်ချင်၏။ သူ့အဖေကလည်း အလုပ်လုပ်ခြင်းထက် မိန်းမယူခြင်း ကိစ္စတွင် ပိုအလေးသာ၏။





မိန်းမယူခြင်းသည် မျိုးဆက်ပြန့်ပွားခြင်း အလုပ်ကို လုပ်ခြင်းဖြစ်သည်ဟု မကြာခဏ နားချ၏။ ငါ မြေးချီချင်ပြီကွဟုလည်း မကြာခဏ မြည်တမ်း၏။ ကျော်နေမှ မိဘမဲ့ကလေးဂေဟာ ခေါ်သွားပြီး တစ်ယောက်ယောက် မွေးစားလိုက်ပါလား အဖေရဲ့ ဟုပြောသော် ငါ့ကို ရွဲ့တာလား ဘာလဲ မင်းက မင်းကိုယ်မင်း မျိုးမအောင်မှန်း မင်းဟာမင်း သိထားလို့လား ဟု စကားနာထိုး၏။ ထိုသည်ကိုတော့ ကျော်နေ မခံ။ သိက္ခာထိခိုက်လေသဖြင့် အကြောက်အကန် ငြင်း၏။ ထိုအခါ မင်းငါ့ကို ဒါဆို သက်သေပြ ဟု ပြောပြီး တစ်ယောက်ပြီး တစ်ယောက်နှင့် အဆက်မပြတ် ပေးစားရန် ကြံ နေတော့၏။ ထို့ကြောင့် ကျော်နေ ရန်ကုန် ခဏဆင်းပြေးလာခြင်း ဖြစ်လေသည်။ အဖေ့ကို တစ်မျိုး ပြန်ရင်ဆိုင်ရန် အကြံလာထုတ်ခြင်းလည်း ဖြစ်၏။ အခုတော့ မရည်ရွယ်ဘဲ အိမ်ထောင်ကျသလိုလို ဖြစ်၍ နေလေပြီ။ ဒီအရူးမလေးကို အဖေတွေ့လျှင်တော့ ဒါမျိုးမှ ငါ့သမီးလေးကွ ဟု လက်ခမောင်းထကိုခတ်မှာ သေချာ၏။ ပြဿနာပါလား။ ကောင်မလေး ကတော့ ချစ်စရာ။

အမယ်။ ချစ်စရာ ဆိုပါလား။ ငါ ဒါမျိုး တစ်ခါမှ မတွေးဖူးပါလား။ ဟီ ဟီ ချစ်စရာတဲ့။ ခွိ ခွိ။ အူထဲကတောင် ယားလာသလို။ နေစမ်းပါဦး။ ငါ ဒါမျိုး မဖြစ်ဖူးပါဘူး။ ဒီကောင်မလေးနဲ့မှ ဘာဖြစ်တာပါလိမ့်။ ဒီကောင်မလေးက ငါ့အတွက် ဘာထူးလို့လဲ။ မြင်ဖူးတွေ့ဖူး သမျှထဲမှာ အလှဆုံးလို့တော့ ဆိုနိုင်၏။ မဟုတ်သေးပါဘူး။ လှရုံနဲ့ လူ တစ်ယောက်က ချစ်ကောလားဟ။ အမယ် … ဒါဆို ဒီကောင်မလေးကို မင်း ချစ်သွားတာကတော့ ဟုတ်နေပြီပေါ့ မောင်ကျော်နေ။ မှန်ပါသခင်မ ဟုတ်ပေါင်။ ဘာတွေ လျှောက်တွေးနေပါလိမ့်။ ဖူးစာဆိုတာ ဒါမျိုး တိုးရိုးကားရား ကြုံတတ်သလား။ ရူးနေတာလေးကို မင်း သနားသွားတာ ဖြစ်မှာပါ။ အဲဒီကစပြီး … ။ ဒါလည်း မဟုတ်သေးပါဘူးလေ။ အရူးတို့ သနားရုံနဲ့ တစ်သက်လုံး အတူတူနေသွားဖို့ ဘယ်သူက တွေးမှာတဲ့။ ငါက တစ်သက်လုံး တူတူနေသွားဖို့ …။ ကျော်နေ … မင်း ရူးနေတာ လား၊ သူ ရူးနေတာလား။ ခက်တာပဲ။ ကောင်မလေးက ချစ်စရာ။ မဟုတ်သေးဘူးလေ။ မင်း သူ့အကြောင်း ဘာမှလည်း မသိသေးနဲ့။ သိသိ



www.burmeseclassic.com

www.burmeseclassic.com



မသိသိတွာ။ ချစ်စရာလေးကွ။ ဟိုက်။ ငါတော့ ဒုက္ခပါလား။ ဘာတွေ ဖြစ်နေတာတုံး။ ပြဿနာတွေ ပြီးသွားရင် ကိုယ့်လမ်း ကိုယ်သွား ကြရမှာလေကွာ။ ငါတော့ တစ်သက်လုံး သတိရနေမှာပဲ။ သူ့မှာ ယောက်ျားရှိနေရင် မင်းအတွေးက ကြာကူလီ အတွေးကွာ။ အမလေးဗျာ။ ဒါဆို ဘယ်နှယ့်လုပ်ကြမတုံး။ မရှိပါဘူး။ သူ့မှာ ဘယ်သူမှ မရှိပါဘူးဗျာ။ မင်း သေချာလို့လား။ မသိဘူး။ သူ့မှာ ဘယ်သူမှ မရှိစေချင်ဘူးဗျာ … ကဲ။ အတ္တကြီးလှချည်လား။ မင်းလည်း ဘာမှ မသိဘဲနဲ့။ ဘာဖြစ်လဲ ဘာဖြစ်လဲ။ ကောင်မလေးက ချစ်စရာ။ ငါ့အတွက် ချစ်စရာလေး။ ငါက ကျွန်ပေါကြီး။ သူက သခင်မလေးကွ။ သခင်လေး ရှိနှင့်ပြီးရင်ရော။ မင်း ကျွန်ပေါကြီး ဆက်လုပ်နေနိုင်လို့လား။ အာ … ဘာတွေ တွေးနေတာတုံး။ ဘယ်က သခင်လေးလဲ။ မရှိပါဘူး။ မရှိနိုင်ဘူးကွာ။ သခင်လေးက ငါကွ။ ပေါလှချည်လား။ တတ်နိုင်ဘူးဟေ့။ ချစ်တာပဲကွာ။ အမယ် ဘာဖြစ်တယ်။ ချစ်စရာလေးကွ။ ချစ်စရာလေးမို့ ချစ်တာ ဘာဖြစ်တုံး။ ရူးနေတာဟ။ ရူးရူးကွာ။ လူကြား မဝင်ဆံ့ဘူးဟ။ မဝင်ဆံ့ရင် မဝင်ဘူးကွာ။ ငါတို့ဟာငါတို့ နှစ်ယောက်ထဲ နေမယ်။ ငယ်ထိပ် တက်ဆောင့်နေပါလား။ ဘာဖြစ်လဲ ဘာဖြစ်လဲ။ ထိုစဉ် …

'ဟင်း … ဟင်း … ဟင်း'

ကိုယ့်ဟာကိုယ် အတွေးထဲ ပြဿနာ တက်နေရင်း ညည်းသံလိုလို မသဲမကွဲ ကြားလိုက်သလို ရှိ၏။ သေချာ နားစိုက်ထောင်ကြည့်တော့ မကြားရတော့။ စိတ်ထင်တာ ဖြစ်မှာပါလေဟု ကျော်နေ စဉ်းစားရင်း ခုနအတွေးကို ဆက်၍ တွေးရန် ကြံ၏။ ထိုအတွေးက အရသာ ရှိလှသောကြောင့် ဖြစ်လေသည်။ သို့သော် …

'ဟင်း … ဟင်း ဟင်း … ကို … ကိုကို'

နားနှင့် ဆတ်ဆတ် ကြားလိုက်ရ၏။ သေချာပြီ။ အရူးမလေး၏ အသံ။

လူးလဲထကာ အခန်းတံခါးနား သွားနားထောင်ကြည့်၏။

'ကိုကို … ကိုကို … ဟင်း ဟင်း'

သေချာသည်။ အရူးမလေး၏ အသံဖြစ်၏။ ဘာဖြစ်နေပါလိမ့်။





အိပ်မက်မက်ရင်း ယောင်နေလေသလား။ အသံလေးက တုန်တုန်ယင်ယင်နှင့်။ ဝင်သွားကြည့်ရ ကောင်းမလား။ မဖြစ်သေးပါဘူး။ ကောင်မလေး တစ်ယောက် အိပ်ပျော်နေတာကို ဘယ့်နှယ် ဝင်ကြည့်သင့်မှာတုံး။ တံခါးကို ကြည့်တော့ စေ့ရုံစေ့ထားတာ တွေ့၏။ ကျော်နေ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

'ဟီး ဟီး ချမ်း …ချမ်းတယ် … ကိုကို … ကိုကို'

သဘောပေါက်သွားလေသည်။ ကောင်မလေး အဖျားတက်နေပြီ။ ကယောင်ကတမ်းတွေ လျှောက်အော်နေတာ ဖြစ်မည်။ ရှမ်းပြည်ဘက်ကဆိုတော့ ငှက်ဖျားတွေဘာတွေ ထတာ ဖြစ်လောက်သည်။ နေစမ်းပါဦး။ ကိုကို ဆိုပါလား။ ဘယ်သူ့ကို တတာပါလိမ့်။ အို … ဘယ်သူ့ တနေသည်က အရေးမကြီး။ အဖျားပူကြီးပြီး မတော်တာတွေ ဖြစ်ကုန်မှ ဒုက္ခ။ ခမျာ စိတ်ကလည်း မှန်ရှာတာ မဟုတ်။ ငါ ဝင်ကြည့်လို့မှ ကောင်းပါ့မလား။ အို …မတတ်နိုင်ပါဘူး။ သဘောရိုးနဲ့ပဲ ဥစ္စာ။ ချီတုံချတုံ ဖြစ်နေပြီးမှ ကျော်နေ အခန်းတံခါးဖွင့် ဝင်သွားလေ၏။

အရူးမလေးမှာ ကွေးကွေးလေး အိပ်နေသည်ကို တွေ့ရ၏။ သေချာကြည့်မှ တစ်ချက် တစ်ချက် တုန်တုန်ယင်ယင် ဖြစ် ဖြစ်နေသည်ကို သတိထားမိ၏။ တအင်းအင်း ညည်းသံလေးများ ပေါ် ပေါ်လာတတ်ပြီး ဘာတွေမှန်းမသိ ကယောင်ကတမ်းတွေ ဗလုံးဗထွေး ညည်းနေ၏။ ကိုကို ကိုကိုဟုလည်း တ၏။ ကျော်နေ အသာလေး ကပ်သွားကာ နဖူးဖြူဖြူလေးကို စမ်းကြည့်၏။

အလိုလေးဗျာတို့ရေ …။

အင်ဒိုချိုင်းနား ကျွန်းဆွယ်တစ်ခုလုံးတွင် အပူဆုံး နဖူးဟုဝင်ပြော၍ရလောက်၏။ ချစ်ချစ်တောက်နေလေသည်။ ကျော်နေမှာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။ ပျာယီးပျာယာ ဖြစ်နေစဉ် ညည်းသံလေး ပေါ်လာပြန်၏။

'ဟင်း …ဟင်း … ချမ်း ချမ်းတယ် … ချမ်းတယ်'

ချမ်းတယ် ဆိုပါလား။ ချမ်းရင်ရေချိုး နှင်းတောတိုး။ မဟုတ်သေးပါဘူး။ ဘာတွေ လျှောက်တွေးနေပါလိမ့်။ ချမ်းတယ်ဆိုတော့ စောင်



www.burmeseclassic.com

www.burmeseclassic.com



ခြံပေးထားမှ ဖြစ်မှာပေါ့။ ဟုတ်တယ် … စောင် … စောင်။ စောင်ဆိုမှ သူ့အိမ်တွင် စောင်မရှိမှန်း ကျော်နေ သတိသွားရ၏။ ဘယ်လိုလုပ်ရပါ့။ ယောင်ယောင်ကန်းကန်း ဖြစ်နေရင်းမှ အကြံရကာ ရှိသလောက်ပုဆိုးတွေထုတ်ကာ ခြုံပေးမိ၏။ တုန်တုန်နေတာက ရပ်မသွား။ ခေါင်းအုံးအပိုတစ်လုံး ယူကာ ကွေးကွေးလေး စောင်းအိပ်နေသော အရှုံးမလေးပေါ်တင် ပေးကြည့်၏။ သို့သော် သိပ်ထူးလှပုံ မရ။ ရုပ်ရှင်တွေ ဗီဒီယိုတွေထဲမှာတော့ မင်းသားအဖျားတက်၍ မင်းသမီးက ဖက်ထားပေးရင်း မြန်မြန်ဆန်ဆန် ကြိုက်သွားကြတာမျိုးတွေကို ကျော်နေ သတိသွားရ၏။ အခုဟာက ဗီဒီယို မဟုတ်။ ပြီးတော့ ကျော်နေ သွားဖက်ထားဖို့ မပြောနှင့်။ နဖူးတောင် ရဲရဲ စမ်းရဲသည် မဟုတ်။ စိတ်ပူစွာ ကြည့်နေမိရင်းမှ ဆရာဝန်ကို သတိရ၏။ ဆရာဝန်ဟူသော အသိနှင့်အတူ လမ်းထိပ်မှ နေ့ညဖွင့်သော ဆေးခန်းလေး မျက်စိထဲ မြင်လာ၏။ ဟုတ်ပြီ။ ပြေးခေါ်မှ။

ဆေးခန်းထဲ ကမူးရှူးထိုး ဝင်လာသော ကျော်နေကို ကြည့်ကာ စားပွဲတစ်လုံးတွင် သွားကြားထိုင်ထိုးနေသော စာရေးမ လန့်သွား၏။ ကျော်နေလည်း စာရေးမမှန်း မသိ နပ်စ်မမှန်း မသိသော အမျိုးသမီးကို တွေ့ကာ အိုးတိုးအန်းတန်း ကိုယ်ရှိန်သတ်ကာ အကဲခတ်၏။ ဆရာဝန်တော့ ဟုတ်ပုံမရ။ ဆရာဝန်က နောက်ခန်းထဲတွင် ဖြစ်မည်။ ထို့ကြောင့်

'ဟို ဟို ရှိလား ခင်ဗျာ'

'မရှိဘူးရှင့်'

'ဒါ … ဒါဆို ဘယ်တော့လောက် လာမလဲ'

'ဘယ်သိမလဲရှင့်'

'ဗျာ … ဟို အချိန်နဲ့ လာကြတာ မဟုတ်ဘူးလား'

'ဘယ်သူက ဆေးခန်းကို အားအားယားယား အချိန်နဲ့ လာကြမှာတုံး၊ ရောဂါဖြစ်မှ လာမှာပေါ့၊ ရှင် ဘယ်လိုလူလဲ'

'ခင်ဗျားက ဘယ်သူ့ကို ပြောနေတာလဲ'

'လူနာလေ လူနာတွေပေါ့'





'အာ … ကျွန်တော်က ဆရာဝန်တွေကို ပြောတာဗျ။ ရှိဘူးလား'

'ရှိတယ်လေ၊ အထဲမှာ'

'ဩော် စောစောက ပြောတာ မဟုတ်ဘူး၊ ခင်ဗျားကလည်း'

'မသိဘူးလေ၊ ရှင်က ရှိလားဆိုတော့ ကျွန်မက လူနာတွေကို မေးတာမှတ်တာပေါ့'

'ဟာ … ခင်ဗျားကလည်း ဆေးခန်းလာမှတော့ လူနာတွေကို ကျွန်တော်က ဘာကိစ္စ မေးရမှာတုံး၊ ဆရာဝန်ကို မေးတာပေါ့ဗျ'

'ဒါဆိုလည်း ဒေါက်တာရှိလားလို့ အစကတည်းက မေးပါလား သဲသဲကွဲကွဲ၊ ရှင် ဘယ်လိုလူလဲ'

'ကဲ ကဲ ဟုတ်ပါပြီဗျာ၊ ထားပါတော့၊ ဒါနဲ့ ဆရာဝန်က'

'အထဲမှာ ရှိတယ်၊ ဝင်သွား'

အကြောင်ကြောင် စာရေးမကို ဒေါပွကာ ကျော်နေ အခန်းထဲ ဝင်သွား၏။

ဆရာဝန်ကို တွေ့၏။ အသက် လေးဆယ်ကျော်ခန့် မုတ်ဆိတ်ငုတ်စိနှင့် ဖြစ်၏။ စားပွဲပေါ်တွင် လက်ပ်တော့တစ်လုံးနှင့် ဘာတွေ စိတ်ဝင်စားနေသည် မသိ။ မျက်မှောင်ကုတ်လျက် ရှိ၏။ ကျော်နေ ဝင်လာသည်ကိုပင် လှည့်မကြည့်။ ကျော်နေ ကွန်ပျူတာကို ကြည့်တော့ ဘာမှလည်း မဟုတ်။ ဆရာဝန်မှာ လူနာမရှိသဖြင့် ကွန်ပျူတာနှင့် ချက်စ်ထိုးနေခြင်းသာ ဖြစ်၏။ အကွက်ကလည်း မယ်မယ်ရရ မဟုတ်။ စဉ်းစားစရာအမှုမလိုလှသည်ကို ဘာတွေ စဉ်းစားနေသည် မသိ။ ကျော်နေ စိတ်ရှည်သဖြင့် ဝင်ပြောမိ၏။

'ညာဘက်က မြင်းကို ဘယ်ဘက်ကို ခုန်ပြီး ဘုရင်မကို ချိန်လိုက်'

'ဒီလိုလား'

'အာ … မဟုတ်ဘူးလေ'



www.burmeseclassic.com

www.burmeseclassic.com



'ဪ သိပြီ၊ ဒီလို'

'အေး ဟုတ်တယ်၊ ဟော ... ဘုရင်မပြေးပြီ တွေ့လား၊ ဘယ်ဘက်က ဘုန်းကြီးနဲ့ ဘုရင်ကို ချက်'

'ဒီလိုပေါ့'

'အေး၊ ဟော ... ဟိုဘက် ပြေးပြီ၊ မြင်းနဲ့လိုက်၊ မြင်းနဲ့ လိုက်ချက်'

'အင်း'

'အဲ ... ချောင်ပိတ်နေပြီ၊ သူ့အကောင်တွေနဲ့ သူ ပိတ်နေပြီ တွေ့လား၊ မြင်းထောက်ထားတဲ့ အကွက်က ပွန်းကို ဘုရင်မနဲ့ ဖမ်းပြီး စားလိုက်'

'ဘယ်ပွန်းလဲ'

'အာ ... ဒီပွန်းကိုလေဗျာ၊ ခင်ဗျားကလည်း'

'အော် အေး'

'ဟော တွေ့လား၊ ထင်တဲ့အတိုင်းပဲ၊ သူ ရထားနဲ့ကာဖို့ လုပ်နေပြီ၊ အကာ မခံနဲ့၊ မြင်းနဲ့ ထပ်ချက်'

'ဘယ်မြင်းနဲ့လဲ'

'အာ ... ဘယ်မြင်းနဲ့ရမှာတုံး၊ ညာဘက်က မြင်းက ဘုရင်မကို ထောက်ပေးထားရတဲ့ ဥစ္စာ၊ ဘယ်ဘက်က မြင်းနဲ့ ဝင်ချက်ခိုင်းတာဗျ'

'ဘယ်ရမလဲ၊ သူ့ ဘုန်းကြီးက စားမှာပေါ့'

'အာ ... တယ်ထူတဲ့လူပါလား၊ သူ့ဘုန်းကြီးက ထွက်စားလို့ မရဘူးလေဗျာ၊ ဘုရင်ကို ကာထားတာ ပွင့်ချက်မိမှာပေါ့'

'အဲ ဟုတ်သား'

'ကဲ တွေ့လား၊ အရှုံးပေးသွားပြီ၊ ခင်ဗျားနိုင်ပြီ၊ ခင်ဗျားနှယ်ဗျာ ဘာမှ မဟုတ်တာကို'

ချက်စ်ပွဲပြီးသွားကာ ဆရာဝန်ကို ကွန်ပျူတာ အရှုံးပေးသွားလေ၏။ ထိုအခါမှ ဆရာဝန်သည် ကျော်နေကို သတိရကာ မျက်မှောင်ကုတ်၍ လှည့်ကြည့်ရင်း မေး၏။ အလကားနေရင်း ထူသလေး အသလေး ပြောပြီး သူ့ဆရာလာဝင်လုပ်သည်ကိုလည်း အခုမှ သတိရပုံ ပေါ်လေ





သည်။

'နေစမ်းပါဦး၊ ခင်ဗျားက ဘာလာလုပ်တာတုံး'

ထိုအခါမှ ကျော်နေလည်း လာရင်းကိစ္စ ပြန်သတိရသွား၏။ ဆရာဝန်ကို တောပြောတောင်ပြော ပြောမိသည်ကိုလည်း အားနာသွား၏။

'ဟို ကျွန်တော် ဆရာ့ကို လာပင့်တာပါ'

'ကျွန်တော် အိမ်လိုက် မကုဘူးဗျ'

'လုပ်ပါ ဆရာရယ်၊ လိုက်ခဲ့ပေးပါ၊ ဟိုမှာ လူနာက ငှက်ဖျားတက်တာလား မသိဘူး၊ တဟင်းဟင်းနဲ့ သတိတောင် လစ်ပြီး တက်ချင်သလိုလိုတောင် ဖြစ်နေတာ'

'ဖျားတာများဗျာ၊ ကျွန်တော် ဆေးပေးလိုက်ရင် ရတာပဲ'

'မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော် ကုန်းပိုးခေါ်ဆို ခေါ်ပါ့မယ်၊ လိုက်တော့ ကြည့်ပေးပါ၊ ကျွန်တော် စိတ်ပူလွန်းလို့ပါ၊ ဟို ... ဆေးဖိုးရော ဝါးခပါ စိတ်မပူပါနဲ့'

'ဘာဗျ'

'ဟို ဟို ... ဆရာ့ကြည့်ရတာ သမားကောင်း အင်္ဂါရပ်နဲ့ ညီလွန်းမှန်း မြင်မြင်ခြင်း သိရလို့ အားကိုးမိတာပါ ဆရာရယ်'

'အခုနတော့ ကျုပ်ကို တယ်ထူတဲ့လူပါလား ဆိုဗျ'

'ဆရာ နားကြားလွဲတာ ဖြစ်မှာပါ ဆရာရယ်၊ ဆရာ့လို သမားကောင်းကြီးကို ကျွန်တော် အရိုအသေ တန်ရဲပါ့မလား၊ ဆရာ့ကို ကျွန်တော် ရိုသေလွန်းလို့ လာပင့်တာပါ ဆရာရယ်၊ လိုက်ကြည့်ပေးပါ၊ ကျွန်တော် သိပါတယ်၊ ဆရာဟာ တစ်ထောင်မှာ တစ်သောင်းမှာ တစ်ယောက်မရှိတဲ့ သူတော်ကောင်း သမားတော်ကြီး အင်္ဂါရပ်နဲ့ ကွက်တိပါ၊ ဆရာလည်း ဖတ်ဖူးမှာပါ၊ ဟို ... ဝေဿလီကောက်တွဲရဲ့ သမား ဘင်းချီးမွမ်းခန်း လင်္ကာတော်ကြီးမှာ ဆိုထားတဲ့အတိုင်း 'ဖျားစပ်ဖျားနာ၊ ဝမ်းလာဝမ်းကျ။ ဖြစ်ရှုံမှုကို၊ အလျင်စလို၊ ထိတ်ပိုလိုက်ကြည့်၊ သမားကဝိကား၊ သူတော်စင်လား၊ မမှားတည်း' တဲ့ ဆရာရဲ့၊ လုပ်ပါ ဆရာရယ်၊ လိုက်ခဲ့ပါ၊ ဆရာ တစ်ချက်စွေကြည့်တာနဲ့ လူနာ ဝေါက်ခနဲ ထထိုင်လောက်အောင် ဆရာ စွမ်းမှန်း ကျွန်တော် မြင်ရုံနဲ့ သိပါတယ်၊ ပြီးတော့ ဆရာ့အင်္ဂါရပ်



www.burmeseclassic.com

www.burmeseclassic.com


ဟာ ဘယ်လောက် သမားကောင်းအင်္ဂါရပ်နဲ့ ညီသလဲဆိုရင် ဝေသာလီကောက်တွဲရဲ့ ဓိဝကကျေးစူးခန်းပျို့မှာ ဆိုထားသလို လို ...'

'အာ ... နားညည်းလိုက်တာဗျာ၊ တော်တော့ တော်တော့၊ ခင်ဗျားလူနာက ခင်ဗျား စကားများတာနဲ့ သေစရာရှိ သေပြီ၊ လာ ... လာ လိုက်ခဲ့မယ်၊ မကြည်ရေ အိတ်ပြင်စမ်းဟာ'

ပေါက်တတ်ကရတွေ လျှောက်ပြောသဖြင့် ဆရာဝန်ပါလာခြင်းကို ကျော်နေ သက်ပြင်းကျမိ၏။ မြန်မြန်ပြန်ရောက်အောင် ဆရာဝန်ကို ဆိုက်ကားနှင့် ပင့်လာကာမှ လမ်းတွင် ဆိုက်ကားဘီးပေါက်နေပြန်သဖြင့် စိတ်မရှည်ဘဲ ခြေကျင်လျှောက်လာကြရသေး၏။ ဆရာဝန်မှာ ကျော်နေ လျှောက်မြှောက်ပြော၍ လိုက်လာခြင်းတော့ ဟုတ်ပုံမရ။ ကျော်နေ ချက်စ်ထိုး ကျွမ်းကျင်သည်ကို စိတ်ဝင်စားသဖြင့်သာ လိုက်လာပုံရ၏။ လမ်းတွင် လူနာအကြောင်း မမေး။ ချက်စ်အကြောင်းတွေသာ လျှောက်မေးလာ၏။ ကျော်နေလည်း ပါးစပ်ထဲတွေ့ရာ စိတ်ကူးတည့်ရာတွေ လျှောက်ပြောရင်း အိမ်ရောက်လာကြ၏။

'ဘယ်မလဲ ခင်ဗျားလူနာ'

'အခန်းထဲမှာ ဆရာ'

'ဟိုက် ... ခင်ဗျား ဘာတွေလျှောက်လုပ်ထားတာတုံး'

'ဟို ... သူ သူက ချမ်းတယ်ဆိုလို့ ဆရာ၊ အိမ်မှာက စောင်လည်းမရှိတာနဲ့၊ ပုဆိုးတွေပဲ အုပ်ပြီး ခေါင်းအုံး ဖိပေးထားတာ'

'ခင်ဗျားဗျာ ရူးများနေသလား၊ ဒီလောက် တစ်ကိုယ်လုံးကြီး ပုဆိုးတွေနဲ့ လျှောက်အုပ်ထားရလား၊ မျက်နှာလောက်တော့ ဖော်ထားပေးရတယ်ဗျ၊ မဖြစ်သေးပါဘူး၊ ဖယ်စမ်း ဟာ ...'

ဆရာဝန်မှာ ဤမျှ ချောမောလှပသည့် လူနာ လောကတွင် ရှိလေသလားဟူသော အမူအရာနှင့် ခဏမျှ မှင်သက်ကာ ငြိမ်သွား၏။ သို့သော် တစ်စုံတစ်ရာကို ချက်ချင်း သတိရသွားသလို အမူအရာနှင့် ကျော်နေကို မသင်္ကာသလို လှည့်ကြည့်ကာ မျက်နှာတည်နှင့် မေး၏။





'နေစမ်းပါဦး ဟေ့လူ၊ ခင်ဗျား မှန်မှန်ပြောစမ်း၊ ဒီကောင်မလေးနဲ့ ခင်ဗျား ဘယ်လိုပတ်သက်လဲ၊ သွေးရိုးသားရိုးကော ဟုတ်ရဲ့လား'

'ဟာ ဟုတ်ပါတယ် ဆရာ၊ ရိုးရိုးပါ'

ကျော်နေ ပျာပျာသလဲ ငြင်းမှ ဆရာဝန် ပိုမသင်္ကာဖြစ်လာတာ မျက်မှောင်ကုတ်၍ မေး၏။

'ဒီမှာ ဟေ့လူ၊ ခင်ဗျားကိုလည်း ကျုပ်သိတာ မဟုတ်ဘူး၊ ဒီလူနာကောင်မလေးကိုလည်း ကျုပ် မသိဘူး၊ ရာဇဝတ်မှု တစ်ခုခုထဲတော့ ကျုပ် ကန့်လန့်ကန့်လန့် မပါနိုင်ဘူးနော်၊ ခင်ဗျား မှန်မှန်ပြော၊ ခင်ဗျားနဲ့ သူ ဘယ်လိုပတ်သက်လဲ'

'ကျွန်တော်က သူ့ ကျွန်ပေါ့ကြီးပါ'

'ဘာဗျ'

'သြော် သြော် ... ကျွန်တော် သူ့ကို ခိုးလာတာဗျ'

'ခိုးလာတာ ဟုတ်လား၊ သေချာတယ် ရာဇဝတ်မှုပဲ၊ ခင်ဗျား တော်တော် အတင့်ရဲတဲ့သူခိုးပဲ၊ လူတစ်ယောက်လုံးတောင် ခိုးတဲ့အဆင့်ရောက်နေပြီ၊ မဖြစ်ဘူး မဖြစ်ဘူး၊ ရဲ ချက်ချင်းခေါ်မှ ဖြစ်မယ်၊ ဟေ့လူ ခင်ဗျား ကျုပ်နား မလာနဲ့နော်၊ တွေ့ရာဆေး ပိတ်ထိုးထည့်လိုက်မယ်၊ ဒီမှာတွေ့လား ဆေးထိုးအပ်'

ဆရာဝန်သည် ပျာပျာသလဲ အမူအရာသို့ ချက်ချင်းပြောင်းသွားကာ ဆေးထိုးအပ်ကို လက်တစ်ဖက်တွင် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး ကျော်နေကို ချိန်ထားလျက် ကျန်လက်တစ်ဖက်ဖြင့် သူ့ဟန်းဖုန်းကို ထုတ်ရန် ကြိုးစားလေ၏။ ကျော်နေလည်း ကြောက်ကြောက်လန့်လန့်နှင့် ရှင်းပြလေ၏။

'မ မဟုတ်ဘူးဆရာ၊ မှားနေပြီ၊ သူ သူက ကျွန်တော့် မိန်းမဗျ၊ ကျွန်တော်တို့ ခိုး ... ခိုးပြေးလာတာ ပြောတာ၊ ဆရာထင်တာ မဟုတ်ဘူး၊ သူ ... သူက လိုက်လာတာ'

ဆရာဝန်သည် တွေခနဲ ဖြစ်သွား၏။ ပြီးမှ တစ်စုံတစ်ရာ တွေ့မိသွားသလို တဖြည်းဖြည်း ပြုံးလာကာ နောက်ဆုံး တဟားဟား ရယ်လေသည်။


www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား … မသိပါဘူးဗျာ၊ ကျုပ်ကလည်း လူမှိုက်ကြီးဆိုတော့ ဒါ မတွေးမိဘူးဗျ၊ ဟား ဟား ခင်ဗျားဗျာ စောစောက ပြောရောပေါ့၊ နေဦး ခင်ဗျား ကောင်မလေးက ငှက်ဖျားတွေဘာတွေ ရှိတာ ပြောမပြဖူးဘူးလား'

ငါ့ကောင်မလေးဆိုပါလား။ ဟီ ဟီ။ တကယ်ဟုတ်ရင် အတော် ပျော်စရာကောင်းတဲ့ ကိစ္စပါလား။ သြော် ဘာတွေလျှောက်တွေး နေပြန်တုံး။ မေးတာ ဖြေဦးမှ။

'ဟီး ဟီး မပြောဖူးဘူး ဆရာ၊ သူ ရုတ်တရက် ထဖြစ်တော့ ကျွန်တော်လည်း ထူပူပြီး'

'ရှုပြီ ရှုပြီ၊ ကျုပ် ပေါက်ပြီ၊ ကဲ ဒီလိုလုပ် ကိုယ့်လူ၊ ခင်ဗျား မိန်းမကို ခင်ဗျား အင်္ကျီလုံချည်တော့ လဲ လဲပေးရလိမ့်မယ်၊ လိုတဲ့ဆေး တွေ ကျုပ်ပေးခဲ့ …'

'အာ အာ … အင်္ကျီလုံချည်လဲဖို့တော့ မဖြစ်ဘူး ဆရာ၊ မဖြစ်ဘူး'

'ဟ ဘာဖြစ်တာတုံး၊ ခင်ဗျား မိန်းမကို ခင်ဗျား အင်္ကျီလဲပေး တာ ဘာလို့ ဒီလောက် အကြောက်အကန် ငြင်းရတာလဲ'

'အာ မဖြစ်ဘူး ဆရာ၊ သူက အပျိုဗျ၊ ကျွန်တော်က လက်တောင် ကိုင်ရဲတာ မဟုတ်ဘူး'

'ခင်ဗျားဟာ ဘယ်လိုတုံး၊ နိုးပြေးလာတာဆို'

'နိုးတာ နိုးတာပဲ ဆရာ၊ ကျွန်တော်က အခုထိ သူ့ကို ထိလို့ကိုင် လို့ ခွင့်ပေးသေးတာ မဟုတ်ဘူး၊ ဒီလို လုပ်ပါလား ဆရာ၊ ကျွန် ကျွန်တော် က သူ့ကြောက်ရတယ်ဗျ၊ ဟို … ဆရာ့ဆေးခန်းက အမျိုးသမီးကို အကူအညီတောင်းပေးပါလား ဆရာရယ် နော်၊ အင်္ကျီလုံချည် လဲတဲ့ကိစ္စ လောက်တော့ သူ ကူညီပေးနိုင်မှာပါ၊ နောက်ပြီး ကျွန်တော့် ကောင်မလေး လည်း အဖျားတွေဘာတွေ ကျသွားပြီး သတိလည်လာရင် သူ့ဟာသူ လုပ်လို့ ရမှာပါ၊ ဟို …တစ်ရက် နှစ်ရက်လောက်ပဲ ထင်ပါတယ် ဆရာ၊ နော် ဆရာ၊ လုပ်ပါ ဆရာ … ဟို မကျော် ဆိုလား … ဆရာ့ အမျိုး သမီး …'





'အာ ဘယ်က ကျုပ်အမျိုးသမီးရမှာလဲ'

'ဆောရီး ဆရာ၊ အဲ အဲဒါ'

'ခက်တာပဲ၊ ခင်ဗျားဟာက စယူကတည်းက မိန်းမကြောက်နေ ရတာကိုး၊ ဖျားနာလို့ပဲဗျာ၊ ခင်ဗျားနှယ်'

'လုပ်ပါ ဆရာရယ်၊ ကူညီပါ'

'ငှက်ဆိုရင် ခင်ဗျား ပေါ့တော့ မပေါ့နဲ့နော်၊ တချို့ငှက်တွေက ကြမ်းတယ်၊ ပျောက်သွားပြီးရင်တောင် သေချာကုဦး'

'ဟုတ်ကဲ့'

'ညလည်း စောင့်တော့ ကြည့်ဦးနော်'

'ဟာ ရတယ်ဆရာ၊ ဒါတော့'

'ကောင်းပြီလေ၊ ဒါဆို …'



www.burmeseclassic.com

www.burmeseclassic.com

# (၂၄)

သုံးရက်ကျော် အပြင်းဖျားလိုက်ပြီးနောက် အိနိုင် ဤမနက်တွင် အစောကြီး အနည်းငယ် ကြည်လင်စွာ နိုးထလာ၏။ ဤတစ်ခေါက် ၄ရက်ဖျားက အတော်ပြင်း၏။ သတိရတစ်ချက် မရတစ်ချက်နှင့် အတော် ခံလိုက်ရသည်။ ဒါတောင် ငါ သူများအိမ်မှာဟူသော အသိနှင့် အတင်း စိတ်တင်းထားသဖြင့် ဘယ်လောက်ကြာမှန်း သိလိုက်ခြင်း ဖြစ်၏။ အဖျား တက်နေစဉ် ကာလတွင်တော့ ကိုယ်တိုင် ဘာမှမလုပ်နိုင်။ ဆရာဝန် တစ်ယောက် လာ လာကြည့်သည်ကို မှတ်မိ၏။ မိန်းမတစ်ယောက်မှ မိမိကို ချွေးသုတ်ပေး၊ ကိုယ်လက်သန့်စင်ပေး၊ အဝတ်အစား လဲလှယ် ပေးသည်ကိုလည်း ဝိုးတဝါး မှတ်မိ၏။ သတိအထားမိဆုံးက ကျော်နေ။ နေ့နေ့ညည သူ သတိဝင်လာတိုင်း စိုးရိမ်တကြီးနှင့် အနားမှာ ရှိနေတတ် သည်ကို သတိရ၏။ ဂရုတစိုက် ကျွေးမွေးကာ အချိန်မှန် ဆေးတိုက်၏။ သူ့ကြောင့် အိပ်လည်း အိပ်ရပုံ မပေါ်။ သူကလည်း ကိုကိုခေါ်လိုက်၊ ကျွန်ုပ်ပေါ်ကြီး ခေါ်လိုက် ခေါ်မိသည်ကိုတော့ မှတ်မိ၏။ အခြေအနေကို အိနိုင် စဉ်းစား၏။ မဖြစ်တော့။ ဤအိမ်မှ ထွက်ခွာ၍ ပြဿနာများကို ရင်ဆိုင် ဆုံးဖြတ်ရမည်။ စိတ်တင်းကာ အိပ်ရာထဲမှ ထ၏။ ခေါင်းထဲမှ မိုက်ခနဲ ဖြစ်သွားသည်။ ခဏငြိမ်နေလိုက်သော် နည်းနည်း သက်သာ သွား၏။ လူက တစ်ကိုယ်လုံး ကိုက်ခဲ နာကျင်နေ၏။ သို့သော် အဖျား တော့မရှိတော့မှန်း ခံစားသိရ၏။ နားထဲကလေများ တဝူးဝူး ထွက်နေ၏။ သေးဘီလှည့်ပတ်ကြည့်တော့ အခန်းဝ တံခါးဘောင်နားတွင် ချွေးစွဲလေး



www.burmeseclassic.com

www.burmeseclassic.com



အိပ်နေသော ကျော်နေ့ကို တွေ့ရ၏။ အိနိုင် အတော် စိတ်မကောင်း ဖြစ်သွားလေသည်။ သူ့ခမျာ ငါ့ကြောင့် အတော် ပင်ပန်း ရှာလေပြီ။ အခု ဖြစ်သွားသော အခြေအနေတွင် သူသည် ငါ့အား နှမသားချင်းကဲ့သို့ အပင်ပန်းခံကာ ပြုစုစောင့်ရှောက်ခဲ့၏။ အခြား မသမာသူ တစ်ဦးဦးသာဆိုလျှင် အခြေအနေပေါ် မူတည်ကာ တစ်စုံတစ်ရာ အခွင့်အရေး ယူပေလိမ့်မည်။ သူကတော့ ထိုသို့ မဟုတ်။ အိနိုင်သည် ခွေခွေလေး အိပ်ပျော်နေသော ကျော်နေ့အား သွားကြည့်၏။

နှစ်ခြိုက်စွာ အိပ်ပျော်နေလေသည်။ မျက်တွင်းများကျ၍ မျက်နှာဝါ ချောင်ကျနေ၏။ ဤရက်တွေအတွင်း ကျော်နေသည် မိမိအား စိတ်ပူပန်၍ အိပ်ရေး အိပ်ခဲ့ရပါလေရဲ့လား။ အားနာလိုက်တာ။ သွေးမတော်သားမစပ် ငါ့ကို စောင့်ရှောက်ခဲ့လေသူပါလား။ ဤခေတ်ထဲတွင် အလွန်ရှားပါးနေပြီ ဖြစ်သော ယောကျ်ားကောင်းတစ်ယောက်ပါလား။ ကျော်နေကတော့ ဘာမှမသိ။ နှစ်နှစ်ခြိုက်ခြိုက်ကြီးကို အိပ်ပျော်နေ၏။ ရိုးသားသော မျက်နှာမှာ အပြစ်ကင်းစွာ ပြုံးယောင်သမ်းနေ၏။ အိနိုင် မျက်ရည်ဝဲလာလေသည်။ ကျွန်ုပ်ပေါကြီးရယ် … ချစ်စရာကောင်းလိုက်တာ။

'ဟောတော့'

နှုတ်ဖျားမှ လွှတ်ခနဲ တိုးတိုးလေး ထွက်သွားသော စကားကို အိနိုင် လန့်ကာသွား၏။ ပါးစပ်ကိုလည်း ယောင်ယမ်းကာ လက်နှင့်တောင် ပိတ်မိ၏။ မည်သူမျှ မကြားသော်ငြား အိနိုင် အတော် ရှက်သွားကာ မျက်နှာ ထူပူသွား၏။ သူ့ဟာသူ အိပ်ပျော်နေသော ကျော်နေကိုပင် မကြည့်ရဲတော့သလို ဖြစ်နေ၏။

သူစိမ်းယောကျ်ားလေး တစ်ယောက်ကို ဤမျှ နှင့်နှင့်နဲနဲ စိတ်ပါလက်ပါ မရည်ရွယ်ဘဲ ချစ်ခင် နှစ်သက်စိတ် ဘဝတွင် တစ်ခါမှ မပေါ်မိခဲ့။ အခုကျမှ။ ဟယ် … ဘာတွေ တွေးမိနေတာလဲ။ သူဟာ ငါ့ဘဝမှာ သူစိမ်းတစ်ယောက် သက်သက်ပဲ ဥစ္စာ။ အိနိုင် နှင့်စိတ်ကို ပြင်စမ်း။ ဒီလူဟာ နင်နဲ့ တိုက်ဆိုင်ပတ်သက်မှု တစ်ခုကြောင့် ခဏတဖြုတ် ဆက်ဆံခဲ့ရတဲ့ လူလေ။ နင့်ကို သူ ဘာမှ မသိသလို သူ့ကိုလည်း နင် ဘာမှ မသိဘူး။ အို မဟုတ်ဘူး။ သူ့ကို အိနိုင် သိတယ်။ သူ့ရင်ထဲက





တစ်ခုခုကို အိနိုင် သိကိုသိတယ်။ မဟုတ်ဘူး။ နင် စိတ်ကူးယဉ်နေတာ။ သူဟာ နင်နဲ့ ဘာမှမဆိုင်ဘူး။ သူ့ဘဝထဲမှာ နင့်အတွက် နေရာမရှိဘူး။ နင့်ဘဝမှာလည်း သူ့ကို နေရာတစ်ခု ပေးနိုင်လို့လား။ မဟုတ်ဘူး … မဟုတ်ဘူး။ သူဟာ အသုံးချခံခဲ့ရရှာတယ်။ အိနိုင်ရဲ့ ကိုယ်ရေးကိုယ်တာ ပြဿနာတစ်ခုမှာ သူဟာ ခါးစာခံသက်သက် ဖြစ်ခဲ့တာ။ အိနိုင်ကို သူ စောင့်ရှောက်ခဲ့တယ်လေ။ သူ့ကြောင့် အိနိုင် ခဏလုံခြုံခဲ့တယ်ရလေ။ သူဟာ အိနိုင်အတွက် ခဏတာ အားကိုးခဲ့ရတယ်။ သူ အိနိုင်ကို လုံခြုံအောင် စောင့်ရှောက်ပေးခဲ့တယ်။ တော်ပြီ သူ့ကို အိနိုင် ဆက် ဒုက္ခ မပေးသင့်တော့ဘူး။ ဟုတ်တယ်။ သူ့ကို ဒုက္ခ ဆက်မပေးသင့်တော့ဘူး။ ငါ ပြန်မယ်။ ပြဿနာတွေကို ငါ ရင်ဆိုင်မယ်။ ငါ့ဘက်မှာ ကိုကိုလေး ရှိမှာပါ။ ဒေါ်လေးကရော … ရတယ်ကွာ။ ငါ ရင်ဆိုင်မယ်။ အိနိုင် ဆုံးဖြတ်လိုက်လေသည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသော ကျော်နေ့ကို ကြည့်ကာ နှစ်နှစ်ကာကာ အသံထွက် ပြောမိ၏။

'ကျွန်ုပ်ပေါကြီးရယ် … ငါ နင့်ကို ချစ်လိုက်တာ၊ တကယ်ပြောတာ ငါ တစ်ခါမှ မဖြစ်ဖူးဘူး'

အိနိုင် ဖွက်ထားသော ကျော်နေ့ဖုန်းကို ယူကာ အလွတ်ရပြီးသော နံပါတ်တစ်ခုကို နှိပ်လေသည်။

'ဟလို ကိုကိုလေးလား၊ ကိုကို အိနိုင်ကို လာခေါ်ပါ၊ ကိုကို ရန်ကုန်မှာ မဟုတ်လား၊ အိနိုင် အခု …………'

ကျော်နေ့ အိပ်မက်ထဲတွင်တော့ တိမ်တိုက်များ ပြေးလွှားနေလေသည်။

တံခါးရွက်အကွယ်တွင်တော့ အရုပ်မလေး ယောင်ယမ်းအော်ဟစ်သော အသံလေးများကို ဖမ်းထား၍ အရုပ်မလေး၏ ဘဝကို အဖြေရှာရန် ကျော်နေ ချထားသော ရီကော်ဒါလေးမှာ အိနိုင် မနိုးခင်ကလေးကမှ တိုက်တိုက်ဆိုင်ဆိုင် ကျော်နေ အခွေလဲကာ ချထားမိခဲ့သဖြင့် အိနိုင်အသံ အဝါအဝင် အသံများအားလုံးကို ဖမ်းယူရင်း လည်ပတ်လျက် ရှိနေသည်ကိုတော့ အိနိုင် လုံးဝသိရှိခဲ့ခြင်း မရှိချေ။



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပါ …
ဒီနေရာဟာ
အချိန်ကာလ ရှိခြင်း မရှိခြင်းတွေ ရှိတယ်။
မင်္ဂလာပါ …
ဒီနေရာမှာ
ထူးဆန်းခြင်းနဲ့ မထူးဆန်းခြင်းတွေ ရှိတယ်။
မင်္ဂလာပါ …
ဒီနေရာဟာ
သေချာခြင်း မသေချာခြင်းတွေရဲ့ နေရာဖြစ်တယ်။
မင်္ဂလာပါ …
ဒီနေရာအကြောင်း
စပ်စုတတ်သူတွေ ကောင်းကောင်း လေ့လာကြတယ်။
မင်္ဂလာပါ …
ဒီနေရာအတွက်
တချို့တွေ ရက်ရက်စက်စက် ဆုံးရှုံးခဲ့ကြတယ်။
မင်္ဂလာပါ …
ဟုတ်တယ်
ကျွန်တော်က ဒီမှာ
ဘာမြူဒါ Triangle ထဲ ပုန်းနေတယ်လေ။

**Cupid**

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# မြားနံ့ပါတ် ၈
# (ကျိုးစားခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၂၅)

တစ်အိမ်လုံး နံ့နေပြီ။ ဘယ်ရောက်သွားသည် မသိ။ နေကောင်းသေးတာလည်း မဟုတ်ဘဲနှင့် လျှောက်သွားနေပြန်ပြီ ထင်၏။ မဟုတ်မှလွဲရော။ အိမ်ထဲ နေ နေရတာ ကြာ၍ လမ်းလေးဘာလေး ဆင်းလျှောက်တာလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် အပြင်းဖျားလိုက်သဖြင့် ရူးနေရာမှ ပြန်ကောင်းသွားကာ ထွက်သွားတာများလား။ ဒါဆိုရင်တော့ သူ့ကိုနှုတ်၍ ပြောသွားမှာ သေချာသည်။ ဒီလိုမှမဟုတ်ဘဲ စိတ်ဖောက်ပြန်ကာပိုဆိုးသွားပြီး ခြေဦးတည့်ရာ ထွက်သွားသည် ဆိုရင်တော့ ဒုက္ခ။ ကျော်နေအတော် စိတ်ပူသွား၏။ ဘုရား … ဘုရား …။ မကောင်းတဲ့လူတွေနဲ့ တွေ့မှဖြင့်။ အခန်းထဲ ပြန်ဝင်လာရင်း ရီကော်ဒါကို ရုတ်တရက် သတိရသွားကာ ပြန်ရစ်၍ ဖွင့်ကြည့်ရာ …

ပထမ ဘာသံမှ မကြားရ။ လှုပ်ရှားသံအချို့သာ ကြားရ၏။ ကျော်နေ စိတ်ပျက်သွားလေသည်။ ခါတိုင်းနေ့တွေတုန်းက အခွေတွေလို ထူးခြားသော ညည်းညူသံလေးများကိုသာ ကြားရဦးမည်ဟု တွေးမိ၏။ ကောင်မလေး ကယောင်ကတမ်း ပြောသည်များကို ဆက်စပ်၍ သူ့ဘဝကို တွေးယူကြည့်မည်ဟု အကြံရခဲ့သဖြင့် ရီကော်ဒါဖြင့် ကောင်မလေး အသံများကို သူ ဖမ်းယူခဲ့၏။ သို့သော် မယ်မယ်ရရ ဘာမှမရ။ 'ကိုကို' ဟူသော စကားတစ်လုံးသာ ကြားရတတ်၏။ ထို ကိုကိုဆိုသူကို ကျော်နေအလွန် စိတ်ဝင်စားလေသည်။ ထိုသူသည် ဤကောင်မလေး၏ စိတ်တွင်နက်နက်ရှိုင်းရှိုင်း မှတ်မိနေသူ ဖြစ်ခြင်းမှာ သေချာ၏။ မည်သို့ပင်သတ်



www.burmeseclassic.com

www.burmeseclassic.com



နေလေသနည်း။ ရီကော်ဒါမှာ တရှဲရှဲနှင့် လည်နေ၏။ ကျော်နေမှာ ငိုင်တာ နေလေသည်။ ထိုစဉ် …

'ကျွန်ပေါကြီးရယ် …'

ရီကော်ဒါထဲမှ ရုတ်တရက် ကောင်မလေးအသံ ပေါ်လာသဖြင့် ပြန်ထူးမိမလို ဖြစ်သွား၏။ သို့သော် ကောင်မလေးအသံက ခါတိုင်းလို မဟုတ်။ တည်တည်ငြိမ်ငြိမ် လေးလေးနက်နက် ဖြစ်နေ၏။ ကျော်နေ အံ့သြကာ ဆက်နားထောင်လေ၏။

'ငါ နင့်ကို ချစ်လိုက်တာ … တကယ်ပြောတာ၊ ငါ တစ်ခါမှ မဖြစ်ဖူးဘူး'

ကျော်နေ ထိတ်ခနဲ ဝမ်းသာသွား၏။ သူက ငါ့ကို ချစ်လိုက်တာဆိုပါလား။ သူ … သူက ငါ့ကို။ ကျွန်ပေါကြီး ငါ့ကို …။ ကျော်နေ အလောတကြီး ဆက်နားထောင်မိ၏။ လှုပ်ရှားသံအချို့ ကြားရပြီးနောက်

'ဟလို ကိုကိုလေးလား၊ ကိုကို အိနိုင်ကို လာခေါ်ပါ၊ ကိုကို ရန်ကုန်မှာ မဟုတ်လား၊ အိနိုင် အခု ကျောက်မြောင်းဘက်က ကောင်လေးတစ်ယောက်အိမ်မှာ ရောက်နေတယ်၊ သူ့နာမည်က ကျော်နေတဲ့၊ အသေးစိတ် နောက်မှ ပြောပြမယ်၊ အခု အိနိုင် …'

ကောင်မလေး၏ စကားသံများ ကျော်နေ့နားထဲ ဝေဝါး၍ သွား၏။ အတွေးများမှာ ရှုပ်ထွေး၍ သွားလေတော့၏။ ဘာလဲ … ဘာကြောင့်လဲ … ဟူသော မေးခွန်းများမှာ ပလူပျံနေလေသည်။ ကောင်မလေးသည် ဘာကြောင့် ဤသို့ သူ့ကို အရူးလုပ်ခဲ့လေသနည်း။ သူ့ကို ဘာကြောင့် ဟန်ဆောင်ခဲ့လေသနည်း။ သူ့ကို ဘာကြောင့် သံယောဇဉ် ငြိတွယ်အောင် တမင် လာရောက် နှောင့်ယှက်ခဲ့လေသနည်း။ တစ်သက်လုံးအတွက် တသသ ဖြစ်ဖွယ် အဖြစ်တစ်ခုကို ဘာကြောင့် လာ၍ ပေးခဲ့လေသနည်း။

ကောင်မလေးသည် ရူးနေသည် မဟုတ်ခြင်းကို သိရသည့်အတွက်တော့ ကျော်နေ ဝမ်းသာမိသည်။ သို့သော် ကောင်မလေးသည် သူ့ထံမှ အပြီးအပိုင် ပြန်ထွက်သွားခဲ့လေပြီ။ ရုတ်တရက် သတိရသွား၏။ ကောင်မလေး ဘယ်ကဖုန်းနှင့် ဆက်သွယ်ခဲ့သနည်း။ အမောတကော လိုက်ရှာ





မိသော် တစ်ချိန်က သလွန်တော်ကြီးဟု ကောင်မလေး သမုတ်ပေးခဲ့သော ဆိုဖာလက်ရန်းပေါ်တွင် ကျော်နေ သူ့တယ်လီဖုန်းတော်ကြီးကို အကောင်းအတိုင်း တွေ့ရလေသည်။ ကျော်နေ ငိုင်ကျသွားလေသည်။

'သခင်မ'

'ကျွန်ပေါကြီး'

'ဒယ်အိုးတော်'

'ဖိုဆောင်တော်'

'ချိုးရေတော်'

'ပေသာလီကောက်တွဲ'

'ဆေးတော်ကြီး'

'ကိုကို'

'နန်းအိနိုင်စံ'

ကောင်မလေးရေ။ မင်း ငါ့ကို …။

ကောင်မလေး၏ လက်ရာများနှင့် မကင်းသော တိုက်ခန်းတစ်ခုလုံးကို လေးကန်သော ခြေလှမ်းများနှင့် ကျော်နေ လှည့်ပတ်ကြည့်နေမိ၏။ ကျီစားခဲ့တာလား။ အရူးလုပ်ခဲ့တာလား။ ထွက်သွားခဲ့ပြီ။ ကျော်နေ အံကြိတ်ကာ ခေါင်းမော့လိုက်၏။ ငါ မင်းကို တွေ့အောင်ရှာမယ်။ မင်းဟာ ကမ္ဘာမြေကြီးရဲ့ တစ်နေရာရာမှာတော့ ရှိကို ရှိမှာပါ။ ငါ ရှာမယ်။ ဒေါသကြောင့် မဟုတ်ဘူး။ မခံချင်စိတ်ကြောင့် မဟုတ်ဘူး။ စပ်စုချင်လို့လည်း မဟုတ်ဘူး။ ရှာမယ်။ အကြောင်းပြချက် တစ်ခုထဲကြောင့် ငါ နင့်ကို ရှာမယ် အိနိုင်။ ငါ နင့်ကို ချစ်တယ်။

ကျော်နေ တယ်လီဖုန်းကို ကောက်ကိုင်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

'ဟလို … ဟုတ်ကဲ့ ကျွန်တော် မင်းဆောင်ပါ'

'…………………'

'ဘာ … ဘယ်လိုဖြစ်တာလဲဗျာ၊ ရုတ်တရက်ကြီး ဘယ်တုန်းက ဆုံးတာလဲ'

'…………………'

'ဖြစ်မှဖြစ်ရလေဗျာ၊ တလောကတောင် ကျွန်တော်နဲ့ ကိုမြိုင်လှ ဖုန်းပြောဖြစ်သေးတယ်၊ ကောင်းကောင်းမွန်မွန် မာမာချာချာကြီးပါဗျာ'

'…………………'

'အေးလေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ဘယ်အချိန် ဖြစ်သွားတာလဲ၊ ကြားရတာ စိတ်မကောင်းလိုက်တာဗျာ'

'…………………'

'ကျွန်တော် ဆင်းလာခဲ့ပါ့မယ်၊ ဘာတွေ လုပ်ပေးရဦးမလဲဗျာ၊ လိုတာရှိရင် ပြောပါ'

'…………………'

'ကောင်းပါပြီ ခင်ဗျာ၊ ဒါဆို ဒါပဲနော်၊ ကျွန်တော် ဆင်းလာပြီ'



www.burmeseclassic.com

www.burmeseclassic.com

# (၂၇)

‘ဒေါ်လေးလား၊ ကျွန်တော်ပါ’

‘.....................’

‘ဟုတ်တယ် ဒေါ်လေး၊ ကျွန်တော် အိန္ဒိယကို ပြန်တွေ့ပြီ’

‘.....................’

‘မဟုတ်ဘူး ဒေါ်လေး၊ ကောင်လေးတွေကို ဒေါ်လေးပြောလိုက်ဖို့ ဆက်တာပါ’

‘.....................’

‘စိတ်မပူပါနဲ့ ဒေါ်လေး၊ ကောင်းကောင်းမွန်မွန်ပါပဲ’

‘.....................’

‘မဟုတ်ဘူး ဒေါ်လေး၊ သူက အကြားနဲ့ ထင်ရာတွေ လျှောက်လုပ်လိုက်တာ၊ အဖျားတက်သေးတယ် ပြောတယ်’

‘.....................’

‘မဖြစ်ဘူး ဒေါ်လေး၊ နည်းနည်း နုံးနေလို့ အခုတော့ အိပ်နေတယ်၊ ကျွန်တော်တို့ မနက်ဖြန်ညနေလောက် ပြန်တက်ခဲ့မယ်၊ ဒေါ်လေး ကောင်လေးတွေကိုသာ ပြန်ခေါ်လိုက်ဖို့ လှမ်းဆက်တာ၊ ကျန်တာ မပူနဲ့ ဒေါ်လေး၊ ကျွန်တော် ပြန်မောင်းတက်လာခဲ့မယ်’

‘.....................’

‘ရတယ် ဒေါ်လေး၊ မလွှတ်နဲ့တော့၊ သူတို့ဟာသူတို့သာ ပြန်ခိုင်းလိုက်တော့၊ ကျွန်တော် မောင်းနေကျပဲ၊ ကိစ္စမရှိဘူး၊ သူတို့ပါရင်



www.burmeseclassic.com

www.burmeseclassic.com

ရှပ်နေဦးမယ်'

'......................'

'စိတ်မပူနဲ့ ဒေါ်လေး၊ အိန္ဒိုင် သေချာသိသွားပြီ၊ သူ ဒေါ်လေးတို့ လန့်နေတာပဲ ရှိတော့တယ်၊ ဒါ ဒါပေမဲ့ ပြဿနာ တစ်ခုတော့ ရှိတယ် ဒေါ်လေး'

'......................'

'မဟုတ်ဘူး ဒေါ်လေး၊ ရောက်မှ သေချာပြောပြမယ်၊ သူ ကောင်လေးတစ်ယောက် အိမ်မှာ လေးငါးခြောက်ရက် နေခဲ့တယ်'

'......................'

'အဲဒါကြောင့် ကျွန်တော်လည်း ပြဿနာလို့ ပြောတာ'

'......................'

'မသိဘူး၊ ဒါတော့ သူ့သေချာမေးကြည့်ရမှာပဲ ဒေါ်လေး၊ လောလောဆယ်တော့ ကျွန်တော်လည်း ဘာမှ မစဉ်းစားရသေးဘူး'

'......................'

'ဟုတ်တယ်၊ အမျိုးတွေက ရှိသေးတယ်၊ မတာတ်နိုင်ဘူး ဒေါ်လေး၊ ကျွန်တော်တို့ တိုင်ပင်ရမှာပဲ'

'......................'

'ကျွန်တော်လည်း တော်တော်တော့ ဆူထားပြီးပြီ၊ သူလည်း အခုမှ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်၊ ကောင်လေးကိုတော့ သံယောဇဉ် ဖြစ်နေပုံပဲ'

'......................'

'စုံစမ်းရမှာပေါ့ ဒေါ်လေး၊ မတတ်နိုင်ဘူးလေ၊ ဖြစ်လာပြီးပြီပဲဟာ'

'......................'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ... ဒေါ်လေး၊ ရတယ် ရတယ်၊ ရောက်မှ သေချာ ပြောကြတာပေါ့'



# (၂၈)

'ဟေ့ကောင် ... ငါကွ၊ ငါ မင်္ဂလာဒုံ ကျော်လာပြီ'

'......................'

'ဗျာ အဖေ မနေနဲ့၊ ကိုမြိုင်လှ ဆုံးသွားပြီဆို'

'......................'

'အေး ဟုတ်တယ်၊ ငါ သိသိချင်း ဆင်းလာတာ၊ မင်း အခု ဘယ်မှာလဲ၊ ဘယ်မှာပဲဖြစ်ဖြစ် ကိုမြိုင်လှအိမ် အခုသွားပြီး လိုတာ လုပ်ပေးလိုက်ဦး'

'......................'

'ငါနဲ့ ကိုမြိုင်လှ သိတာ မင်းမမွေးခင် ကတည်းကကွ၊ မင်းသာ မသိတာ ...ကွာ၊ လျှာရှည်မနေနဲ့၊ ငါ ခိုင်းတာလုပ်'

'......................'

'ဘယ်သူ မောင်းရမလဲကွ၊ ငါ့ကား ငါ မောင်းလာတာပေါ့၊ နေဦး ဟေ့ကောင်၊ မင်းနဲ့ ငါ ရှင်းစရာ ရှိသေးတယ်၊ မင်းကောင်မလေးရော'

'......................'

'ဘာပြောတယ်၊ ဆင်းသွားပြီ ဟုတ်လား၊ ဆင်းသွားရင် လိုက်ခေါ်ပေါ့ကွ၊ မင်း ဘာလုပ်လိုက်လို့ ဆင်းသွားတာလဲ'

'......................'

'ဟေ ... ဘယ်မှာနေမှန်း မသိတဲ့ မိန်းမကို မင်းယူတာလား



www.burmeseclassic.com

www.burmeseclassic.com



ယော့ကောင် မင်းဘာတွေ လျှောက်လုပ်နေတာတုံး ကျော်နေ'

'..................'

'နေဦး နေဦး ယော့ကောင် ... ငါ လာမှ မင်းနဲ့တွေ့မယ်၊ ဒါပဲ ဒါပဲ'



(၂၉)

'ဟဲ့ ... အေး ငါပါဟ အိန္ဒိုင်'

'................'

'မဟုတ်တော့ဘူးဟ၊ ငါ အိမ်ပြန်ရောက်သွားပြီ၊ တောင်ကြီးက ဆက်နေတာ'

'................'

'အေး အေး ... ဟုတ်တယ်၊ နေဦး ... နင့်ကို ငါ မေးမလို့၊ ဟိုတစ်ခါ ငါ ဆက်တဲ့ ဖုန်းနံပါတ် နင့်ဖုန်းထဲမှာ ရှိသေးလားလို့'

'................'

'ဒီလိုဟ၊ ငါ သူ့ကို ဆက်သွယ်မှဖြစ်မှာ၊ ငါတို့ ဒီမှာ ပြဿနာ ဖြစ်နေပြီဟ၊ အဲဒါ သူနဲ့ အဆက်အသွယ်ရမှ ဖြစ်မှာ၊ ဦးရီးတော်တွေက ဟုတ်ပါဘူး ... ငါ့ဦးလေးတွေ ဘကြီးတွေက ငါ့ကို တော်တော် စိတ်ဆိုး နေကြတာ'

'................'

'မဟုတ်ဘူးဟ၊ ဖြစ်တာက ငါ့အပြစ်ကြီးပဲ၊ ဟီ ဟီ ... ပထမ တစ်နေ့ ဒေါ်လေးက ငါ့ကို အိမ်ထောင်ပြုဖို့ ခေါ်ပြောတာ နင့်ကို ငါ ပြောပြတယ်လေ'

'................'

'အေး အေး ဟုတ်တယ်၊ နောက်နေ့ကျ ဒေါ်လေးနဲ့ ကိုလေး ထမင်းစားခန်းထဲမှာ စကားပြောနေကြတော့ ကိုကိုလေးကို အိမ်ထောင်ပြု



www.burmeseclassic.com

www.burmeseclassic.com



နို့ ပြောနေတာဟာ၊ အဲဒါ ကိုကိုက အိန္ဒိုင်ကို မေးကြည့်ပါဦးဆိုပြီး ပြောနေတာ ငါက ကြားတော့ ငါနဲ့ ကိုကိုနဲ့ ပေးစားမယ်ထင်ပြီး ငါ ပြေးလာတာ'

'.....................'

'မဟုတ်ဘူး၊ အဲဒါ ငါထင်နေတာ၊ ကိုကိုက ရည်းစားရှိနေတာ ငါ မသိဘူးဟ၊ ဒေါ်လေးနဲ့ ကိုကိုနဲ့ အဲဒါ ပြောနေတာ၊ တစ်မျိုးလုံးမှာ ငါက အရေးကြီးတယ်လေဟာ၊ နင် သိပါတယ်၊ ငါနဲ့ အဆင်မပြေရင် မဖြစ်ဘူးလေဟာ'

'.....................'

'မဟုတ်ဘူး၊ မဟုတ်ဘူး၊ အဲဒီ နှစ်ခုက သပ်သပ်ဟ၊ ဒေါ်လေးက ငါ့ကို အိမ်ထောင်ပြုဖို့ ပြောတာက အမျိုးသွေး ပြတ်သွားမှာစိုးလို့၊ ကိုကို့ကို ပြောတာက ကိုကို့ရည်းစားနဲ့ ငါနဲ့ ပေးတွေ့ဖို့၊ ကိုကို့ရည်းစားက ငါတို့ အမျိုးထဲကပဲ၊ ကိုကိုက ကိစ္စမရှိဘူး၊ ငါက ကိစ္စ ရှိနေတာ၊ အမျိုးထဲမှာ ငါနဲ့ ပေးစားစရာ လူမရှိဘူး'

'.....................'

'အေး အဲဒါလေ၊ ငါက ဘာမှန်းမသိဘဲ ထွက်ပြေးတော့ အားလုံး ဒုက္ခရောက်ပြီး အခိုင်းကောင်လေးတွေနဲ့ ကိုကိုပါ ငါ့ကို လိုက်ရှာရတာပေါ့၊ နင် သိသားပဲ'

'.....................'

'မဟုတ်ဘူးဟ၊ နင့်ဆီမှာ မိသွားရင် ကိစ္စမရှိဘူး၊ ငါက ကျွန်ပေါကြီးဆီမှာ ညအိပ်ညနေ သွားနေလိုက်တော့ အားလုံးရှုပ်ကုန်ရော၊ ငါတို့ အမျိုးစည်းကမ်းမှာ အိမ်ထောင်မပြုသေးသရွေ့ ယောကျ်ားလေးတစ်ယောက်နဲ့ နှစ်ယောက်ထဲ ညမအိပ်ရဘူးဟ၊ ဘယ်မှာ ဘယ်လိုဖြစ်ဖြစ် ဘာကြောင့် ဖြစ်ဖြစ် အဲလိုဖြစ်ခဲ့ရင် ယူရတယ်ဟဲ့'

'.....................'

'နင်ကလည်း ဘာမှ မဖြစ်ခဲ့ပါဘူးဆို'

'.....................'

'အာ ဒါကတော့ဟာ ...ဟီ ဟိ ... ဟာ ... ငါ မပြောချင်





ဘူးဟာ၊ ငါ့ကို သူ့ဖုန်းနံပါတ် ရှာပေး'

'.....................'

'ဘာဖြစ်တယ်၊ နင် ဟန်းဆက်လဲလိုက်ရတယ်၊ ဒုက္ခပါပဲဟာ၊ ဘယ်လိုလုပ်ရမလဲ'

'.....................'

'ဒုက္ခပါပဲဟာ၊ တွေ့မှဖြစ်မှာဟ'

'.....................'

'အိမ်က ငါ သိပ်မမှတ်မိဘူးဟ၊ ကိုကို လာခေါ်တော့ ငါက လမ်းမကြီးက ထွက်စောင့်နေတာ'

'.....................'

'မသိဘူးဟာ၊ ကိုကိုလည်း ကူပြီး လိုက်ရှာပေးနေတယ်'

'.....................'

'အေး အေး ...လုပ်ပေးပါဦးဟာ၊ ငါလည်း အားကိုးစရာ နင်ပဲရှိတာ'

'.....................'

'အေး အေး ကျေးဇူးပါဟာ'



www.burmeseclassic.com

www.burmeseclassic.com

# (၃၀)

'အေး ငါဟ၊ ကျော်နေ ... ကျော်နေ'

'................'

'အေး မဟုတ်ဘူး၊ ငါ မင်းအိမ်လာနေမလို့'

'................'

'ဘာမှ မဖြစ်ဘူး၊ အဘိုးကြီး ငါ့ကို နှင်ချလိုက်လို့ဟ၊ အဲဒီ ကောင်မလေး မတွေ့ရင် ပြန်မလာနဲ့တဲ့၊ ငါလည်း ရှာနေတာ သေတော့ မယ်၊ ငါက သူ့ထက်တောင် ပိုတွေ့ချင်သေးကွာ၊ အဲဒါ ပြောလို့လည်း မရဘူး'

'................'

'မရှိတော့ဘူး ဟေ့ကောင်ရေ ... ရန်ကုန်က အခန်းကို အသုဘ ပြီးကတည်းက သော့ခတ်ပြီး သော့သိမ်းသွားပြီဟ'

'................'

'အဲဒါ ပြောတာလေကွာ၊ အဲဒီ အဘိုးကြီးကို ငါက ပိုပြီးတော့ တောင် သူ့အိမ်သားတွေထက် မသေစေချင်သေးတယ်၊ ကောင်မလေးက အဲဒီ အဘိုးကြီးကို အကုန် ပြောပြသွားတာတဲ့ဟ၊ သူ့အိမ်သားတွေ ပြန် ပြောတာ၊ သူတို့ကလည်း မသိဘူးဟ သေချာ'

'..............'

'ငါလည်း ဘာလုပ်ရမှန်း မသိဘူး ဖြစ်နေတယ်၊ အဲဒါ မင်းဆီ လာခဲ့မလို့'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'.............'

'အေး အေး ... ပြီးရော လာမယ်လေ'

'.............'

'အေးပါဟ'





လောကဟာ
နောက်တတ်တဲ့ ကံကြမ္မာ လက်တွေနဲ့လား ...
တချို့လူတွေ ဆိုင်ရာ လားကြ
တချို့လူတွေ ထိုင်ရာ မှားကြ
တချို့လူတွေ ပိုင်ရာ သွားကြ
ဒုက္ခဆိုတာ
နဖူးမှာ ပါလာတဲ့ စာ ...
အဲဒါတောင်
ကိုယ့်ကိုကိုယ် မပိုင်ဘူး
စိတ်ကူးက အချိန်နဲ့ တူချင်မှတူ
I'll do what I have to တဲ့။



www.burmeseclassic.com

www.burmeseclassic.com

မြားနံ့ပါတ် ၉
(ကွာဝေးခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၃၁)

ငယ်ကျွန်ကြီးရေ။ သခင်မကို ကြည့်ပါဦး။ ကျွန်ပေါကြီးနှယ် ဝေသာလီကောက်တွဲဆိုင်မှာများ မူးရူးနေရှာလား။

မထင်မှတ်ခဲ့ပါ။

စားပွဲတင် ပြက္ခဒိန်လေး၏ နိုဝင်ဘာလကုန်၍ ဒီဇင်ဘာလ စာမျက်နှာဘက် လှန်လိုက်ရင်း အိနိုင် မျက်ရည်ဝဲမိလေသည်။ နှစ်ချီ ကြာခဲ့ပြီ ဖြစ်သော်လည်း သူ့ကို သတိရနေ၏။

ကျွန်ပေါကြီးရေ၊ ဘယ်များ ရောက်နေတုံးကွယ်။

အိမ်က လူတွေလည်း စိတ်ပျက်စပြုနေပြီ။ မြန်မာပြည်အနှံ့ လိုက်ရှာခိုင်းထားတဲ့ ကောင်လေးတွေလည်း စိတ်ဓါတ်ကျစ ပြုနေပြီ။ ဤ တစ်နှစ်အတွင်းမှာ အပြောင်းအလဲ များစွာ ဖြစ်ခဲ့ပြီ။ ကိုကို မင်္ဂလာ ဆောင်ပြီးပြီ။ ဒေါ်လေး ရုတ်တရက် ကွယ်လွန်သွားခဲ့သည်။ အခုတော့ ဤစံအိမ်ကြီးနှင့် ဤအမျိုးအဆွေများ အားလုံး၏ တာဝန်သည် သခင်မ လေး နန်းအိနိုင်စံ၏ တာဝန်။ ပိုင်ဆိုင်မှုအားလုံး အိနိုင် ဆက်ခံ။ လုပ်ငန်း အားလုံး အိနိုင် တာဝန်။ ဆွေတွေ မျိုးတွေ အားလုံး၏ ကိစ္စဝိစ္စများ အားလုံး အိနိုင် ကိစ္စ။ ဤအိမ်ကြီးတွင် နေရင်းထိုင်ရင်း အိနိုင် ထောင်ကျ သလို ဖြစ်ခဲ့ပြီ။ သူ့ကိုတော့ အိနိုင် တစ်နေ့မပြတ် သတိရခဲ့၏။ တကယ် တော့ အချစ်ဆိုတာကို အိနိုင် မပြောတတ်ပါ။ ကိုကို ဩစတြေးလျသို့ အပြီးအပိုင် ထွက်ခွာမသွားခင်ကတော့ အိနိုင်ကို စိုးရိမ်စွာ နှစ်သိမ့်ခဲ့၏။

'တစ်နေ့တော့ တွေ့မှာပါ ညီမလေးရယ်'

ရသစာအုပ်တိုက်

www.burmeseclassic.com



ဘယ်တော့လဲ။ ဘယ်နေ့လဲ ကိုကို။ တစ်မျိုးလုံးက သတ်မှတ်ထားတဲ့ စည်းကမ်းတစ်ခုကို ဖောက်ခဲ့ဖူးတဲ့ ကောင်မလေးတစ်ယောက်တ တစ်မျိုးလုံးကို စိတ်မလုံစွာ အုပ်ချုပ် ထိန်းသိမ်းနေရတဲ့ နေ့ရက်တွေ ဘယ်လောက်ကြာဦးမှာလဲ။ ဒီနေ့ ရုံးခန်းသွားဖို့ ရှိသည်။ ဘဏ်သွားဖို့ ရှိသည်။ ခြံထဲသွားဖို့ ရှိသည်။ အလုပ်တွေ အလုပ်တွေ …။

'မမလေး သတင်းစာ'

စည်းကမ်းအရ ဖိန့်ဖိန့်တုန်အောင် ကြောက်ရသော အိနိုင် မျက်နှာမကောင်းသဖြင့် အစေခံ ကောင်မလေးမှာ ကြောက်ကြောက်လန့်လန့်နှင့် သတင်းစာ လာပေးကာ ပြန်ပြေးသွား၏။ အိနိုင် သတင်းစာကို ဘာရယ်မဟုတ် လှန်လှောကြည့်နေမိ၏။ စာမျက်နှာများကို သေချာ မကြည့်မိ။ ကြော်ငြာများနှင့် တစ်ဖက်တစ်ချက် ရှိလေသော နောက်ဆုံး စာမျက်နှာအရောက်တွင် ဘာရယ်မဟုတ် နာရေးကြော်ငြာတွေ ဖတ်ကြည့်နေမိ၏။ အပေါ်ပိုင်းတွင် ဘာမှ မထူးခြား။ အလယ်ပိုင်းလောက် အရောက်။

ကိုကျော်နေမင်းဆောင်
(ကဗျာဆရာ မောင်ဆင်း)
အသက် …..

'အား …….'

ဘယ်အရာမှ အိနိုင် မမြင်တော့။ ရူးရူးရှရှ အော်ဟစ်လိုက်သံကြောင့် အစေခံကောင်မလေးများ အပြေးအလွှား ဝင်လာကြ၏။

'မမလေး … မမလေး'

'သခင်မလေး သခင်မလေး'

နောက်ဆုံး ကြားလိုက်ရသော အသံများ ကြားတွင် အိနိုင် မှောင်အတိကျကာ မေ့မြောသွားလေသည်။ နောက်ဆုံး သိခြင်းအတွက် လောကသည် ခါးလွန်းလှလေသည်။



ဘယ်နေရာတွေမှာ
အိုစုန်းလွှာ ပါးနေကြတာလဲ
တချို့လူတွေက
ဖျပ်ဖျပ်လူးအောင် ပူနေကြ
What the hell လို့ တလိုတ
တကယ်က
ဘဝက ခဏပါ
ကျရာနေကြရရဲ့
လုံခြုံမှုဆိုတာကလည်း …
ဟဲ ဟဲ …
ရယ်ပြတိုင်း စိတ်ချရလို့လားကွာ …။

အိမ်သူရွှေမ
(မှော်ဝင်နတ်နန်းကဗျာစုမှ)



www.burmeseclassic.com

www.burmeseclassic.com

# မြားနံ့ပါတ် ၁၀
# (ကာကွယ်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

# (၇၂)

'မဟုတ်သေးပါဘူးကွာ၊ ဒီကောင် ဆုံးသွားတာ သူ့မိသားစုအတွက် သက်တောင်သက်သာ သွားသေးတယ်'

'မဟုတ်ဘူးကွ၊ အဲဒီလိုလည်း ပြောလို့မရသေးဘူး၊ သူ့သက်တမ်းက ဒီလောက် မကဘူးလေကွာ'

'ဒါတော့ကွာ ...'

အသုဘသည် စည်ကားပါ၏။ လိုက်ပို့ကြသူများမှာ လူမျိုးလည်း စုံလေသည်။ နှမြောတသသူ။ လူမှုရေးအရ လိုက်ပို့သူ။ အဖော်လိုက်လာသူ။ မိသားစုဝင်များ။

'ကျေးဇူးပြုပြီး နည်းနည်းလောက် ဖယ်ပေးကြပါ ခင်ဗျာ၊ ကျွန်တော်တို့ သခင်မလေးက နောက်ဆုံး နှုတ်ဆက်ချင်လို့ပါ'

လူများ ရှဲသွား၏။ ရှမ်းသွေးစပ် လူငယ်လေး ရှစ်ယောက်မှ လမ်းတစ်ခု ထွင်ပေး၏။ လူအများကား သခင်မလေးကို စိတ်ဝင်တစား ကြည့်ကြ၏။ ဘာလဲ။ ဘယ်လို ပတ်သက်လဲ။

နီရဲနေသော မျက်ခွံများ။ နီရဲနေသော နှာခေါင်းလေး။ ငိုထား၍ မို့အစ်လွန်းနေသော မျက်လုံးများ။ နန်းသွေးဆန်ဆန် ချောလှသော မျက်နှာလေးနှင့် ကောင်မလေး တစ်ယောက်။

ဖြည်းညင်းသော ခြေလှမ်းများနှင့် ခေါင်းတင်ထားသော လှည်းနား လျှောက်လာနေသည်။ ကလေးမလေး နှစ်ယောက်မှ ဘယ်ညာတွဲ



www.burmeseclassic.com

www.burmeseclassic.com



လျှက်။ သခင်မလေးဆိုသော ကောင်မလေး ခေါင်းနား ရောက်လာကာ ငုံ့ကြည့်လေ၏။ အငိုမျက်လုံးများနှင့် …။

‘ဟယ် …’



စိတ်ချရလို့လား
ဘယ်အခါးမှ ပြန်မချိုဘူးဆိုတာ …
လာပါ …
ဒီမှာ ဝိုင်ချိုလို့ ခေါ်ကြပြီးသား
ခပ်ခါးခါး အရည်တွေ ရှိတယ်။

Cupid 13



www.burmeseclassic.com

www.burmeseclassic.com

# ဗြားနံပါတ် ၁၁
# (ကျယ်ပြန့်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

လောကသည် သိုးတစ်ကောင်၏ မွေးညင်းမျှမကသော ဒုက္ခနှင့် ပြည့်နှက်နေလေ၏။

ဂဏန်းသင်္ချာမတတ်သူ တစ်ဦးအတွက် တစ်နှင့်တစ် ပေါင်းလျှင် ဆယ့်တစ် (၁၁) ဖြစ်သည် ထင်၏။ တတ်သူတစ်ဦးအတွက်မူ (၂) သာ ဖြစ်ကြောင်း သိ၏။ ကွာခြားနေသော တန်ဖိုးတစ်ခုအတွက် လောကသည် ရယ်၍ နေလေသည်။

လူတစ်ဦးနှင့် တစ်ဦးအတွက် ဘဝသည် ခြားနားခြင်း မရှိ။ ခြားနားသည်ဟု အထင်ရှိနေခြင်းသာ ခြားနားခြင်း ဖြင်လေသည်။

အားရပါးရ လေကို ရှူရှိုက်ပါ။ လောကဣ ဘဝတစ်ခုမှ စွန့်ခဲ့ လျှင်တောင် အသက်ရှင် ရပ်တည်ခွင့်တော့ ရခဲ့ပါသေးသည်။

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ချစ်ပါ။ သန့်ရှင်းစွာ ချစ်ပါ။ ချစ်ခြင်းသက်သက်သာလျှင် လောက၌ တည်တံ့ခဲ့ခြင်း ဖြစ်သည်။

လောက၌ ဖြေရှင်း၍ မရသော ပြဿနာသည် မရှိ။



တော်ပါတော့
သောကဆိုတာ အပေါင်းအနှုတ် အကောင်းစားပါ
ထပ်ပေါင်းမလား
အနှုတ်တွေ အများကြီးက
မင်းကို လာ ထပ် ပေါင်းပြလိမ့်မယ်။

Cupid 13



www.burmeseclassic.com

www.burmeseclassic.com

မြားနံ့ပါတ် ၁၂
(ပျော်ရွှင်ခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အခါတပါး၌ လူငယ်တစ်ယောက်သည် တောင်ပေါ်မြို့ကြီး တစ်မြို့ပေါ်သို့ ရောက်၍ နေလေသည်။ သူသည် မော်တော်ဆိုင်ကယ်ဟု ခေါ်ကြသော စက်ဘီးကို စက်တပ်ထားသလိုလို ခပ်ဆင်ဆင် ရှိသည့် ယာဉ်တစ်စီးကို စီး၍လာလေသည်။ တစ်နေရာ အရောက်တွင် မော်တော်ဝီကယ်ဟု ခေါ်ကြသော ယာဉ်ထိန်းရဲမှ တားထားသဖြင့် လမ်းဆုံတစ်ခု တွင် ရပ်၍ နေရလေ၏။ ထိုစဉ် …

တစ်စုံတစ်ယောက်သည် သူ၏ မော်တော်ဆိုင်ကယ် နောက်ခုံ ပေါ်သို့ ခုန်တက်ထိုင်လာလေ၏။ လူငယ်မှာ လန့်ကာသွားစဉ် …

'မောင်းတော့လေ ကျွန်ပေါ်ကြီးရဲ့၊ ဘာ ငေးနေတာလဲ၊ မောင်း မောင်း မြန်မြန်မောင်း'

လူငယ်မှာ လွန်စွာ ဝမ်းသာသွားလေသည် ဖြစ်ရာ ဆိုင်ကယ်ကို တဟုန်ထိုး မောင်းထွက်သွားလေတော့၏။

'အဲဒီတုန်းက ငိုလိုက်ရတာ၊ အသူဘ သွားကြည့်တော့မှ …'

'သခင်မက အသက်ကိုမှ သေချာမကြည့်တာကိုး'

'မသိဘူး၊ နာမည်မြင်တာနဲ့ မေ့သွားတာ'

'ကျွန်ပေါ်ကြီးက ကျွန်ပေါ်ကြီးလေ … လွယ်လွယ်နဲ့ [illegible] မလား၊ သခင်မကို လိုက်ရှာနေတာ၊ မတွေ့မချင်း မသေဘူး၊ [illegible]'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'မြန်မြန်မောင်း …အိမ်ကလူတွေ လန့်ပြီး ကျန်ခဲ့ကြတာ၊ လိုက်လာကြလိမ့်မယ်'

'ကျွန်ပေါ်ကြီးရယ် … ငါ နင့်ကို ချစ်လိုက်တာ၊ တကယ်ပြောတာ၊ ငါ တစ်ခါမှ မဖြစ်ဖူးဘူး'

'အာ … သွားကွာ၊ လာ နောက်မနေနဲ့၊ နေဦး …အဲဒီစကားတွေ ဘယ်လိုကြားလဲ'

'ခါတ်ပစ္စည်းတွေလေ သခင်မရဲ့'

'ဝေသာလီကောက်တွဲကြီးရော'

'ချဲထိုးလို့ ဖမ်းသွားပြီ'

'ဟား ဟား'

ဆိုင်ကယ်လေးသည် အရှိန်နှင့် လွင့်၍ဝေး၍ သွားလေ၏။



BURMESE CLASSIC .com

အခါတပါးက
နတ်ပန်းများ ကမ္ဘာမှာ ပွင့်ဖူးတယ်တဲ့
ဆွဲဆွတ်ယူပန်ခဲ့ဖူးသူထဲမှာ
ကောင်မလေးတစ်ယောက်လည်း
ပါတယ် …
အဲဒါကို
ကြူးပစ်က သေချာမြင်ခဲ့တယ်။
မြားကျည်တောက် ဟောင်းလောင်းနဲ့တဲ့။

Cupid 13



www.burmeseclassic.com

www.burmeseclassic.com

မြားနံ့ပါတ် ၁၃
(ပြီးဆုံးခြင်း)

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတုန်းက …။

မြားနတ်မောင်ရဲ့ မြားအားလုံး အမှန်ခံရတဲ့ လူငယ်နှစ်ယောက် ရှိခဲ့ဖူးတယ်။ သူတို့က မြားနတ်မောင်ကို ဂရုမစိုက်ကြဘူး။ သူတို့က ကံကြမ္မာကိုလည်း ဂရုမစိုက်ကြဘူးတဲ့။ သူတို့ ယုံကြည်တာက နိုင်မာတဲ့ ချစ်ခြင်းမေတ္တာဆိုလား …။

ကျောက်မြောင်းတိုက်ခန်း တစ်ခုထဲတွင် ဖြစ်၏။ ကောင်မလေး တစ်ယောက်နှင့် ကောင်လေးတစ်ယောက်သည် နံရံတစ်ခု၌ ထူးထူးဆန်းဆန်း ကြေးဝါဆိုင်းဘုတ်ကြီးတစ်ခုကို ချိတ်ဆွဲ၍ နေကြလေ၏။ ဆိုင်းဘုတ်ကြီးပေါ် ရေးထားသော စာများမှာ …

'**I need** အိနိုင်

ကျော်နေ

ကျော့နော် ကျော်နေ

အိနိုင်' ဟူ၍ ဖြစ်လေသည်။

'ဒီဘက်ကို နည်းနည်း ရွှေ့လေ၊ ကျွန်ပေါ်ကြီးနှယ် … ဘာမှ အမြင်မရှိဘူး'

'သခင်မက ကွယ်ထားတာကိုး'

ရသစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'သခင်မကို အပြစ်မပြောနဲ့နော်၊ ဆေးလုံးတော်ကြီး မျိုချင်ပြန်ပြီလား'

'မ မလုပ်ပါနဲ့ သခင်မရယ်'

'ဒါဆို ကျွန်ပေါကြီးက သံကိုင် ... သခင်မက တူနဲ့ထုမယ်'

'အာ ... ချော်ထုမိရင် ကျွန်ပေါကြီး လက်မ သေရချည်ရဲ့၊ လက်မ မာလကာကုပ်ပြီး ပုတ်တော်မူမှာပေါ့'

'ဘာဖြစ်လဲ ဘာဖြစ်လဲ'

'ထုတော်မူပါဗျာ ထုတော်မူပါတော့'

'ကျွန်ပေါကြီးက သိပ်လိမ္မာတာပဲ'

'ညနေကျ ကြေးအိုးတော်ကြီး သုံးဆောင်ဦးမလား'

'ခစ် ခစ် ... ဒယ်အိုးတော်ကြီးနဲ့ ဖိုဆောင်တော်ထဲ ဝင်ရဦးမှာလား'

'ဖျားတော်မူရင် ပြောနော်၊ ဆရာဝန်တော်ကြီးကို ချက်တော်ထိုးပြီး ခေါ်ပေးမယ်'

'ကျွန်ပေါကြီးဟာလေ ... ခစ် ခစ်'

စိတ်ချမ်းသာကြပါစေ

အရိုး

ရသစာအုပ်တိုက်

BURMESE CLASSIC .com


Coming Soon

အရိုး

ဇီတာ

ZETA

ရသစာအုပ်တိုက်မှ
မြန့်ချိုညီ၊
ဖုန်း- ၀၉၅၄၀၉၃၂၂၊ ၀၉၄၉၂၂၀၉၅၉

လုံးချင်းဝတ္ထုသစ်


www.burmeseclassic.com